# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်　　၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်၊ သောကြာနေ့　　အတွဲ [၅၅]၊ အမှတ် [၁၃၅]


## မြန်မာနိုင်ငံနှင့် ပြည်သူများ၏ အောင်ပွဲ

ကျွန်တော်တို့ မြန်မာနိုင်ငံမှာတော့ အခက်အခဲအချို့နဲ့ စိန်ခေါ်မှုအချို့ရှိနေသေးပေမယ့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းတွေကို တည်ငြိမ်အေးချမ်းစွာနဲ့ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်နိုင်ခဲ့တာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒီအခြေအနေဟာ မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ရဲ့ အထူးခြားဆုံး အောင်မြင်မှုဖြစ်ပြီး နိုင်ငံတကာက စံနမူနာပြုလေ့လာရတဲ့ ဖြစ်စဉ်လည်း ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ ပြည်သူများရဲ့အောင်ပွဲလည်း ဖြစ်ပါတယ်။ (နိုင်ငံတော်သမ္မတ၏ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်တွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ပြောကြားသည့် မိန့်ခွန်းမှ)




# တစ်စိတ်တစ်ဝမ်းတည်း ညီညွတ်စည်းလုံးခဲ့ကြသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟူသော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခု ပေါ်ပေါက်လာခြင်းဖြစ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှပေးပို့သော (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသဝဏ်လွှာ

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကို မောင်နှမများ ခင်ဗျား –**

ယနေ့အချိန်အခါသည် ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အားလုံးအတွက် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော နေ့ထူးနေ့မြတ် ဖြစ်သည့် (၆၉) နှစ်မြောက် ပြည်ထောင်စုနေ့ အချိန်အခါဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ချစ်ခင်ရင်းနှီးစွာ အတူလက်တွဲနေထိုင်လျက်ရှိသော တိုင်းရင်းသားသွေးချင်းညီအစ်ကိုမောင်နှမများအားလုံး ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

> **တိုင်းရင်းသားအချင်းချင်း တစ်ဦး၏ ယဉ်ကျေးမှုဓလေ့ထုံးစံကို တစ်ဦးက အလေးဂရုပြုခြင်း၊ တစ်ဦး၏ သမိုင်းကြောင်း အစဉ်အလာတို့ကို တစ်ဦးက လေးစားခြင်း၊ တစ်ဦး၏ ဘာသာစကားနှင့်စာပေကို တစ်ဦးက အသိအမှတ်ပြု လက်ခံခြင်းဖြင့် အပြန်အလှန် ဆက်ဆံနေထိုင်**

ပြည်ထောင်စု မြန်မာနိုင်ငံ၏ သမိုင်းကြောင်းတစ်လျှောက်တွင် ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသော ပြည်ထောင်စုစိတ်ဓာတ်၊ ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်တို့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို ရပ်တည်ရှင်သန်နေစေခဲ့သည့် အခြေခံအုတ်မြစ်များပင် ဖြစ်ပါသည်။

ထိုသို့ ပြည်ထောင်စုဖွား တိုင်းရင်းသားတို့က တစ်စိတ်တစ်ဝမ်းတည်း ညီညီညွတ်ညွတ်စည်းစည်းလုံးလုံးရှိခဲ့ကြသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟူသော အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခု ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကို မောင်နှမများ ခင်ဗျား –**

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအတွင်းတွင် တိုင်းရင်းသားမျိုးနွယ်စုများအားလုံး အတူတကွ ပူးပေါင်းနေထိုင်လျက်ရှိကြပါသည်။ တိုင်းရင်းသားအချင်းချင်း တစ်ဦး၏ ယဉ်ကျေးမှုဓလေ့ထုံးစံကို တစ်ဦးက အလေးဂရုပြုခြင်း၊ တစ်ဦး၏ သမိုင်းကြောင်း အစဉ်အလာတို့ကို တစ်ဦးက လေးစားခြင်း၊ တစ်ဦး၏ ဘာသာစကားနှင့်စာပေကို တစ်ဦးက အသိအမှတ်ပြုလက်ခံခြင်းဖြင့် အပြန်အလှန်ဆက်ဆံနေထိုင်သွားကြမည်ဆိုလျှင် ချစ်ကြည်ရင်းနှီးမှု၊ နားလည်မှုများ ပိုမိုတိုးတက် ခိုင်မာလာမည်မှာ အမှန်ပင် ဖြစ်ပါသည်။

ထိုသို့ဆောင်ရွက်ခြင်းသည် ဒို့တာဝန်အရေးသုံးပါးတွင်ပါဝင်သည့် ပြည်ထောင်စုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတာဝန်ကို ဆောင်ရွက်ခြင်းဟု အလေးအနက်ခံယူထားရမည်ဖြစ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ ◆



# (၆၉) နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုပါ၏။

## တိုင်းရင်းသားအားလုံး၏ အမိမြန်မာနိုင်ငံတော်

ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသော တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်တို့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တည်းဟူသော အမိမြန်မာနိုင်ငံတော်၏ တစ်ခုတည်းသော အလံတော်အောက်တွင် ရှေးနှစ်ပေါင်းများစွာကတည်းက အေးအတူပူအမျှ ချစ်ကြည်ရင်းနှီးစွာ စုပေါင်း၍ ဉမကွဲသိုက်မပျက်နေထိုင်လာခဲ့ကြပေသည်။ တိုင်းရင်းသားအချင်းချင်း အရေးကြီးက သွေးနီးခဲ့ကြသည်။ ညီညွတ်မှုပေါင်းစည်းအားဖြင့် နယ်ချဲ့ကိုတွန်းလှန်ကာ မြန်မာ့လွတ်လပ်ရေးအောင်လံကို ခိုင်မာစွာလက်တွဲ၍ စိုက်ထူခဲ့ကြသည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့သည်ကား ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုများ၏ စည်းလုံးညီညွတ်မှုကို ကမ္ဘာအထိ ထုတ်ဖော်ပြသနိုင်ခဲ့သည့် မြန်မာ့သမိုင်းတစ်လျှောက် မှတ်ကျောက်တင်နိုင်ခဲ့သောနေ့ပင်ဖြစ်ပေသည်။ အင်္ဂလိပ်နယ်ချဲ့တို့က မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးသောအခါ တိုင်းရင်းသား အားလုံးက တောင်ပေါ်မြေပြန့်မခွဲခြားဘဲ တစ်လုံးတစ်စည်းတည်းသော ပြည်ထောင်စုကြီးအဖြစ် ထာဝရရပ်တည်လက်တွဲပြီး လွတ်လပ်ရေးကိုအရယူသွားရန် ရှမ်းပြည်နယ် တောင်ပိုင်း ပင်လုံမြို့၌ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်များက ပင်လုံစာချုပ်ရေးထိုးနိုင်ခဲ့သော နေ့ထူးနေ့မြတ် အခါသမယပင်ဖြစ်ပါသည်။ ဤပင်လုံမြေမှ ပေါက်ဖွားလာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုနိုင်ငံတော်ကြီးအဖြစ် ရပ်တည်လာခဲ့သည်မှာ ယခုနှစ်ဆိုလျှင် နှစ်ပေါင်း (၆၉)နှစ်ပင် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။ ထိုပြည်ထောင်စုနေ့အခါသမယသို့ရောက်တိုင်း တိုင်းရင်းသားညီအစ်ကိုအပေါင်းက မိမိတို့ အမိမြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်ကြာစွာ လက်တွဲရေးအောက်မေ့ကာ ခိုင်မြဲသောသစ္စာအဓိဋ္ဌာန်များ ပြုကြလေ့ရှိပါသည်။

ပြည်ထောင်စုကြီး၏ မည်သည့်အရပ်ဒေသတွင် နေထိုင်သည်ဖြစ်စေ မိမိနိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးတတ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွင်း ဉမကွဲသိုက်မပျက်နေထိုင်သွားလိုသော စိတ်ဓာတ်များသည် ပြည်ထောင်စုစိတ်ဓာတ်ပင် ဖြစ်ပါသည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသော တိုင်းရင်းသားများသည် ရေမြေသဘာဝအရ ဒေသမတူဘဲ ကွဲပြားစွာနေကြသော်လည်း တိုင်းပြည်နှင့် လူမျိုးကို ချစ်မြတ်နိုးတတ်ပြီး တစ်လုံးတစ်စည်းတည်း စုစည်း ညီညွတ်စွာနေထိုင်လိုသော ဆန္ဒသဘောမှာ အတူတူပင် ဖြစ်ပါသည်။ ဤမြေ၊ ဤရေ၊ ဤနိုင်ငံတော်ကြီးသည် ကျွန်ုပ်တို့တိုင်းရင်းသားအားလုံးက ပိုင်ဆိုင်သော နိုင်ငံတော်ကြီးဖြစ်ပါသည်။ မြန်မာတိုင်းရင်းသားအားလုံး၏ ပြည်ထောင်စု၊ မြန်မာနိုင်ငံသားအားလုံး၏ နိုင်ငံတော်၊ မြန်မာနိုင်ငံသားအားလုံး၏ အချုပ်အခြာအာဏာပိုင်နိုင်ငံတော်ကြီးဖြစ်ပါသည်။ ထိုနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့တည်ရှိဖြစ်ထွန်းပြီး တိုင်းရင်းသားအားလုံး တန်းတူအကျိုးခံစားကာ ရပ်တည်သွားနိုင်ရေး ထိန်းသိမ်းစောင့်ရှောက်သွားရမည့်တာဝန်မှာ မြန်မာနိုင်ငံတော်ကြီးအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားညီအစ်ကိုအပေါင်း၏ မွေးရာပါသမိုင်းပေး တာဝန်ကြီးပင်ဖြစ်ပါသည်။ သို့ဖြစ်၍ တိုင်းရင်းသားအားလုံး၏ အမိမြန်မာနိုင်ငံတော်ကြီး ဉမကွဲသိုက်မပျက် အဓွန့်ရှည်ကြာစွာ လက်တွဲလျက် ဆက်လက်ကြီးပွားတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ပေကြောင်း။ ။

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily
စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆



## ၂၀၁၆ ခုနှစ်၊ (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူရေး။

၂။ ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဉမကွဲသိုက်မပျက် အတူတကွ ပူးပေါင်းနေထိုင်ရေး။

၃။ ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ရေး။

၄။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး။

၅။ တိုင်းပြည်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

## ပြည်ထောင်စုနေ့ဂုဏ်ပြု ကျောက်ချောလမ်းသစ်ဖွင့်

**တာချီလိတ် ဖေဖော်ဝါရီ ၁၁**

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် တာချီလိတ်မြို့နယ်၌ မိုင်းကိုးကျေးရွာ အုပ်စုရှိဆီလီငေါက်-မောတွိ ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က အဆိုပါလမ်းသစ်မုခ်ဦးရှေ့၌ကျင်းပရာ ပြည်နယ်ရုံးခွဲဦးစီးမှူးနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါလမ်းသစ်မှာ အရှည် ငါးမိုင်ရှိပြီး မိုင်းကိုးကျေးရွာ အုပ်စုမှ ရှမ်း၊ အာခါ၊ လားဟူကျေးရွာနှင့် ၂၂ ရွာရှိ ဒေသခံတို့အတွက် သွားလာမှုလွယ်ကူတော့မည်ဖြစ်သည်။ **ဝေယံလင်း(ပြန်/ဆက်)**

## ပန်းတို့ဖူးပွင့် လှဂုဏ်ဝင့်စေ

* မြန်မာ့မြေမှာ၊ ရှည်ကြာနှစ်ပေါင်း
ကြာညောင်းလှစွာ၊ မြစ်ဧရာလျှင်
သွင်သွင်ရစ်ခွေ၊ စီးဆင်းနေသို့
မျိုးဆွေနောင်ရင်း၊ တို့သွေးချင်းတို့
မှီတင်းကာသာ၊ နှစ်များစွာပင်
နေလာခဲ့ကြပါလေ၏။

* တို့တိုင်းရင်းသား၊ ညီနောင်များသည်
ရိုးသားဖြောင့်မတ်၊ စိတ်ဓာတ်ဖြူစင်
ခင်မင်နှစ်လို၊ သဒ္ဓါပိုလျက်
ရေကိုသားသော်၊ အကြားမထင်
ပမာသွင်သို့
ချစ်ခင်စည်းလုံးကြပါ၏။

* တို့တိုင်းရင်းသား၊ ညီနောင်များသည်
ကျောက်သားပမာ၊ ခိုင်မာစိတ်ထား
စွမ်းအားသတ္တိ၊ အပြည့်ရှိ၍
အမိမြေအား၊ ထိပါးလာသူ
ရန်ဟူသမျှ၊ တွေ့ကဖယ်ခွင်း
နှတ်ပယ်ရှင်းခဲ့ကြပါ၏။

* တို့တိုင်းရင်းသား၊ ညီနောင်များသည်
ထင်ရှားပင်လုံ၊ အေးရိပ်မြုံမှာ
တွေ့ဆုံခဲ့ကြ၊ ညီညွတ်ကြလျက်
လက်ချင်းယှက်ကာ၊ ကြိုးပမ်းပါ၍
မြန်မာတို့မြေ၊ အလှဝေလျက်
တို့တွေလွတ်လပ်ခဲ့ပါ၏။

* ပင်လုံမြေမှ၊ မျိုးစေ့ချကာ
စိုက်ပျိုးလာသည့်၊ ညီညာစိတ်ဓာတ်
မြင့်မြတ်စိတ်ထား၊ မြင့်မားစွမ်းရည်
အရင်းတည်လျက်၊ တို့ပြည်ငြိမ်းချမ်း
ပန်းတို့ဖူးပွင့်၊ လှဂုဏ်ဝင့်အောင်
တို့ရွက်ဆောင်မည်
ပြည်ထောင်စုနေ့ သက်သေတကား။ ။

**ညွန့်လှိုင်ဝင်း(ကွမ်းခြံကုန်း)**

## ကျောက်ချောလမ်းသစ်ဖွင့်

**ပေါင် ဖေဖော်ဝါရီ ၁၁**

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် ပေါင်မြို့နယ်၌ အလုပ်-သပြေကုန်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက်က အဆိုပါလမ်းမုခ်ဦးရှေ့၌ ကျင်းပသည်။

လမ်းဖွင့်ပွဲတွင် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှမျိုးဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ယင်းကျေးရွာချင်းဆက် ကျောက်ချောလမ်းသည် အကျယ် ၁၀ ပေ၊ အရှည် နှစ်မိုင် စုစုပေါင်းငွေကျပ် ၁၅၈ ဒသမ ၀၆၂သန်းဖြင့် အကုန်ကျခံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## စာဖတ်ရှိန်မြှင့်တင်ရေး ဂုဏ်ပြုဆုချီးမြှင့်

**မူဆယ် ဖေဖော်ဝါရီ ၁၁**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျပန်းစကားပြောပြိုင်ပွဲနှင့်ပုံပြောပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲနှင့် အခြေခံစာသင်ကျောင်းများအတွက် ကျောင်းစာကြည့်တိုက်များသို့ စာအုပ်၊ စာစောင်များ လှူဒါန်းပေးအပ်ပွဲအခမ်းအနားကို မူဆယ်မြို့ရှိ ကုန်သည်ကြီးများအသင်းရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီလပထမပတ်က ကျင်းပရာ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုငါးဆု ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။ **အယ်လ်စိုး**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၁-၂-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၀၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၇၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၆၀/၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၆၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀/၅၂၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

မန္တလေး

| | |
|---|---|
| ဒီဇယ် | ၅၄၀/၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၀၀/၆၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၁၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၇၀/၆၂၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၀ |
| ဥရောပ | တစ်ယူရို | ၁၃၈၈·၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၄·၈၉ |
| ထိုင်း | တစ်ဘတ် | ၃၄·၈၇၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၈·၁၁၃ |
| တရုတ် | တစ်ယွမ် | ၁၈၇·၁၀ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈·၈၃ |

ခင်ရတနာ-စုစည်းသည်။

*✻ ရှေ့ဖုံးမှ*

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား-**

နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များကို တန်ဖိုးထားမြတ်နိုးတတ်သော၊ အကျင့်စာရိတ္တကောင်းမွန်သော လူမှုအဖွဲ့အစည်းများမှ ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ ထွက်ပေါ်လာရေးအတွက် ပြုစုပျိုးထောင်ပေးရမည်ဖြစ်သကဲ့သို့ တစ်ဖက်၌လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားညီအစ်ကိုမောင်နှမများက အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်နေကြပြီဖြစ်ပါသည်။

ယနေ့အချိန်အခါတွင် အမျိုးသားစည်းလုံးညီညွတ်မှုကို အခိုင်အမာတည်ဆောက်ရေးသည်လည်း အရေးကြီးလှသည့် နိုင်ငံ့တာဝန်ဖြစ်ပါသည်။ နိုင်ငံရေးအပြောင်းအလဲများမှတစ်ဆင့် ဒီမိုကရေစီစနစ်ရှင်သန်သော လူ့အဖွဲ့အစည်းတစ်ရပ်တည်ဆောက်နိုင်ရန်အတွက် အဆင့်ဆင့်သောဖြေလျှော့မှုများနှင့် လက်တွေ့ကျသောအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို အထူးအာရုံစိုက်လုပ်ဆောင်ခဲ့ပါသည်။

ထို့ကြောင့် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင်အစိုးရ၊ လွှတ်တော်၊ တပ်မတော်တို့မှ ခေါင်းဆောင်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(၈)ဖွဲ့မှ ခေါင်းဆောင်များသည် ငြိမ်းချမ်းမှုတည်ဆောက်ရေးမှာ သမိုင်းဝင်စေမည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြပြီဖြစ်ပါသည်။

သဘောတူညီချက်ပါ ကတိကဝတ်များအတိုင်း နိုင်ငံရေးဆွေးနွေးပွဲများစတင်ရန်အတွက် အခြေခံရမည့်နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ရေးဆွဲပြီးစီးခဲ့ပြီးဖြစ်ပါသည်။ ၎င်းမူဘောင်ကိုအခြေခံ၍ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ကျင်းပခဲ့ပါသည်။

သဘောတူညီချက်တွင် လက်မှတ်မရေးထိုးရသေးသော ကျန်ရှိနေသေးသည့်အဖွဲ့အစည်းများကိုလည်း ပါဝင်လက်မှတ်ရေးထိုးလာနိုင်အောင် လမ်းဖွင့်ထားပြီး ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိနေပါသည်။

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအသက်ဝင်လာစေရန် လက်ရှိနိုင်ငံရေးအခြေအနေများက ခွင့်ပြုသည့်အတိုင်း အဆင့်ဆင့် ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက်ကျင်းပခဲ့ပြီးဖြစ်သော အထွေထွေရွေးကောက်ပွဲမှာလည်း တိုင်းရင်းသားပြည်သူတို့၏ဆန္ဒကို လွတ်လပ်စွာ ဖော်ထုတ်ပြသနိုင်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား-**

ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်ရာမှာ တိုင်းရင်းသားပြည်သူများအားလုံး ဝိုင်းဝန်းပါဝင်ဆောင်ရွက်ရေးသည် အမိမြန်မာနိုင်ငံတော်အတွက် အရေးကြီးလှသည်ကို အားလုံးအသိပင်ဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုးစုအသီးသီးနေထိုင်ရာဒေသတွေမှာ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများရရှိစေရန် နိုင်ငံတော်က ဆက်လက်အကောင်အထည်ဖော်လျက်ရှိနေပါသည်။

ထို့ပြင် ငြိမ်းချမ်းရေးဖြစ်စဉ်ကို အခြေပြုသောအမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် မြန်မာ့လူမှုအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော အမျိုးသားကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စများကိုလည်း ပြုပြင်ပြောင်းလဲလျက်ရှိနေပြီဖြစ်ပါသည်။

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပခဲ့သည့် တရားမျှတလွတ်လပ်ပြီး စည်းကမ်းလိုက်နာသောရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းသည်လည်း တိုင်းရင်းသားလူမျိုးစုများဖြင့် တည်ထောင်ထားသော ပြည်ထောင်စုကြီး၏ညီညွတ်မျှတမှုကိုဖော်ဆောင်လိုက်ခြင်းပင်ဖြစ်ပါသည်။ ရွေးကောက်ပွဲရလဒ်များအပေါ် မူတည်ပြီး နောက်တက်လာမည့် အစိုးရအဖွဲ့အစည်းထံ နိုင်ငံ၏အနာဂတ်ကို သိမ်မွေ့ညင်သာစွာ လွှဲပြောင်းပေးနိုင်ရေးကိုလည်း စီစဉ်နေကြပြီဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား-**

နိုင်ငံတော်အစိုးရနှင့် လွှတ်တော်များ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးအင်အားစုများစသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးတို့သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သောဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ထွန်းရေးအတွက် မိမိတို့ကျရာကဏ္ဍအသီးသီးမှ ရှေ့ဆက်ပြီး ပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း မင်္ဂလာရှိသော ပြည်ထောင်စုနေ့အခါသမယတွင် လေးနက်စွာ တိုက်တွန်းအပ်ပါသည်။

## ဒုတိယသမ္မတ ဦးညာဏ်ထွန်း အမေရိကန်-အာဆီယံ အထူးထိပ်သီး အစည်းအဝေးတက်ရောက်ရန် အမေရိကန်သို့ သွားရောက်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် ဆန်နီလန်းတွင် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၆ ရက်အထိကျင်းပမည့် အမေရိကန်-အာဆီယံ အထူးထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကိုယ်စား ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် မကြာမီကာလအတွင်း အမေရိကန်ပြည်ထောင်စုသို့ သွားရောက်မည်ဖြစ်သည်။

**(သတင်းစဉ်)**

## သံအမတ်ကြီး ဦးမျိုးအေး ဆားဗီးယားသမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ဆားဗီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးအေးသည် ၎င်း၏သံအမတ်ခန့်အပ်လွှာကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် ဘဲလ်ဂရိတ်မြို့၌ ဆားဗီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ တော်မီစလပ် နီကိုလစ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးအောင်မျိုးမြင့်<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း<br>ပြန်ကြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာအေးမြင့်<br>ပါမောက္ခချုပ်<br>ရန်ကုန်နည်းပညာတက္ကသိုလ်<br>စက်မှုနည်းပညာမြှင့်တင်ရေးနှင့်<br>ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဇီဝနည်းပညာနှင့် ဒြပ်ပစ္စည်းသိပ္ပံသုတေသန<br>ဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးသန်းနိုင်ထွန်းအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် အမျိုးသားအဆင့် အကောင်အထည်ဖော်ရေး စည်းဝေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ဇီဝလက်နက် တားဆီးပိတ်ပင်ရေးစာချုပ် (Biological Weapons Convention - BWC) အမျိုးသားအဆင့် အကောင်အထည်ဖော်ရေးအဖွဲ့ ပထမအကြိမ်အစည်းအဝေးကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၀ နာရီတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဇီဝလက်နက်တားဆီးပိတ်ပင်ရေး အမျိုးသားအဆင့် အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကျော်မြတ် တက်ရောက်၍ အမှာစကားပြောကြားသည်။ **(ယာပုံ)**

ဒုတိယဝန်ကြီးက ပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် (Biological Weapons Convention-BWC)၏ ၁၇၁ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် အတည်ပြုပါဝင်ခဲ့ပြီးဖြစ်ကြောင်း၊ BWC စာချုပ်သည် United Nations Security Council Resolution(UNSCR), UN 1540 နှင့် ဆက်စပ်လျက်ရှိပြီး နိုင်ငံတိုင်းတွင် အလွန်အရေးကြီးပါကြောင်း။

မြန်မာနိုင်ငံ၏ ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် အမျိုးသားအဆင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့ (BWC National Authority) ကို ၂၀၁၅ ခုနှစ်တွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းခဲ့ပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ Focal Ministry အနေဖြင့် တာဝန်ယူဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ အဆိုပါအဖွဲ့အစည်းမှ လုပ်ငန်းတာဝန် (၁၂) ရပ်ကို ချမှတ်ထားပြီး လုပ်ငန်းတာဝန်အမှတ်စဉ် (၁၂) တွင် ဖော်ပြထားသည့် အချက်ဖြစ်သော လိုအပ်သောသတင်းအချက်အလက်များစုဆောင်းခြင်းနှင့် Confidence Building Measure(CBMs) နှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆောင်ရွက်ခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ CBMs သတင်းအချက်အလက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝိုင်းဝန်းဖြည့်စွက် ဆောင်ရွက်ပေးစေလိုပါကြောင်း၊ သို့မှသာ ကောင်းမွန်သော CBMs Report တစ်ခုကို ရရှိလာမည်ဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ယူဆောင်ရွက်ရသည့်လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။



ဆက်လက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်စွာစိုးက BWC စာချုပ်နှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသော သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက CBMs သတင်းအချက်အလက်များနှင့် စပ်လျဉ်း၍ ကောင်းမွန်သော သတင်းအချက်အလက်များကို ရရှိစေရေးအတွက် လုပ်ငန်းတာဝန်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# တောဆင်ရိုင်းတစ်ကောင် အိန္ဒိယနိုင်ငံအရှေ့ဘက်မြို့တစ်မြို့ကို ငါးနာရီကြာ ဝင်ရောက်သောင်းကျန်း

**ကိုလ်ကာတာ ဖေဖော်ဝါရီ ၁၁**

တောဆင်ရိုင်းတစ်ကောင် ဖေဖော်ဝါရီ ၁၀ ရက်က အိန္ဒိယနိုင်ငံအရှေ့ဘက် မြို့တစ်မြို့ကို ဝင်ရောက်သောင်းကျန်းခဲ့ရာ ဈေးဆိုင်များ၊ အိမ်များနှင့် အခြားအဆောက်အအုံများ စုစုပေါင်း အလုံး ၁၀၀ ခန့် ပျက်စီးသွားခဲ့ကြောင်း ပြည်နယ်ဝန်ကြီးက ပြောကြားသည်။

ကိုလ်ကာတာမြောက်ဘက် ၅၇၇ ကီလိုမီတာ (၃၅၈မိုင်) ကွာဝေးသော ဆီလီဂူရီမြို့ကို အဆိုပါဆင်က ဝင်ရောက်သောင်းကျန်းခဲ့ရာ အိုးအိမ်အဆောက်အအုံများ ပျက်စီးပြီး လူများလည်း ခြေဦးတည့်ရာထွက်ပြေးခဲ့ရကြောင်းသိရသည်။ ဆီလီဂူရီမြို့အနီးတောထဲရှိ အဖော်ဆင်အုပ်များနှင့်ကွဲ၍ လမ်းကြောင်းမှားလာသောဆင်ရိုင်းသည် ယင်းမြို့ထဲတွင် ငါးနာရီကြာဝင်ရောက်သောင်းကျန်းမှုများပြုလုပ်သွားကြောင်းသိရသည်။ ၎င်းဝင်ရောက်ရာ လမ်းတစ်လျှောက်ရှိ အဆောက်အအုံများ၊ ယာဉ်များကို နင်းချေဖျက်ဆီးသွားကြောင်း အနောက်ဘင်္ဂလားပြည်နယ် သစ်တောရေးရာဝန်ကြီး ဘီနေကရစ်ရှ်နာဘားမန်းက ပြောကြားသည်။

သစ်တောဌာနတာဝန်ရှိသူများက ဆင်ရိုင်းကို ထိန်းချုပ်မှုမပြုမီ လူများက ၎င်းကို ခဲများဖြင့်ပေါက်၍ မောင်းနှင်ထုတ်မှုများပြုလုပ်ခဲ့သည်။ ၎င်းဆင်ရိုင်းကို ဆီလီဂူရီမြို့အနီး ဆုခ်နားတောအုပ်ထဲသို့ ပြန်လည်ပို့ဆောင်ရန် သစ်တောတာဝန်ရှိသူများက စီစဉ်လျက်ရှိသည်။ တောရိုင်းတိရစ္ဆာန် ကျွမ်းကျင်သူများက အိန္ဒိယကျေးလက်ဒေသများတွင် ဆင်စားကျက်များ ပျက်စီးလာခြင်းသည် လူသားနှင့် ၎င်းတို့ကြား ထိပ်တိုက်ရင်ဆိုင်မှုများ ပိုမိုများပြားလာသည့် အကြောင်းရင်းများဖြစ်ကြောင်း ပြောကြားသည်။

**(ဆင်ဟွာ)**



တောဆင်ရိုင်းတစ်ကောင် ဆီလီဂူရီမြို့လမ်းတစ်ခုပေါ်တွင် မြင်မြင်သမျှယာဉ်များကို နင်းချေဖျက်ဆီးနေစဉ်။

# ဒုံးပျံပစ်လွှတ်မှုအတွက် ကုလသမဂ္ဂ၏အရေးယူမှုကို လိုက်နာရန်အာဆီယံတိုက်တွန်း

**ဂျကာတာ ဖေဖော်ဝါရီ ၁၁**

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် အာကာသထဲသို့ ဒုံးပျံပစ်လွှတ်ခဲ့မှုအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အဆုံးအဖြတ်အတိုင်း လိုက်နာရန် အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) က အလေးအနက် မေတ္တာရပ်ခံခဲ့သည်။

အာဆီယံအဖွဲ့သည် ကိုရီးယားကျွန်းဆွယ်တွင် ဖြစ်ပွားနေသည့်ကိစ္စရပ်များကို စိတ်ဝင်တစားစောင့်ကြည့်လျက်ရှိနေပြီး မကြာသေးမီကာလအတွင်းက အဆိုပါကျွန်းဆွယ်ဒေသရှိ ဖြစ်ပေါ်တိုးတက်မှုများကို နိုင်ငံတကာအဖွဲ့အစည်းများနည်းတူ စိုးရိမ်ပူပန်လျက်ရှိသည်ဟု ဖေဖော်ဝါရီ ၁၀ ရက်က နိုင်ငံတကာ အဖွဲ့အစည်းများ၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြတားသည်။ ဖော်ပြချက်၌ လုံခြုံရေးကောင်စီ၏ အရေးယူဆောင်ရွက်မှုများကို မြောက်ကိုရီးယားနိုင်ငံက လိုက်နာရန် အာဆီယံအဖွဲ့က အလေးအနက် တိုက်တွန်းသည်ဟူ၍ ပါရှိသည်။

အာဆီယံအနေဖြင့် ခြောက်နိုင်ငံဆွေးနွေးပွဲ ပြန်လည်စတင်နိုင်ခြင်းနှင့် ကိုရီးယားကျွန်းဆွယ်တွင် နျူကလီးယားလက်နက် ဖယ်ရှားနိုင်ရေးဆောင်ရွက်ရန် အားပေးထောက်ခံမှုများ အခိုင်အမာပြုလုပ်လာခဲ့သည်ဟု ဖော်ပြခဲ့သည်။

ခြောက်နိုင်ငံဆွေးနွေးပွဲကို ၂၀၀၃ ခုနှစ်က တစ်ကြိမ်ပြုလုပ်ခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ရပ်နားခဲ့သည်။ ၂၀၀၉ ခုနှစ် ဧပြီလတွင် တရုတ်၊ မြောက်ကိုရီးယား၊ တောင်ကိုရီးယား၊ အမေရိကန်၊ ရုရှားနှင့် ဂျပန်တို့ပါဝင်သော ခြောက်နိုင်ငံဆွေးနွေးပွဲမှ မြောက်ကိုရီးယား နုတ်ထွက်သွားခဲ့သည်။ **(ဆင်ဟွာ)**

# အမေရိကန်နှင့်ထိုင်း Cobra Gold ပူးပေါင်းစစ်ရေးလေ့ကျင့်မှု စတင်



Cobra Gold စစ်ဆင်ရေး စတင်သည့်အခမ်းအနားတွင် ခုနစ်နိုင်ငံအလံများကိုင်ဆောင်၍ စစ်ရေးပြနေစဉ်။

**ဗန်ကောက် ဖေဖော်ဝါရီ ၁၁**

(၃၅)ကြိမ်မြောက် Cobra Gold ပူးပေါင်းစစ်ရေး လေ့ကျင့်မှု စတင်သည့်အခမ်းအနားကို ချောင်ဘူရီပြည်နယ် ဆက်တာဟစ်ခရိုင်ရှိ တော်ဝင် ထိုင်းရေတပ်စခန်းတွင် ဖေဖော်ဝါရီ ၉ ရက် နံနက်ကကျင်းပသည်။ ပူးတွဲစစ်ရေးလေ့ကျင့်မှု စတင်ချိန်သည် ထိုင်းနိုင်ငံတွင် ရွေးကောက်ခံအစိုးရ တင်မြောက်ရေးအတွက် အမေရိကန်သံအမတ်ကြီး ဂလင်းဒါဗီက တိုက်တွန်းထားချိန်လည်း ဖြစ်သည်။

စစ်ရေး လေ့ကျင့်မှုအတွင်း တိုက်ရိုက်ပါဝင်ခြင်း သို့မဟုတ် လေ့လာသူအဖြစ်၊ ပါဝင်ခြင်းအဖြစ် နိုင်ငံပေါင်း ၂၇ နိုင်ငံ ပူးတွဲလေ့ကျင့်ခြင်းဖြစ်သည်။ ယင်းစစ်ရေးလေ့ကျင့်မှုအတွင်း တင်းပြည့်ပါဝင်သည့် နိုင်ငံခုနစ်ခုမှ တပ်အင်အား ၈၅၆၄ ဦး ပါဝင်ဆင်နွှဲခြင်းဖြစ်သည်။

တင်းပြည့်ပါဝင်သည့် နိုင်ငံများမှာ အင်ဒိုနီးရှား၊ ဂျပန်၊ မလေးရှား၊ စင်ကာပူ၊ တောင်ကိုရီးယား၊ ထိုင်းနှင့် အမေရိကန်တို့ဖြစ်ကြသည်။

နိုင်ငံစုံအစီအစဉ်တွင် ပါဝင်သည့် အခြားကိုးနိုင်ငံမှာ ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ကနေဒါ၊ ပြင်သစ်၊ အင်္ဂလန်၊ အီတလီ၊ မွန်ဂိုလီးယား၊ နီပေါနှင့် ဖိလစ်ပိုင်နိုင်ငံတို့ဖြစ်သည်။ တရုတ်နှင့်အိန္ဒိယတို့က လူသားချင်းစာနာထောက်ထားရေးကူညီ စွမ်းဆောင်မှုအစီအစဉ်များတွင် ပါဝင်ခဲ့သည်။

အဆိုပါ ပူးပေါင်းစစ်ရေးလေ့ကျင့်မှု စတင်သည့်အခမ်းအနားတွင် ထိုင်းစစ်ဦးစီးချုပ် ဆွမ်မိုင်းကော့တီရာနှင့်အတူ အမေရိကန်သံအမတ်ကြီး ဒါဗီတက်ရောက်ပြီး Cobra Gold စစ်ရေးလေ့ကျင့်မှုက အရှေ့တောင်အာရှတွင် အကြီးဆုံး နိုင်ငံပေါင်းစုံ စစ်ရေးလေ့ကျင့်မှုဖြစ်ပြီး ၃၅ နှစ်ကြာ ထိုင်းနှင့် အမေရိကန်တို့က ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပခြင်းဖြစ်သည်။**(ဗန်ကောက်ပို့စ်)**

# မြောက်ကိုရီးယားကို အမေရိကန် ဒဏ်ခတ်ပိတ်ဆို့ရန် ကန့်ကွက်မဲမရှိဆုံးဖြတ်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၁**

မြောက်ကိုရီးယားနိုင်ငံ၏ နောက်ဆုံးနျူကလီးယားစမ်းသပ်ခြင်းကို တင်းတင်းကျပ်ကျပ် ပိတ်ဆို့အရေးယူမှုများပြုလုပ်ရန် အမေရိကန်အထက်လွှတ်တော်က တညီတညွတ်တည်း ထောက်ခံဆုံးဖြတ်ခဲ့ကြသည်။

မြောက်ကိုရီးယားကို ပိတ်ဆို့အရေးယူရန် ဥပဒေကြမ်းကို အမေရိကန်အထက်လွှတ်တော်က ကန့်ကွက်မဲ လုံးဝမရှိဘဲ ဖေဖော်ဝါရီ ၁၀ ရက်က အတည်ပြုခဲ့သည်။ အမေရိကန်အစိုးရက မြောက်ကိုရီးယားနှင့် ပါဝင်ပတ်သက်နေသူများကိုလည်းကောင်း၊ ကုမ္ပဏီအစုအဖွဲ့အနေဖြင့်သော်လည်းကောင်း ပြင်းထန်စွာ ပိတ်ဆို့အရေးယူမှုများပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် အမေရိကန်သို့ ဝင်ရောက်ခြင်းကိုလည်း တားမြစ်သွားမည်ဖြစ်သလို အခြားပိတ်ဆို့အရေးယူမှုများကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ကလည်း မြောက်ကိုရီးယားနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများပြုလုပ်ရန် ဆုံးဖြတ်ခဲ့ကြောင်းသိရသည်။ **(အင်န်အိတ်ချ်ကေ)**

# အဘူဒါဘီ အိမ်ရှေ့စံမင်းသား အိန္ဒိယသို့ သုံးရက်ကြာခရီးရောက်ရှိ

**နယူးဒေလီ ဖေဖော်ဝါရီ ၁၁**

အဘူဒါဘီ အိမ်ရှေ့စံမင်းသားနှင့် ယူအေအီးတပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီး ရှိတ်မိုဟာမက်ဘင်ဇရက်အယ်နာရန်သည် အိန္ဒိယနိုင်ငံသို့ သုံးရက်ကြာခရီးရောက်ရှိခဲ့သည်။

စီးပွားရေးကိုယ်စားလှယ် ၁၀၀ ပါဝင်သောအဖွဲ့ကို ဦးဆောင်၍ ရောက်ရှိလာသော အဆိုပါမင်းသားကို ဗုဒ္ဓဟူးနေ့ညနေပိုင်းက ဒေလီလေဆိပ်တွင် အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီက ကြိုဆိုခဲ့သည်။

“ရှိတ်မိုဟာမက်ဟာ အမြော်အမြင်ရှိတဲ့ခေါင်းဆောင်တစ်ဦးပါ။ အခုလာရောက်လည်ပတ်မှုဟာ အိန္ဒိယနဲ့ ယူအေအီးကြားရင်းနှီးချစ်ကြည်မှု အရှိန်အဟုန်မြှင့်တင်မှုကို ဖြစ်စေပါတယ်”ဟု မိုဒီက ၎င်း၏တွစ်တာစာမျက်နှာတွင် ဖော်ပြခဲ့သည်။

မြို့တော် နယူးဒေလီခရီးစဉ်အတွင်း နှစ်နိုင်ငံကြား သဘောတူညီချက် ၁၆ ချက်ကို လက်မှတ်ရေးထိုးသွားဖွယ်ရှိသည်ဟု သိရသည်။

အဆိုပါ ပဋိညာဉ်ကတိစာချုပ်တွင် အိန္ဒိယ၌ ကာကွယ်ရေးအသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်ရေး၊ လုံခြုံရေး၊ နျူကလီးယားနှင့် အာကာသ ကဏ္ဍပူးပေါင်းဆောင်ရွက်ရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စသည့် အကြောင်းအရာတို့ပါဝင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။

ယူအေအီးသည် အိန္ဒိယ၏ တတိယအကြီးမားဆုံးကုန်သွယ်ဘက်လည်းဖြစ်သည်။ ပြီးခဲ့သောနှစ် ဩဂုတ်လက ယူအေအီးနိုင်ငံသို့ သွားရောက်ခဲ့သော မိုဒီ၏ခရီးစဉ်အတွင်း လာမည့်ငါးနှစ်တာကာလအတွက် လက်ရှိကုန်သွယ်ရေးကို ၆၀ ရာခိုင်နှုန်းအထိ တိုးမြှင့်သွားရန် နှစ်နိုင်ငံမှ ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ **(ဆင်ဟွာ)**

# အိန္ဒိယတောင်ပိုင်း၌ ကျားသစ်များလွတ်မြောက်၍ ကျောင်းပေါင်း ၁၃၀ ကျော် ပိတ်ထားခဲ့ရ

**နယူးဒေလီ ဖေဖော်ဝါရီ ၁၁**

အိန္ဒိယနိုင်ငံတောင်ပိုင်း ကာနာတာပြည်နယ်၏ မြို့တော် ဘင်ကာလူရူ၌ လွန်ခဲ့သောသုံးရက်က ကျောင်းတစ်ကျောင်းအတွင်း လှောင်အိမ်မှလွတ်မြောက်လာသော ကျားသစ်သုံးကောင် ဝင်ရောက်ခဲ့ပြီးနောက် ကြာသပတေးနေ့တွင် ကျောင်းပေါင်း ၁၃၀ ကျော် ပိတ်ထားရကြောင်း တာဝန်ရှိသူများက ပြောသည်။

ကျားသစ်အထီးတစ်ကောင်သည် တနင်္လာနေ့က ဗစ်ဂေါကျောင်းအတွင်း ဝင်ရောက်စဉ် အခြားကျားသစ်နှစ်ကောင်သည် ယင်းကျောင်းအနီး၌ အင်္ဂါနေ့ကတွေ့ရကြောင်း၊ ကျားသစ်အထီးကို ပြည်နယ်သစ်တောဦးစီးဌာနက ဖမ်းမိထားသော်လည်း အခြားနှစ်ကောင်မှာ လွတ်မြောက်နေဆဲဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။ “ဒီကျားသစ်အထီးက သစ်တောနဲ့ဆက်စပ်နေတဲ့ ကျောင်းခြံစည်းရိုးကို ခုန်ကျော်ဝင်ရောက်ခဲ့တာပါ”ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

အဆိုပါမြို့၌ ကျားသစ်အန္တရာယ် တပ်လှန့်သတိပေးထားရပြီး ကျောင်းပေါင်း ၁၃၄ ကျောင်းကိုလည်း ပိတ်ထားရသည်ဟု ဆိုသည်။ အိန္ဒိယနိုင်ငံ၌ ကျားသစ်ကောင်ရေ ၁၄၀၀၀ ရှိရာ ယင်းတို့နှင့် သဘာဝကိုက်ညီသောနေရာများ၌ ပေါက်ဖွားမှုများ တိုးပွားလျက်ရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**

# တိုးတက်ပြောင်းလဲလာသောခေတ်စနစ်နှင့်အညီ အခွန်စနစ်များ ပြုပြင်ပြောင်းလဲဆောင်ရွက်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနမှ တိုင်းဒေသကြီး ပြည်နယ်အခွန်ဦးစီးဌာနမှူးများအား တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကောက်ခံရမည့် အခွန်အကောက်လျာထားချက်များကို ပြည့်မီကျော်လွန်အောင် ကောက်ခံရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ အခွန်ထမ်းပြည်သူများအား မှန်ကန်မြန်ဆန်စွာဖြင့် ဝန်ဆောင်မှုပေးနိုင်စေရန်နှင့် တိုးတက်ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ အခွန်စနစ်များပြုပြင်ပြောင်းလဲဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မကြာသေးမီက ပြင်ဆင်ပြဋ္ဌာန်းခဲ့သည့် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ၊ အထူးကုန်စည်ခွန်ဥပဒေပြဋ္ဌာန်းချက်ပါ အခွန်ဆိုင်ရာကိစ္စရပ်များကို အများပြည်သူများကြိုတင်သိရှိလိုက်နာနိုင်ရေးအတွက် တိုင်းဒေသကြီး ပြည်နယ်အခွန်ဦးစီးဌာနမှူးများအနေဖြင့် အခွန်ဆိုင်ရာရှင်းလင်းအသိပေးခြင်းများ ပြုလုပ်သွားကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ ရသင့်ရထိုက်သောအခွန်များ အပြည့်အဝကောက်ခံရရှိရေး ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများကို ပြီးမြောက်အောင်မြင်စေရေး မဆုတ်မနစ်သောဇွဲလုံ့လဖြင့် ဆက်လက်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ အခွန်ဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရာ၌ မှန်မှန်ကန်ကန် ရဲရဲရင့်ရင့်ဆောင်ရွက်သွားရန်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ ပြုပြင်ပြောင်းလဲမှုများအနေဖြင့် တိုးတက်လာမှုရှိကြောင်း၊ တစ်ကြိမ်တည်း ပြုပြင်ပြောင်းလဲ၍ မရသော်လည်း တိုးတက်မှုရှိအောင် Time Frame များ ချမှတ်၍ ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း စသည်ဖြင့် မှာကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးများက အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲတာဝန်ခံညွှန်ကြားရေးမှူးများနှင့် တိုင်းဒေသကြီး ပြည်နယ်အခွန်ဦးစီးဌာနမှူးများက အခွန်ကောက်ခံမှုဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းစီမံပေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာ လင်းအောင်နှင့် ဒေါက်တာမောင်မောင်သိမ်း၊ ပြည်တွင်းအခွန်များ၊ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲညွှန်ကြားရေးမှူးများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အခွန်ဦးစီးဌာနမှူးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဂျပန်နိုင်ငံလေ့လာရေးအဖွဲ့ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးသို့ လာရောက်လေ့လာ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

မြန်မာနိုင်ငံတွင် ဥပဒေရေးရာ၊ တရားစီရင်ရေးရာနှင့် ဆက်စပ်ကဏ္ဍများအတွက် လူသားအရင်းအမြစ်ဆိုင်ရာ စွမ်းရည်များတိုးတက်ဖွံ့ဖြိုးရန်နှင့် လိုအပ်သည့်ဥပဒေများရေးဆွဲအကောင်အထည်ဖော်ရန် မြန်မာ-ဂျပန်ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ဂျပန်နိုင်ငံ Japan Federation of Bar Associations (JFBA) Committee on Intellectual Property Rights and the IP Lawyers Network မှ အဖွဲ့ဝင် ၂၁ ဦးပါဝင်သော လေ့လာရေးအဖွဲ့သည် ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၀ နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏အမှုကြားနာ စစ်ဆေးမှုများကို လာရောက်လေ့လာကြည့်ရှုသည်။ **(အပေါ်ပုံ)**



ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်နန်းစန္ဒာစမ်းက ဂျပန်နိုင်ငံလေ့လာရေးအဖွဲ့အား နှုတ်ခွန်းဆက် စကားပြောကြားပြီး ခရိုင်တရားသူကြီး ဦးထိန်မင်းက ခရိုင်တရားရုံး၏ အမှုကြားနာစစ်ဆေးမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့က အမှုကြားနာစစ်ဆေးပုံများကို တရားရုံးအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

# ကလေးများနေ့အား ဂုဏ်ပြုသောအားဖြင့် မူလတန်းကြိုကျောင်းမှကလေးများ လေ့လာရေးခရီးပို့ဆောင်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ဖေဖော်ဝါရီ ၁၃ ရက်တွင်ကျရောက်မည့်ကလေးများနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးလက်အောက်ရှိ တောင်ဒဂုံမြို့နယ် မူလတန်းကြိုကျောင်းမှ ရင်သွေးငယ်ကလေးများမှာ ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းမှ ညနေပိုင်းအထိ ဆရာဆရာများနှင့်အတူ သာကေတမြို့နယ်ရှိ တိုင်းရင်းသားကျေးရွာသို့ လေ့လာရေးခရီးသွားရောက်ခဲ့ကြကြောင်း သိရသည်။

ထိုကဲ့သို့ မူလတန်းကြိုကျောင်းမှ ရင်သွေးငယ်ကလေးများအား လေ့လာရေးခရီးထွက်စေခြင်း၏ရည်ရွယ်ချက်မှာ ကလေးများပြင်ပဒေသဗဟုသုတများ တိုးပွားစေရန်အတွက်လည်းကောင်း၊ ရွယ်တူအုပ်စုအချင်းချင်း ပေါင်းသင်းဆက်ဆံရေးကောင်းမွန်စေရန်အတွက်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် ထိတွေ့ပြီး ဇီဇဝါသနာများစိတ်ဝင်တစားသိလိုစိတ်များ ဖွံ့ဖြိုးလာစေရန်အတွက်လည်းကောင်း လေ့လာရေးခရီးကို ပို့ဆောင်ပေးခြင်းဖြစ်ကြောင်း ကျောင်းအုပ်ဆရာမကြီးထံမှ သိရသည်။

**စိုးဝင်း(SP)**

# ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်

**ကျောက်ဖြူ ဖေဖော်ဝါရီ ၁၁**

(၆၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် သန်း ၂၀၀ ဖြင့် လမ်းအရှည် (၂/၂. ၅)မိုင်၊ အကျယ် ၁၂ ပေနှင့်ထုကိုးလက်မရှိ လမ်းဆုံ-သိုင်းချောင်း-ဆင်ဘုတ် ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ကို ဖေဖော်ဝါရီ ၁၀ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးစိုးသိန်း၊ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူး ဦးဦးစောထွန်း၊ မြို့နယ်အထောက်အကူပြုကော်မတီအတွင်းရေးမှူးနှင့် သိုင်းချောင်းကျေးရွာ အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ခဲ့ကြသည်။

**(မြန်မာ့အလင်း)**

# တာမွေမြို့နယ်၌ ကလေးများနေ့အထိမ်းအမှတ်အကြို ပျော်ပွဲရွှင်ပွဲ ကျင်းပ

**သတင်း - မင်းခေတ် (မြန်မာ့အလင်း)**
**ဓာတ်ပုံ - မိုးမခ**

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်း ဦးစီးဌာနအောက်ရှိ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မလွှကုန်းငွေးကြွယ်ရပ်ကွက်ရှိ မူလတန်းကြိုကျောင်း အမှတ်(၅)၌ ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်မည့်ကလေးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပျော်ပွဲရွှင်ပွဲအခမ်းအနားကို ဆရာမများနှင့် မိဘဆရာအသင်းမှ မိဘများပူးပေါင်း၍ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ယနေ့ကျင်းပသည့် ကလေးများနေ့အကြို ပျော်ပွဲရွှင်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မူလတန်းကြိုကျောင်းများ၌ တစ်ပြိုင်နက်တည်းကျင်းပရာ ကလေးများအချင်းချင်းချစ်ခင်ရင်းနှီးမှု တိုးပွားစေရန် လက်ဆောင်ပစ္စည်းများလဲလှယ်ခြင်း၊ ကလေးသီချင်းများဖြင့် ပျော်ရွှင်စွာ ကပြခြင်း၊ ကျောင်းဝင်းကစားကွင်းနေရာများ၌ ကလေးများ လွတ်လပ်ပျော်ရွှင်စွာ ကစားကြခြင်း၊ ဆရာမများက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်း စသည့် ပျော်ပွဲရွှင်ပွဲအခမ်းအနားများ ပြုလုပ်ပြီး ကြာဆံကြော်၊ ရေခဲမုန့်တို့ကို ကျွေးမွေးခဲ့ကြောင်း သိရသည်။




ကလေးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မူလတန်းကြို ကျောင်းအမှတ် (၅)မှ ကျောင်းသားအချင်းချင်း လက်ဆောင် ပစ္စည်းများ လဲလှယ်ကြစဉ်။

"မူလတန်းကြိုကျောင်း ကလေးတွေကို ကလေးများနေ့အထိမ်းအမှတ်အကြိုအဖြစ် အခုလို ပျော်ပွဲရွှင်ပွဲလေးတွေ လုပ်ပေးတာကောင်းပါတယ်။ ဒီအမှတ်(၅) တာမွေ မူလတန်းကြိုကျောင်းဝင်းကလည်း ကျယ်၊ ကစားကွင်းတွေလည်းရှိတော့ တခြားကျောင်းတွေလို ဘေးထွက်မလည်ဘဲ ခုလို ကျောင်းတွင်းကစားကွင်းတွေမှာပဲ ဆော့ကစားတာ အန္တရာယ်ကင်းပါတယ်။ တချို့ မူကြိုကျောင်းတွေဆို ကျောင်းကကျဉ်း၊ ကစားကွင်းကလည်းမရှိတော့ အခုလိုနေ့တွေမှာ တိရစ္ဆာန်ဥယျာဉ်တို့၊ ပြည်သူ့ရင်ပြင်တို့ သွားလည်ကြတာတွေ့ရတယ်" ဟု တာမွေမြို့နယ် ငွေးကြွယ်ရပ်ကွက်မှ ကျောင်းသားမိဘတစ်ဦးက ပြောသည်။

ယနေ့ကျင်းပသည့် မူလတန်းကြိုကျောင်းအမှတ် (၅)သည် ရန်ကုန်တိုင်းဒေသကြီး၌ ကျောင်းသားအရေအတွက် အများဆုံးလက်ခံထားသည့်ကျောင်းဖြစ်ပြီး လစဉ်ကလေးငယ်များအတွက် ပျော်ပွဲရွှင်ပွဲနှင့် အခြား အားကစားပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားရေးတာဝန်

ပန်းတောင်းသန်းကြွယ်

**"ဗမာကတစ်မျိုး၊ ကရင်ကတစ်မျိုး၊ ရှမ်း၊ ကချင်၊ ချင်း၊ ကရင်နီ(ကယား) တို့ကတခြား၊ အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှ အကျိုးရှိနိုင်မယ်"**

ဗိုလ်ချုပ်အောင်ဆန်း

(၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက် ညစာစားပွဲမိန့်ခွန်း)

မြန်မာနိုင်ငံသည် ရှေးအတိတေကာလမှစ၍ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်တည်းဟူသော မြစ်ကြီးလေးစင်း၏ ရင်ခွင်ကိုခိုမှီကာ သယံဇာတနှင့် မြေဆီသြဇာကြွယ်ဝလှသည့် နယ်မြေကိုအခြေပြုလျက် ဘိုးစဉ်ဘောင်ဆက် ဉမကွဲသိုက်မပျက် အတူတကွနေထိုင်လာခဲ့ကြသည့် တစ်အူထုံ့ဆင်းသွေးချင်းများ၏ အမျိုးသားနိုင်ငံကြီးဖြစ်သည်။

လွန်ခဲ့သော နှစ်သန်းပေါင်းများစွာကပင် လူသားမျိုးနွယ်တစ်ရပ် စတင်ပေါက်ဖွားခဲ့ရာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့်တိုင်းရင်းသားမျိုးနွယ်ပေါင်း တစ်ရာကျော်ပွားစီးခဲ့ပြီး မြန်မာနိုင်ငံအဖြစ် သမိုင်းအစဉ်အဆက်တိုးတက်ဖြစ်ထွန်းခဲ့သော အမျိုးသားနိုင်ငံကြီးပင်ဖြစ်သည်။ သုခ၊ ဒုက္ခအပေါင်းကို အေးအတူ ပူအမျှ ဝေမျှခံစားကာ ခွဲခြားမရသည့် မိသားစုကြီးအဖြစ် ပေါင်းစည်းယှက်နွယ်နေထိုင်နိုင်ခဲ့ကြသည်မှာ မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာ အမျိုးသားရေးစည်းလုံးမှုပင်ဖြစ်သည်။

မြန်မာတို့သည် တိုင်းတစ်ပါးသားတို့ ခံ့ညားလေးစားရသော မြို့ပြနိုင်ငံများအဖြစ် ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ သုဝဏ္ဏဘူမိ၊ မိုင်းမော၊ တကောင်း၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ ဝေသာလီ၊ ဓညဝတီ၊ ကုန်းဘောင်စသည်တို့ကို တည်ထောင်၍နေထိုင်ခဲ့ကြသည်။ မင်းကောင်း မင်းမြတ်များဖြစ်သော အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းမင်းတရားဦးအောင်ဇေယျတို့က ပဒေသရာဇ်မြို့ပြနိုင်ငံများကို စုစည်းပေး၍ ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်တို့ကို စည်းရုံးတည်ထောင်နိုင်ခဲ့ကြသည်။

နှစ်ပေါင်းထောင်ချီလျက် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် မျိုးရိုးဂုဏ်ရှိန် ထည်ဝါမြင့်မားစွာရပ်တည်ခဲ့သည့် မြန်မာနိုင်ငံတော်ကြီးသည် ပရိယာယ်ဝေဝုစ်များလှသော ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲသပ်လျှိုမှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပျက်ပြယ်ခဲ့ရပြီး သူ့ကျွန်ဘဝသို့ နှစ်ပေါင်း ၁၀၀ ကျော် ကျရောက်ခဲ့ရသည်မှာ မေ့ပျောက်၍ မရစကောင်းသော သမိုင်းပေးသင်ခန်းစာပင်ဖြစ်သည်။

နယ်ချဲ့တို့သည် ကိုလိုနီစနစ် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တောင်ပေါ်မြေပြန့် သွေးခွဲအုပ်ချုပ်ခဲ့ခြင်း၊ ကျွန်ပညာရေးစနစ်ကိုအကောင်အထည်ဖော်ခဲ့ခြင်း၊ တိုင်းရင်းသားများအပေါ် မတရားကုပ်သွေးစုပ်စိုးမိုးခြယ်လှယ်ခြင်း၊ မြန်မာ့သယံဇာတများကို မတရားရယူသိမ်းပိုက်ခြင်းစသည်တို့ကြောင့် ခါးသီးသောအတွေ့အကြုံများကို မြန်မာတိုင်းရင်းသားများအားလုံးနှစ်ပေါင်းရှည်ကြာစွာနဖူးတွေ့၊ ဒူးတွေ့ခါးစည်းခံခဲ့ကြရသည်။

မျိုးချစ်စိတ်ပြင်းထန်လှသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမများသည် အတူတကွလက်တွဲကာ နယ်ချဲ့တို့ကိုတွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ ဝါးအစည်းပြေသကဲ့သို့ ကွဲပြားနေသောအင်အားများကို ပြန်လည်စုစည်းခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သည့်ပညာတတ်မျိုးချစ်လူငယ်တို့က ဦးဆောင်၍ မြန်မာ့တပ်မတော်ကို ဖွဲ့စည်းကာ ဖက်ဆစ်ဂျပန်တို့၏အကူအညီဖြင့် ကိုလိုနီနယ်ချဲ့တို့ကို မြန်မာ့မြေပေါ်မှ မောင်းထုတ်နိုင်ခဲ့ကြသည်။ သို့သော် ကြမ်းတမ်းရက်စက်စွာ ညှဉ်းပန်းနှိပ်စက်မှုကြောင့် မြန်မာတိုင်းရင်းသားအားလုံးက ဖက်ဆစ်တို့ကို မြန်မာ့မြေပေါ်မှ တိုက်ထုတ်ခဲ့ရပြန်သည်။

နယ်ချဲ့တို့ပြန်လည်ဝင်ရောက်လာပြီး တောင်ပေါ်ဒေသကိုချန်လှပ်၍ ပြည်မကိုသာ လွတ်လပ်ရေးပေးရန် ကြံရွယ်လာသည့်အတွက် ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် ပြည်ထောင်စု တိုင်းရင်းသားမျိုးချစ်ခေါင်းဆောင်များက ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံညီလာခံကို ကျင်းပကာ တိုင်းရင်းသားအားလုံး ကတိပြုလက်မှတ်ရေးထိုးကြပြီး တစ်ညီတစ်ညွတ်တည်း လွတ်လပ်ရေးတောင်းဆိုခဲ့ကြသည်။ ထိုပင်လုံစာချုပ်လက်မှတ်ရေးထိုးသည့်နေ့ကို အစွဲပြု၍ ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပွဲများကို နှစ်စဉ်ကျင်းပခဲ့ကြသည်။

**မိမိတို့လူ့အဖွဲ့အစည်း၌ ရင်ဆိုင်ကြုံတွေ့နေရသည့် ပြဿနာအရပ်ရပ်ကို ဆွေးနွေး အဖြေရှာရာတွင်လည်း အဖွဲ့အစည်းတစ်ခု၏ ရပ်တည်ချက်၊ ရှုထောင့် တစ်ခုတည်းက မကြည့်ဘဲ ရှုထောင့်စုံမှရှုမြင်ပြီး အတူတကွ လက်တွဲ ဖြေရှင်းမည်ဟူသော ချဉ်းကပ်မှုမျိုးဖြင့် ညှိနှိုင်းလုပ်ဆောင်**

၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက်ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များတွင် ဖော်ညွှန်းထားသကဲ့သို့ ပြည်ထောင်စုကြီးထာဝရတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူရေးတို့မှာ အထူးပင်အရေးကြီးလှသည်။ တိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း ဉမကွဲ၊ သိုက်မပျက် အတူတကွပူးပေါင်းနေထိုင်ကြပြီး ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်ရမည်ဖြစ်သည်။ ထို့အတူပင် တရားဥပဒေစိုးမိုးရေးနှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးတို့ကိုလည်း အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ကြရပေမည်။ သို့မှသာ တိုင်းပြည်၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာပေလိမ့်မည်။ မိမိတို့ရည်မှန်းသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့လည်း အရောက်လှမ်းနိုင်ကြပေလိမ့်မည်။

မိမိတို့လူ့အဖွဲ့အစည်း၌ ရင်ဆိုင်ကြုံတွေ့နေရသည့် ပြဿနာ အရပ်ရပ်ကို ဆွေးနွေးအဖြေရှာရာတွင်လည်း အဖွဲ့အစည်းတစ်ခု၏ ရပ်တည်ချက်၊ ရှုထောင့် တစ်ခုတည်းက မကြည့်ဘဲ ရှုထောင့်စုံမှရှုမြင်ပြီး အတူတကွ လက်တွဲ ဖြေရှင်းမည်ဟူသော ချဉ်းကပ်မှုမျိုးဖြင့် ညှိနှိုင်းလုပ်ဆောင်သွားရပေမည်။ လက်တွေ့ကျပြီး အပြုသဘောဆောင်သော ဆွေးနွေးလုပ်ဆောင်မှုများကြောင့် ရေရှည်တွင် အကျိုးဖြစ်ထွန်းလာမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က ထောက်ပြတိုက်တွန်းထားသည်။

မြန်မာနိုင်ငံသမိုင်းတွင် နှစ်ကာလရှည်ကြာစွာ ရင်ဆိုင်ဖြတ်သန်းခဲ့ရသည့် တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများအဆုံးသတ်စေရေးအတွက် အရေးအကြီးဆုံး မဖြစ်မနေ ကျင့်သုံးဆောင်ရွက်ရမည့် မဟာဗျူဟာသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပင်ဖြစ်သည်။ အနာဂတ်နိုင်ငံတော်နှင့် မြန်မာ့မျိုးဆက်သစ်များအတွက် လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်ချုပ်ငြိမ်းသွားစေရေးအတွက် တပ်မတော်အနေဖြင့်လည်း အဖြစ်နိုင်ဆုံး၊ အကောင်းဆုံးပါဝင် ဆောင်ရွက်လျက်ရှိပေသည်။ ကမ္ဘာ့နိုင်ငံများနည်းတူ မိမိနိုင်ငံကာကွယ်ရေးအတွက် တပ်မတော်တစ်ရပ်သာထားရှိပြီး မြန်မာ့တပ်မတော်ကို Standard Army ဖြစ်အောင် အဘက်ဘက်က တည်ဆောက်လျက်ရှိသဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရန် ဆန္ဒရှိသည့် တိုင်းရင်းသားလက်နက်ကိုင်များကိုလည်း တပ်မတော်တွင် တာဝန်ထမ်းဆောင်ကြပါရန် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကြိုဆိုဖိတ်ခေါ်ထားပေသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးမရှိဘဲ တည်တံ့ခိုင်မြဲမည့်ငြိမ်းချမ်းရေးကို တည်ဆောက်၍မရနိုင်ပေ။ ကိုင်းနှင့်ကျွန်းကဲ့သို့ တည်မှီလျက်ရှိပေသည်။ ထို့အတူ တိုင်းရင်းသားများအားလုံး ပူးပေါင်းဆောင်ရွက်ခြင်းသည် တကွဲတပြားစီလုပ်ဆောင်ခြင်းထက် ပိုမိုထိရောက်ပေသည်။ မိမိတို့လိုချင်သည့် ပန်းတိုင်သို့လည်း မြန်မြန်ဆန်ဆန်အောင်အောင်မြင်မြင် သွားနိုင်မည်ဖြစ်သည်။ တိုင်းရင်းသားများအားလုံးသည် အပြန်အလှန်နားလည်မှု၊ အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန်ချစ်ခင်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှုတို့ဖြင့် ပူးပေါင်းဆောင်ရွက်ကြပြီး ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်သွားကြရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းထားပေသည်။

နိုင်ငံတော်အကြီးအကဲနှင့် မြန်မာ့ထိပ်တန်းခေါင်းဆောင်များ၏ တိုက်တွန်းမှု၊ ထောက်ပြလမ်းညွှန်မှုများသည် ပြည်ထောင်စုကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားရေးတာဝန်များ ထမ်းဆောင်ရာတွင် လိုက်နာကျင့်သုံးအပ်သည့် ကျင့်စဉ်နည်းလမ်းများပင်ဖြစ်သည်။ နိုင်ငံခေါင်းဆောင်များသည် နိုင်ငံတော်၏ အနာဂတ်ကာလအတွက် ဖွံ့ဖြိုးတိုးတက်စေရန် ရည်သန်၍တိုက်တွန်းလမ်းညွှန်ကြခြင်းဖြစ်ရာ ပြည်ထောင်စုဖွားတိုင်းရင်းသားဟူသမျှသည် ကျရာကဏ္ဍ၊ ကျရာတာဝန်မှ စည်းကမ်းတကျလိုက်နာ၍ ပြည်ထောင်စုကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် အားတက်သရော ပါဝင်ဆောင်ရွက်သင့်လှပါကြောင်း ဖော်ညွှန်းရေးသားလိုက်ရပေသည်။



## အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်) ခြောက်နှစ်မြောက်နှစ်ပတ်လည်နေ့ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

အမျိုးသား အထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၏ ခြောက်နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့ညနေပိုင်းတွင် အဆိုပါဥယျာဉ်ပရဝဏ် အတွင်း၌ တိုင်းရင်းသားလူမျိုး ပေါင်းစုံတို့၏ ဖျော်ဖြေမှုများဖြင့် စည်ကားစွာကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အမျိုးသား အထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်) နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပမှုနှင့်ပတ်သက်ပြီး တာဝန်ရှိသူတစ်ဦးဖြစ်သူ ဦးစိုးနိုင်က "ကျွန်တော်တို့ ဒီနေ့မှာ ခြောက်နှစ်မြောက်တဲ့ နှစ်ပတ်လည် အထိမ်းအမှတ်ပွဲလေး ကျင်းပတာဖြစ်ပါတယ်။ ကျွန်တော်တို့ဆီမှာ တစ်နှစ်ပတ်လုံး နားရက်မယူဘဲ တာဝန်ထမ်းဆောင်ကြတဲ့ ဝန်ထမ်းတွေကို ဆုချီးမြှင့်ပေးတယ်။ နောက်ပြီး ပျော်ပွဲရွှင်ပွဲအနေနဲ့ မနက်ကတည်းက အားကစားပြိုင်ပွဲပေါင်းစုံကျင်းပပေးပြီး အခုညနေမှာ ဆုချီးမြှင့်ပေးတယ်။ ခြောက်နှစ်ပြည့် အထိမ်းအမှတ်လည်းဖြစ်သလို ပြည်ထောင်စုနေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ ပြုလုပ်တာလည်းဖြစ်ပါတယ်" ဟု ပြောသည်။

အမျိုးသား အထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)၌ ပြည်ထောင်စုတစ်ဝန်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများ၏ ရိုးရာဓလေ့များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ထင်ရှားကျော်ကြားသည့် အထိမ်းအမှတ်နေရာများကို ထည့်သွင်း တည်ဆောက်ထား၍ ပြည်တွင်း ပြည်ပမှ ခရီးသွားများ လေ့လာအနားယူ အပန်းဖြေကြည့်ရှုခံစားနိုင်ရန်ရည်ရွယ်ပြီး နေရာတစ်ခုတည်းတွင် တစ်စုတစ်ဝေးတည်း တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်း-တင်မောင်လွင် ဓာတ်ပုံ-မောင်မွေး**

## သက်တမ်းနှစ် ၁၃၀ ခန့်ရှိ ရှေးဟောင်းနာရီစင်ကြီးဖွင့်

**စစ်တွေ ဖေဖော်ဝါရီ ၁၁**

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် စစ်တွေမြို့ လမ်းမကြီးလမ်း မြို့မရဲစခန်းဝင်း အတွင်းရှိ နှစ်ပေါင်း ၁၂၇ နှစ်သက်တမ်းရှိပြီဖြစ်သော ရှေးဟောင်းနာရီစင် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်က အဆိုပါ နာရီစင်ကြီးအနီး၌ ကျင်းပခဲ့သည်။ **(ယာပုံ)**



အဆိုပါ နာရီစင်ဖွင့်ပွဲသို့ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်း၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးမောင်စန်ရွှေ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေတို့က ရှေးဟောင်းနာရီစင်ကြီးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါနာရီစင်ကို ၁၈၈၇ ခုနှစ်က တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး နှစ်ပေါင်း ၁၂၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်ကာ ၁၉၆၅ ခုနှစ်ကတစ်ကြိမ် ပြန်လည်ပြုပြင်ခဲ့ကြောင်း စစ်တွေမြို့မှ ဒေသခံတစ်ဦးက ပြောသည်။

၁၉၈၈ ခုနှစ်တွင် စက်လည်ပတ်မှုရပ်ဆိုင်းခဲ့ရပြီး ၂၀၁၅ ခုနှစ်တွင် မူလအတိုင်း ပြန်လည်ပြုပြင် ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

**မြတ်ဝေ**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ လွှတ်တော်၏သဘောတူညီချက်ရယူ၍ အတည်ပြုဖွဲ့စည်းခြင်းဆောင်ရွက်




**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်းရှိ မြို့၊ ရပ်ကွက်၊ ကျေးရွာများ ပယ်ဖျက်ခြင်း၊ အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်းကို **လွှတ်တော်က မှတ်တမ်းတင်ခြင်း**၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီများကို လွှတ်တော်၏သဘောတူညီချက်ရယူ၍ **အတည်ပြုဖွဲ့စည်းခြင်း**တို့ကို ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

အစီအစဉ်အရ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်တစ်ရပ်ကွက်နှင့် ကျေးရွာ သုံးရွာ တိုးချဲ့ဖွဲ့စည်းခြင်း၊ ရပ်ကွက်တစ်ရပ်ကွက်နှင့် ကျေးရွာ ငါးရွာပယ်ဖျက်ခြင်း၊ ရပ်ကွက် သုံးရပ်ကွက်နှင့် ကျေးရွာ သုံးရွာကို အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း၊ ချင်းပြည်နယ်အတွင်းရှိ ဖလမ်းခရိုင် တီးတိန်မြို့နယ်တွင် ရပ်ကွက်လေးရပ်ကွက်ကို ခိုင်ကမ်းမြို့နှင့် မင်းတပ်ခရိုင် မတူပီမြို့နယ်တွင် ရပ်ကွက်နှစ်ရပ်ကွက်ကို လိုင်လင်းပီမြို့များအဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် လိုင်လင်းပီကျေးရွာအုပ်စုကို ပယ်ဖျက်ခြင်းတို့အား လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက **ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ**ကို ဥက္ကဋ္ဌအဖြစ် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးအေးသာအောင်၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစောသန်းထွဋ်နှင့် ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း၊ အတွင်းရေးမှူးအဖြစ် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာ စိုင်းဆိုင်ကျောက်ဆမ်၊ တွဲဖက်အတွင်းရေးမှူးအဖြစ် တောင်ငူမဲဆန္ဒနယ်မှ ဦးခင်မောင်သန်းတို့အပါအဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက **လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ**ကို ဥက္ကဋ္ဌအဖြစ် အောင်မြေသာစံ မဲဆန္ဒနယ်မှ ဒေါက်တာလှမိုး၊ အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦးတို့အပါအဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုကြောင်းကြေညာပြီး ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေးစတုတ္ထနေ့ကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီအမည်စာရင်း

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) | ဦးအေးသာအောင် | ဥက္ကဋ္ဌ |
| ၂။ | ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) | ဦးစောသန်းထွဋ် | ဒုတိယဥက္ကဋ္ဌ(၁) |
| ၃။ | ဇလွန် မဲဆန္ဒနယ် | ဦးအောင်မင်း | ဒုတိယဥက္ကဋ္ဌ(၂) |
| ၄။ | မိုင်းရယ် မဲဆန္ဒနယ် | ဦးစိုင်းသီဟကျော် | အဖွဲ့ဝင် |
| ၅။ | တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် | ဗိုလ်မှူးချုပ်သန်းလွင် | ” |
| ၆။ | မိုင်းဖြတ် မဲဆန္ဒနယ် | ဦးလင်းဇော်ထွန်း | ” |
| ၇။ | ချောက် မဲဆန္ဒနယ် | ဦးဘိုကြီး | ” |
| ၈။ | မော်လိုက် မဲဆန္ဒနယ် | ဒေါ်ချိုချိုဝင်း | ” |
| ၉။ | ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) | ဒေါ်ရွှေရွှေစိန်လတ် | ” |
| ၁၀။ | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) | ဒေါ်ထုမေ | ” |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) | ဦးသန်းစိုး(ခ) သန်းစိုး(ဘောဂဗေဒ) | ” |
| ၁၂။ | ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) | ဦးဟင်နရီဗန်ထီးယူ | ” |
| ၁၃။ | တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် | ဗိုလ်မှူးချုပ် အောင်စန်းချစ် | ” |
| ၁၄။ | ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) | ဒေါက်တာ စိုင်းဆိုင်ကျောက်ဆမ် | အတွင်းရေးမှူး |
| ၁၅။ | တောင်ငူ မဲဆန္ဒနယ် | ဦးခင်မောင်သန်း | တွဲဖက် အတွင်းရေးမှူး |

## ပြည်ထောင်စုလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ အမည်စာရင်း

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | အောင်မြေသာစံ မဲဆန္ဒနယ် | ဒေါက်တာလှမိုး | ဥက္ကဋ္ဌ |
| ၂။ | ဆိပ်ကြီးခနောင်တို မဲဆန္ဒနယ် | ဦးတင်ထွန်းနိုင် | အဖွဲ့ဝင် |
| ၃။ | ပခုက္ကူ မဲဆန္ဒနယ် | ဦးပိုက်ကို | ” |
| ၄။ | တနိုင်း မဲဆန္ဒနယ် | ဦးလင်းလင်းဦး | ” |
| ၅။ | စစ်ကိုင်း မဲဆန္ဒနယ် | ဦးခင်မောင်သိန်း | ” |
| ၆။ | လှိုင်လင် မဲဆန္ဒနယ် | ဦးခင်မောင်သီ | ” |
| ၇။ | ပုဏ္ဏားကျွန်း မဲဆန္ဒနယ် | ဦးဦးထွန်းမောင် | |
| ၈။ | တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် | ဗိုလ်ချုပ်တောက်ထွန်း | ” |
| ၉။ | ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) | ဦးအောင်ကျော်စိုး | ” |
| ၁၀။ | ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) | ဒေါ်နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး | ” |
| ၁၁။ | ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) | ဦးရှန်အောရ် | ” |
| ၁၂။ | တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) | ဦးတင်ဝေ | ” |
| ၁၃။ | မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) | ဒေါ်မြတ်သီတာထွန်း | ” |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) | မန်းထွန်းကြိုင် | ” |
| ၁၅။ | ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) | ဦးမင်းဦး | အတွင်းရေးမှူး |

# ယောရိုးရာဝတ်စုံ အလှပြိုင်ပွဲ ဂန့်ဂေါ၌ကျင်းပ




**ဂန့်ဂေါ ဖေဖော်ဝါရီ ၁၁**

ယောလုံချည်အဆင်ဆန်းများ ဆန်းသစ်တီထွင်နိုင်ရေးနှင့် ယောရိုးရာဝတ်စားဆင်ယင်မှုများ ပျောက်ပျက်မသွားစေရန် ရည်ရွယ်လျက် ယောရိုးရာဝတ်စုံ အလှပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်ညက မကွေးတိုင်းဒေသကြီး ယောမြို့တော် ဂန့်ဂေါမြို့ မြစ်သာခန်းမ၌ မြို့နယ်အားကစားနှင့် ကာယပညာ ကော်မတီက ကြီးမှူးကျင်းပရာ **(အပေါ်ပုံ)** ပြိုင်ပွဲဝင် ၂၈ ဦးရှိပြီး ပန်းနုသွေးဝတ်စုံဖြင့် ပါဝင်ယှဉ်ပြိုင်သူ မွေ့လယ်ရွာမှ မအိသဲညှာချောက ပထမဆု၊ ပန်းမြတ်ချယ်ရီဝတ်စုံဖြင့် ပါဝင်ယှဉ်ပြိုင်သူ မွေ့လယ်ရွာမှ မခင်ခင်ခိုင်က ဒုတိယဆု၊ ခိုင်မာလာနှင်းဆီဝတ်စုံဖြင့်ပါဝင်ယှဉ်ပြိုင်သူ စည်ပင်သာယာရပ်ကွက်မှ မယွန်းမိမိက တတိယဆုများ ရရှိကြသည်။

ဆုပေးပွဲတွင် ဂန့်ဂေါခရိုင် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဇင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးနိုင်ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းမြို့တို့နှင့် တာဝန်ရှိသူများက ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုများ၊ ယှဉ်ပြိုင်ဆုများကို ချီးမြှင့်ကြသည်။

မကွေးတိုင်းဒေသကြီး ယောအရပ်ဒေသရှိ အမျိုးသမီးအများစုသည် ရက်ကန်းရက်လုပ်တတ်ကြပြီး ထိုသို့ရက်လုပ်ကြရာတွင် များသောအားဖြင့် စောင်၊ အဝတ်အထည်ကြမ်းမှအစ နာမည်ကျော်ယောလုံချည်များကိုပါ နှစ်လွှာနင်း၊ လေးလွှာနင်း၊ ခြောက်လွှာနင်း၊ ရှစ်လွှာနင်းတို့ဖြင့် ရက်လုပ်ကြသည်များရှိရာ နှစ်လွှာနင်းမှာ ရက်လုပ်မှုအများဆုံးဖြစ်ကြောင်း သိရသည်။

ရက်လုပ်သည့်လုံချည်၊ ရက်လုပ်သည့် အသားအနား၊ အချိတ်၊ အပြောက်ပုံဖော်ရာတွင် ပညာ၊ ကျွမ်းကျင်မှုနှင့် သွက်လက်ချက်ချာမှုတို့ ပေါင်းစပ်ရက်လုပ်ကြရသည်ဟုဆိုသည်။ ရောင်စုံချည်များ အသုံးပြု၍ အပွင့်၊ အပြောက်၊ အရုပ်လှလှလေးများကို ပုံဖော်ကာရက်လုပ်ကြရသဖြင့်လည်း ရက်ကန်းစင်လုံမပျိုတို့သည် ခြေမှာစကား၊ လက်ဖျားမှာပန်းနွယ်၊ အလှခြယ်သော အနုပညာရှင်များဖြစ်ကြောင်းနှင့် ၎င်းတို့ပုံဖော်ပေးသည့် ဒေသထွက်ဝတ်စုံများဖြင့် ပြိုင်ပွဲဝင်ကြခြင်းဖြစ်ကြောင်း သိရသည်။ **(၁၀၁)**

# ထိုင်းနိုင်ငံ ချင်းရိုင်မြို့ မယ်ဖာလုံတက္ကသိုလ် ဘွဲ့အပ်နှင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် ပါရဂူဘွဲ့ဒီဂရီလက်ခံရယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းက ထိုင်းနိုင်ငံ ချင်းရိုင်မြို့ မယ်ဖာလုံ တက္ကသိုလ်၌ ကျင်းပသော ၂၀၁၄ ခုနှစ် ပညာသင်နှစ် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အဆိုပါ ဘွဲ့နှင်းသဘင်အခမ်းအနားအတွက် အကြို ဂုဏ်ပြုညစာစားပွဲကို ဖေဖော်ဝါရီ ၈ ရက် ညပိုင်းက တက္ကသိုလ်ဝင်းအတွင်းရှိ စားသောက်ခန်းမ၌ ကျင်းပရာ မယ်ဖာလုံတက္ကသိုလ်ဥက္ကဋ္ဌ Dr. Vanchai Siri Chana နှင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ပြည်ထောင်စု ဝန်ကြီး တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီခွဲတွင် မယ်ဖာလုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ထိုင်းဘုရင့် ကိုယ်စား သမီးတော် မဟာချက်ကရီသီရိဒုံက ဘွဲ့ရ ကျောင်းသူ ကျောင်းသားများအား ချီးမြှင့်ရာ ပြည်ထောင်စု ဝန်ကြီးသည် လူမှုသိပ္ပံဆိုင်ရာပါရဂူဘွဲ့ဒီဂရီကို လက်ခံ ရယူခဲ့သည်။



ယင်းအခမ်းအနားသို့ ထိုင်းနိုင်ငံ ပညာရေးဝန်ကြီး ဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မယ်ဖာလုံတက္ကသိုလ်ပညာရေး ကောင်စီနှင့် အခြားတက္ကသိုလ်များမှ ပါမောက္ခများနှင့် အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. MR. PISANU SUVANAJATA နှင့် ဇနီး၊ ပါရဂူဘွဲ့၊ မဟာဘွဲ့နှင့် ဝိဇ္ဇာ/သိပ္ပံဘွဲ့ အောင်မြင်သူဦးရေ ၂၀၅၆ ဦး တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်ဖြင့် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီရှိ ဂျော့ချ်ဝါရှင်တန်တက္ကသိုလ်မှ ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှု မဟာဝိဇ္ဇာဘွဲ့ကို ၁၉၉၁ ခုနှစ်တွင် ချီးမြှင့်ခံခဲ့ရပြီး ၂၀၁၄ ခုနှစ်တွင် ယင်းတက္ကသိုလ်မှ မိမိတို့၏ လုပ်ငန်း နယ်ပယ်တွင် ထူးချွန်သော ကျောင်းသားများအား ချီးမြှင့်သည့် Alumini Awards ကို လက်ခံရယူခဲ့သည်။

ဆက်လက်၍ မယ်ဖာလုံတက္ကသိုလ်၏ ၂၀၁၃/၁၄ ပညာသင်ဆု အစီအစဉ်အရ လူမှုသိပ္ပံဆိုင်ရာပါရဂူဘွဲ့ကို ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အဆိုပါတက္ကသိုလ် ပညာရေး ကောင်စီက ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် အတည်ပြု ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ) တိုးချဲ့စက်ရုံသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

**စစ်တွေ ဖေဖော်ဝါရီ ၁၁**

ကိုယ်ပွား သတင်းစာတိုက် (စစ်တွေ) တိုးချဲ့စက်ရုံသစ် ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါစက်ရုံသစ်နေရာ၌ ကျင်းပသည်။

အခမ်းအနားသို့ ရခိုင်ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးမြအောင်၊ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြန်ကြားရေး ဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်း လုပ်ငန်းမှ တာဝန်ရှိသူများ၊ ဒေသ ကွပ်ကဲမှုစစ်ဌာနချုပ် (စစ်တွေ)မှ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်၊ ခရိုင် နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စစ်တွေမြို့နယ် ဖွံ့ဖြိုးရေးအထောက် အကူပြုဥက္ကဋ္ဌနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အေးငြိမ်းဆောက်လုပ် ရေးကုမ္ပဏီက ဖွင့်ပွဲအထိမ်းအမှတ် အလံများကို ပြည်နယ်ခေတ္တ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့ထံ ပေးအပ်သည်။

ယင်းနောက် စက်ရုံဖွင့်ပွဲ အထိမ်းအမှတ်မုခ်ဦးအား ရခိုင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ အောင်ကျော်မင်း၊ စစ်တွေမြို့နယ် ဖွံ့ဖြိုးရေးအထောက်အကူပြု ဥက္ကဋ္ဌ ဦးသာပွင့်နှင့် သတင်းနှင့်စာနယ်ဇင်း လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြသည်။ **(ယာပုံ)**





ဆက်လက်၍ ပြည်နယ်ခေတ္တ ဝန်ကြီးချုပ်က တိုးချဲ့စက်ရုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ် ပေးပြီး စက်ရုံသစ်ကမ္ပည်းမော်ကွန်း အား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်း ပေးသည်။

ထို့နောက် ပြည်နယ်ခေတ္တ ဝန်ကြီးချုပ်က အမှာစကားပြောကြား ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူးက ကိုယ်ပွားသတင်းစာတိုက် (စစ်တွေ) တိုးချဲ့စက်ရုံသစ် ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြု ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ထို့နောက် ပြည်နယ်ခေတ္တ ဝန်ကြီးချုပ်က ပုံနှိပ်စက်ကို စက်ခလုတ်နှိပ်၍ စတင်ဖွင့်လှစ် ပေးပြီး ပုံနှိပ်စက်လည်ပတ်မှုနှင့် စက်ရုံအတွင်း လှည့်လည်ကြည့်ရှု သည်။ **(ဝဲပုံ)**

ကိုယ်ပွား သတင်းစာတိုက် (စစ်တွေ)ကို ၂၀၀၃ ခုနှစ် ဩဂုတ် ၂၆ ရက်က စစ်တွေမြို့ မကျဉ်း မြိုင်ရပ်ကွက်ရှိ ရမ္မာဝတီလမ်းနှင့် တက္ကသိုလ်လမ်းဆုံတွင် ရှက်ထိုးပုံနှိပ် စက်နှစ်လုံးတပ်ဆင်၍ စတင်ဖွင့်လှစ် ခဲ့ပြီး မြန်မာ့အလင်း၊ ကြေးမုံသတင်း စာများကို (အဖြူ/အမည်း)နှစ်ရောင် ဖြင့်သာ ပုံနှိပ်ထုတ်ဝေခဲ့သည်။ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂ ရက်မှစပြီး ရန်ကုန် မှ ပုံနှိပ်ပေးပို့သည့် ရောင်စုံသတင်းစာ များဖြင့် ဖြန့်ချိခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကိုယ်ပွားသတင်းစာ တိုက်(စစ်တွေ)ကို အဆင့်မြှင့်တင်နိုင် ရန်အတွက် စစ်တွေမြို့ ကန်တော်ကြီး အကွက်(၁) စက်ရုံစုရပ်ကွက်နေရာ တွင် လိုအပ်သော အဆောက်အအုံ များ တိုးချဲ့ဆောက်လုပ်ပြီး ရောင်စုံ လေးမျက်နှာနှင့် အဖြူ/အမည်း ၃၆ မျက်နှာအထိ ပုံနှိပ်နိုင်သော Orient Satellite 5 Unit Web Offset နှင့် ဆက်စပ်ပစ္စည်းများကို နေပြည်တော် မှ စစ်တွေမြို့သို့ ပြောင်းရွှေ့သယ်ယူ တပ်ဆင်ခဲ့ရာ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် ပြီးစီးခဲ့သဖြင့် ယနေ့ တွင် ကိုယ်ပွားသတင်းစာတိုက် (စစ်တွေ)တိုးချဲ့စက်ရုံအသစ်ကို ဖွင့် လှစ်နိုင်ခဲ့ခြင်းဖြစ်ရာ ရောင်စုံသတင်း စာများကို ဆောလျင်စွာဖြင့် ရခိုင် ပြည်နယ်အတွင်း ဖြန့်ချိနိုင်မည်ဖြစ် သည်။ **(သတင်းစဉ်)**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ မီးဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

လပွတ္တာမြို့နှင့် နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများ အတွက် စေတနာရှင်များက အလှူငွေနှင့် အလှူပစ္စည်း များကို ထောက်ပံ့လှူဒါန်းလျက်ရှိရာ ယနေ့တွင် ပေးဆပ် သူများ နာမှုကူညီရေးအသင်း(နေပြည်တော်)အသင်းသား အသင်းသူများက ငွေကျပ် ၁၀၀၀၀၀၀ ကို လာရောက် လှူဒါန်းခဲ့ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ဒေါ်မြင့်မြင့်စိန်၏ (၆၆)နှစ်ပြည့်မွေးနေ့ ငွေကျပ် ၁၀၀၀၀၀၊ ဦးသန်းထွေး (ကြီးကြပ်ရေးမှူး) မထသနှင့် ဒေါ်အေးအေးဝင်းက ငွေကျပ် ၁၀၀၀၀၊ ဒေါ်အေးသန်း MD Loyal Star Trading Co.,Ltd. က ငွေကျပ် ၂၀၀၀၀၀၀၊ မိဘနှစ်ပါး အား ရည်စူး၍ ဦးလှကျော်က ငွေကျပ် ၅၀၀၀၀၀၊ အမျိုးသားတိုးတက်ရေးပါတီက ငွေကျပ် ၅၀၀၀၀၀၊ မြတ်ဝေလင်းက ငွေကျပ် ၁၀၀၀၀၀၊ ဦးစည်သူမြင့် (မိသားစု)က ငွေကျပ် ၁၀၀၀၀၀ တို့ကို လာရောက် လှူဒါန်းသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ဒေါက်တာ ဝင်းမြင့်အောင်-ဒေါ်ဝင်းဝင်းထွေးက ငွေကျပ် ၂၀၀၀၀၀၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံး၌ Villa Intake Resort & Spa, inle Lake ဟိုတယ်နှင့် ဝန်ထမ်းများက ငွေကျပ် ၂၀၀၀၀၀၀၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ဦးမြင့်သိန်း-ဒေါ်ငွေမြင့်က ငွေကျပ် ၃၀၀၀၀၊ ဦးမြင့်သိန်း- ဒေါ်ခင်သန်းက ငွေကျပ် ၁၀၀၀၀၊ ကရင်ပြည်နယ်ဦးစီး မှူးရုံး၌ ကော့ကရိတ်မြို့နယ် ကော့ဘိန်းတိုက်နယ်ရွာသူ၊ ရွာသားများက ငွေကျပ် ၉၂၅၀၀၀ နှင့်အလှူရှင်များမှ (OA-011834) စာရင်းသို့ အလှူရှင်များက ဘဏ်သို့ တိုက်ရိုက်လှူဒါန်းငွေကျပ် ၁၃၀၀၀၀၀ တို့ကို လာရောက် လှူဒါန်းသည်။

သို့ဖြစ်၍ ယနေ့ရရှိငွေကျပ် ၈၇၇၅၀၀၀ ဖြစ်ပါ သဖြင့် ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ စုစုပေါင်းလှူဒါန်း ရရှိငွေကျပ် ၆၈၀၄၀၅၀၀ နှင့် အမေရိကန်ဒေါ်လာ ၁၀၂၀၀ ဖြစ်ပါကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီး တစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့် မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက် ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**



# မန်းရွှေစက်တော်ရာဘုရားပွဲ စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်မည်

**မင်းဘူး ဖေဖော်ဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်းရှိ မန်းရွှေစက်တော်ရာဘုရားပွဲ **(အပေါ်ပုံ)** ဖွင့်ပွဲအခမ်းအနားအား တပို့တွဲလဆန်း ၅ ရက်နေ့၊ ဖေဖော်ဝါရီ ၁၃ ရက်တွင် အထူး စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ယခုနှစ် မန်းရွှေစက်တော်ရာ ဘုရားပွဲတော် ဖွင့်ပွဲအခမ်းအနားအား (၃)မိုင်လမ်း အဝင်မုခ်ဦးဖွင့်ပွဲ၊ မန်းရွှေစက်တော်ရာဘုရားပွဲတော် ဖွင့်ပွဲ၊ အောက်စက်တော်ရာ ပါဒခြေတော်ရာမြတ် ဖွင့်ပွဲ၊ အထက်စက်တော်ရာ ဖွင့်ပွဲ၊ သာသနာ့ဗိမာန်တော် ဖွင့်ပွဲ၊ ရေစက်ချလှူဒါန်းပွဲဟူ၍ အခမ်းအနား ငါးခုဖြင့် စည်းကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မန်းရွှေစက်တော်ရာ ဂေါပကအဖွဲ့ထံမှ သိရသည်။

ဖွင့်ပွဲအခမ်းအနား အစီအစဉ်များအား ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၇ နာရီတွင် (၃)မိုင်လမ်း အဝင်မုခ်ဦးဖွင့်ပွဲမှ စတင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **တင်ထွန်းဦး(မင်းဘူး)**

# နမ့်ဆန်နှင့် လပ္ပတ္တာမီးဘေးသင့်ပြည်သူများအတွက် အဝတ်အထည်များ လှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

အလှူရှင် ဦးလင်းထက်ဉာဏ်ထွန်း ဇနီး ဒေါ်ထူးရွှေရည်အောင် သမီး မလင်းရွှေရည်ဉာဏ်ထွန်း တို့က အထည်တစ်ထည်လျှင် တန်ဖိုး ငွေကျပ် ၉၀၀၀ တန် စုစုပေါင်း ငွေကျပ် ၆၆၆၀၀၀၀ တန်ဖိုးရှိ အမျိုးသမီးဝတ် အဝတ်အထည် ၇၄၀ ကို ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီး လပ္ပတ္တာမြို့ မီးဘေးသင့်ပြည်သူများအတွက် ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီက မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးသို့ လာရောက်လှူဒါန်းသည်။ **(ယာပုံ)**

ဖေဖော်ဝါရီ ၆ ရက်မှ ၁၁ ရက်အထိ နမ့်ဆန်-လပ္ပတ္တာ မီးဘေးသင့်ပြည်သူများအတွက် လက်ခံရရှိငွေ စုစုပေါင်းမှာ မြန်မာကျပ်ငွေ ၁၂၃၉၀၀၀၀ နှင့် အမေရိကန်ဒေါ်လာ ၂၀၀၊ ရေသန့် ၃၈၇ ကတ်၊ အဝတ်အထည်မျိုးစုံ (၁၁ ထုပ်/နှစ်ဖာ)၊ Spike အမျိုးသမီးဝတ်အထည် ၇၄၀၊ စာရေးကိရိယာမျိုးစုံ သုံးဖာ၊ ဗလာစာအုပ် ဒါဇင် ၁၀၀၊ ရွှေမန်းတောင်ဆေး သုံးဖာ၊ နှစ်ယောက်အိပ်စောင် ခုနစ်ထည် လက်ခံရရှိထားပြီးဖြစ်ကြောင်းနှင့် သက်ဆိုင်ရာ ကယ်ဆယ်ရေးစခန်းဒေသများ စနစ်တကျ အလျင်အမြန် ပေးပို့ဖြန့်ဝေပေးလျက်ရှိကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ(ရန်ကုန်)ရုံးမှ သိရသည်။



**မျိုးမင်းသိန်း(မရမ်းကုန်း)**

# နမ့်ဆန်မီးဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်

**သီပေါ ဖေဖော်ဝါရီ ၁၁**

သီပေါမြို့နယ် တိုင်းရင်းသားပြည်သူများသည် နမ့်ဆန်မြို့၌ မီးလောင်ပြီး တစ်ရက်တွင် သီပေါမြို့လယ်ဓမ္မာရုံအနီး၌ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ပြီး ပြည်သူများ လာရောက် လှူဒါန်းသောပစ္စည်းနှင့် အလှူငွေများကို ပေးပို့လှူဒါန်းလျက်ရှိသည်။

ဖေဖော်ဝါရီ ၁၁ ရက်တွင် သီပေါမြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက နမ့်လန်ကျေးရွာအုပ်စုအတွင်းရှိ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ နမ့်ဆန်မြို့မှ မီးဘေးသင့်တိုင်းရင်းသားပြည်သူများကို ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများတွင် လှူဒါန်းနိုင်ရေးအတွက် တိုက်တွန်းခဲ့ပြီး ကျေးရွာနေပြည်သူများက အလှူငွေများ လှူဒါန်းခဲ့ကြသည်။

သီပေါမြို့နယ်အတွင်းရှိ ရပ်ကွက် ၁၁ ခုနှင့် ကျေးရွာအုပ်စု ၇၈ အုပ်စုအတွင်းရှိ ကျေးရွာများမှ အလှူငွေများကို ဖေဖော်ဝါရီ ၁၄ ရက်တွင် စုပေါင်း၍ နမ့်ဆန် မီးဘေးကယ်ဆယ်ရေးစခန်းသို့ သွားရောက်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# မြို့နယ်များ၌ ပြည်ထောင်စုနေ့ဂုဏ်ပြုပွဲများ ကျင်းပ

**ရန်ကုန်**

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မရမ်းကုန်းမြို့နယ် စာရေးဆရာအသင်း၊ ရုပ်ရှင်သဘင်၊ ဂီတ၊ လူမှုအသင်းအဖွဲ့တို့ ပူးပေါင်း၍ စာပေဟောပြောပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် အောင်သိဒ္ဓိလမ်းနှင့် ခိုင်ရွှေဝါလမ်းထောင့် မြေကွက်လပ်စင်မြင့်၌ ဖေဖော်ဝါရီလ ပထမပတ်က စတင်ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို)ဥက္ကဋ္ဌ ဆရာဦးတင်လှိုင်(လယ်တွင်းသားစောချစ်)၊ ဆရာမ မီးအိမ်ရှင်၊ ဒေါက်တာနိုက်တင်ဂေးလ်၊ ဆရာဥပဒေပညာရှင် ဦးခင်ဇော် မရမ်းကုန်းတို့က သိမှတ်ဖွယ်ရာ စာပေရေးရာများ ဟောပြောခဲ့ကြကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

**ဂွ**

ရခိုင်ပြည်နယ် ဂွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးကြီးမှူး၍ ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရရန်ပုံငွေ ခွင့်ပြုငွေကျပ်သိန်း ၂၃ ဒသမ ၄၀ ဖြင့် လမ်းအရှည် ခြောက်ဖာလုံ၊ အကျယ် ၁၂ ပေရှိ ကံကော်တောင်-အိုးထိန်းကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။ **မောင်မောင်**

**လှိုင်းဘွဲ**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု ဟောပြောပွဲများကို နံ့သာအုန်းကျေးရွာ၊ မဲဆမိတ်ကျေးရွာ၊ မဲလောင်ကြီးကျေးရွာ၊ ကွမ်တာကုန်းကျေးရွာတို့၌ ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံအဆင့်ဆင့်များ၊ စာချုပ်ချုပ်ဆိုမှုအကြောင်းအရာများ ရှင်းလင်းဟောပြောခဲ့ပြီး နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲများပြုလုပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**မန္တလေး**

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် အားကစားပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းက သူနာပြုတက္ကသိုလ်(မန္တလေး)ရှိ ကျောင်းအားကစားကွင်းပြင်၌ ကျင်းပသည်။

အဆိုပါ အားကစားပြိုင်ပွဲတွင် ပြိုင်ပွဲဝင် သူနာပြုတက္ကသိုလ်ကျောင်းသား ကျောင်းသူများက ဖူဆယ်၊ လွန်ဆွဲ၊ စားပွဲတင် တင်းနစ်၊ ဆန်ကောရွက်၊ ကြက်တောင်၊ အပ်ချည်ထိုးပြိုင်ပွဲနှင့် အပြေးပြိုင်ပွဲများအပါအဝင် အားကစားနည်း ၂၀ မျိုး၌ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကဏ္ဍအသီးသီးတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူကြများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ဂုဏ်ပြုကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

**မကွေး**

မကွေးတက္ကသိုလ် စာပေနှင့် ယဉ်ကျေးမှုကော်မတီက ကြီးမှူးကျင်းပသည့် (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု ဟောပြောပွဲနှင့် တိုင်းရင်းသားယဉ်ကျေးမှုပဒေသာကပွဲအား မကွေးတက္ကသိုလ် ဘက်စုံခန်းမ၌ ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၀ နာရီက ကျင်းပရာ အခမ်းအနားသို့ ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးနှင့် ပါမောက္ခ၊ ဌာနမှူးများ၊ ကထိကဆရာ၊ ဆရာမများ၊ အထူးပြုဘာသာရပ်များမှ ကျောင်းသား ကျောင်းသူ ၈၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် သမိုင်းဌာန ပါမောက္ခ(ဌာနမှူး)ဒေါက်တာဆန်းဆန်းက ပြည်ထောင်စုနေ့နှင့် ပြည်ထောင်စုစိတ်ဓာတ် ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။ ဆက်လက်၍ အထူးပြုဘာသာရပ်များမှ ကျောင်းသား ကျောင်းသူများက တိုင်းရင်းသားယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။ **ဇေယျာတု(မကွေး)**

# နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများအတွက် လားရှိုးတက္ကသိုလ်မှ အလှူငွေများလှူဒါန်း

**လားရှိုး ဖေဖော်ဝါရီ ၁၁**

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများအတွက် လားရှိုးတက္ကသိုလ်မှ ကျောင်းသားများ၊ ဆရာ ဆရာမများ၊ဝန်ထမ်းများမှစုပေါင်း၍ အလှူငွေပေးအပ်လှူဒါန်းပွဲကို လားရှိုးတက္ကသိုလ်အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၁ ရက် ညနေ ၃ နာရီက ကျင်းပသည်။

လားရှိုးတက္ကသိုလ်မှ စုစုပေါင်းလှူဒါန်းငွေကျပ် ၃၂၅၀၀၀၀ ကို လားရှိုးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာထွန်းလှိုင်က နမ့်ဆန်မီးဘေးသင့်ပြည်သူများသို့ သွားရောက်လှူဒါန်းမည့် ဆရာ ဦးမောင်မောင်သိန်း ဦးဆောင်သည့် လားရှိုးတက္ကသိုလ်ကျောင်းသားအဖွဲ့အစည်း ကိုယ်စားလှယ်များထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ဟန်ဌေး(လားရှိုး)**

ဧရာဝတီတိုင်းဒေသကြီး လပ္ပတ္တာခရိုင် လပ္ပတ္တာမြို့နယ်တွင် မီးဘေးသင့်ပြည်သူများအား အိမ်ရာများ အမြန်ဆုံး ပြန်လည်နေရာချထားနိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၈ နာရီက စတင်၍ မီးလောင်ပြင်ရှင်းလင်းရေးလုပ်ငန်းများကို စက်ယန္တရားဖြင့် ဆောင်ရွက်စဉ်။

(ခရိုင် ပြန်/ဆက်)



# ဖွံ့ဖြိုးဝေစည် ငွေတောင်ပြည်

မောင်ပြုံး

**နှစ်စဉ် ဇန်နဝါရီလ ၁၅ ရက်နေ့တိုင်း ကျင်းပသည့် ကယားပြည်နယ်နေ့အခမ်းအနားကို ယခုနှစ်တွင် စာရေးသူအား ဖိတ်ကြားခံရသဖြင့် မရောက်တာကြာပြီဖြစ်သည့် သွေးချင်းတို့ မြေသို့ စိတ်အားထက်သန်စွာ၊ ပျော်ရွှင်စွာ သွားရောက်ခဲ့ပါသည်။ ပထမဦးဆုံးသော ကယားပြည်နယ်နေ့ အခမ်းအနားကို ၁၉၅၂ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ပြည်နယ်၏ နာမကရဏသဘင်အဖြစ် စည်ကားသိုက်မြိုက်စွာ စတင်ကျင်းပခဲ့ပြီး ယခုဆိုလျှင် ကန္တရဝတီဟု ခေါ်ဆိုကြသည့် ကယားပြည်နယ်နေ့အခမ်းအနား ကျင်းပလာခဲ့သည်မှာ ၆၄ နှစ် တိုင်ခဲ့ပြီ။**

ကယားပြည်နယ်ကို ခရစ်နှစ် ၁၈၃၈ ခုနှစ်တွင် သီရိဒေါ်ရွာအဖြစ် ဦးသီရိ ဦးဆောင်ကာ စတင်တည်ထောင်ခဲ့သည်။ ဗြိတိသျှအစိုးရလက်ထက်က ကန္တရဝတီ၊ ဘော်လခဲနှင့် ကြယ်ဖိုးကြီးနယ်မြေများဟု သတ်မှတ်ခဲ့သော ကရင်နီပြည်နယ်များသည် ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေအရ ကရင်နီပြည်နယ် အမည်နှင့်ပင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပြည်နယ်တစ်ခုအဖြစ် ပါဝင်ခဲ့ပြီး ၁၉၅၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်အရ ၁၉၅၂ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့မှစ၍ ကရင်နီပြည်နယ်မှ ကယားပြည်နယ်အဖြစ် တရားဝင်ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကယားပြည်နယ်ကို မြန်မာနိုင်ငံ၏ ပြည်နယ်ခုနစ်ခုအနက် တစ်ခုအဖြစ် သတ်မှတ်ထားရှိပြီးဖြစ်သည်။ ယနေ့ကယားပြည်နယ်၏ အခြေအနေမှာ ယခင်ကာလများနှင့်မတူ အရှိန်အဟုန်ပြင်းပြင်းဖြင့် တိုးတက်တော့မည့် သဏ္ဌာန်ဆောင်နေလေသည်။

ဒွေးမယ်နော်တို့ ပျော်စံရာ ငွေတောင်ပြည် ကယားမြေသည် မရောက်ဖြစ်ခဲ့သည့် ငါးနှစ်တာကာလအတွင်း တိုးတက်မှုများနှင့် ပြောင်းလဲခဲ့သည်ကို အားရကျေနပ်ဖွယ် တွေ့မြင်နေရသည်။

"အရင်ကနဲ့မတူတော့ဘူး။ လမ်းတွေ၊ တံတားတွေလည်း ကောင်းနေပြီ။ တို့ဆီကမြို့တွေမှာ မီးလင်းနေပြီ။ မီးလင်းတဲ့ရွာ ၁၇၁ ရွာရှိနေပါပြီ။ ပြီးတော့ ဖုန်းဆိုလည်း အိမ်တိုင်းလိုလိုရှိနေပြီ။ အားလုံးကပြောင်းလဲလာတာ တစ်သွေးတစ်မွေးပေါ့" ဟု စာရေးသူမိတ်ဆွေဒေသခံ ကယန်းအမျိုးသမီး ဒေါ်မြာက ဂုဏ်ယူစွာပြောပြသည်။

ကယားပြည်နယ်ကို ခရိုင်နှစ်ခု၊ မြို့နယ်ခုနစ်မြို့နယ်၊ မြို့ရှစ်မြို့၊ ရပ်ကွက် ၃၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၄ အုပ်စုနှင့် ကျေးရွာပေါင်း ၅၁၁ ရွာဖြင့် ဖွဲ့စည်းထားရှိပြီး အကျယ်အဝန်းအားဖြင့် ဧရိယာစတုရန်းမိုင်ပေါင်း ၄၅၂၉ ဒသမ ၅၆ မိုင် ကျယ်ဝန်းသည်။

ကယားပြည်နယ်တွင် လူဦးရေ ၂၉၀၀၀၀ ကျော်ရှိသည့်နက် ကယားတိုင်းရင်းသားဦးရေသည် လူဦးရေ၏ ၅၆ ရာခိုင်နှုန်းခန့်ရှိပြီး ကယားလူမျိုးစု ကယန်း(ပဒေါင်)၊ ဂေခို၊ ဂေဘား၊ ကယန်း(လထ) (ခေါ်) ဇယိမ်း၊ ကယော၊ ယင်းဘော်၊ ယင်းတလဲ၊ မနုမနော တိုင်းရင်းသားများအပြင် ပအိုဝ်း၊ အင်း၊ ကချင်၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် သွေးချင်းများလည်း ရောနှောနေထိုင်ကြသည်။

ကယားမြေဝယ် လမ်း/တံတားများ၊ ကျောင်းများ၊ ဆေးရုံများ၊ ဘဏ်များနှင့် ဆက်သွယ်ရေးတာဝါတိုင်ကြီးများဖြင့် တိုးတက်မှုများကို မျက်မြင် လေ့လာတွေ့ရှိခဲ့ရသည်။

လမ်း/တံတားများအတွက် နိုင်ငံတော်ဘဏ္ဍာငွေကျပ် ၁၃၅၉၀ ဒသမ ၄၄၉ သန်း အကုန်အကျခံဆောင်ရွက်ခဲ့သည့်အတွက် ပြည်ထောင်စုလမ်းများ၊ ပြည်နယ်လမ်းများနှင့် တံတားများဖြင့် ဖွံ့ဖြိုးဝေစည်ခဲ့သည်။ ကယားပြည်နယ်အတွင်း ပြည်ထောင်စုလမ်းမကြီး ခြောက်လမ်းနှင့် ပြည်နယ်လမ်းမကြီး ၁၇ လမ်းတို့ကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ကတ္တရာလမ်း ၁၅၆ မိုင်၊ ကတ္တရာထပ်ပိုးလွှာ မိုင် ၁၆၀၊ မြေသားအမာခံလမ်း ၁၁၁ မိုင်၊ ကွန်ကရစ်တံတား ၁၁၈ စင်း၊ သစ်သားတံတား ၂၇ စင်းတို့ကို တည်ဆောက်နိုင်ခဲ့ကြောင်း တွေ့ရှိရသည်။ ပေ ၁၈၀ အထက် တံတားကြီးများအနေဖြင့် ပွန်ချောင်းတံတား (ဘော်လခဲ) ပေ ၃၆၀ သံကူကွန်ကရစ်တံတားကို ၁၀-၁၀-၂၀၁၄ ရက်နေ့တွင် လည်းကောင်း၊ သီရိမင်္ဂလာတံတား (လွိုင်ကော်) ပေ ၂၄၀ ဘီလူးချောင်းကူး သံကူ ကွန်ကရစ်တံတားကို ၆-၁၁-၂၀၁၄ ရက်နေ့တွင် လည်းကောင်း၊ သံလွင်မြစ်ကူးတံတား (ဖားဆောင်း) ပေ ၁၂၆၀ သံကူကွန်ကရစ်တံတားကို ၁၇-၇-၂၀၁၅ ရက်နေ့တွင် လည်းကောင်း၊ ပွန်ချောင်းတံတား (ရှားတော) ပေ ၂၀၀ ဘေလီတံတားကို ၂၉-၁၀-၂၀၁၅ ရက်နေ့တွင် လည်းကောင်း တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဥတ္တရာရုံတံတား (လွိုင်ကော်) ပေ ၃၀၀ ဘီလူးချောင်းကူး သံကူကွန်ကရစ်တံတားကို တည်ဆောက်လျက်ရှိရာ ၆၉ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကယားပြည်နယ်အတွင်းတွင်လည်း ယခင်ကယာဉ်လိုင်း ၃၈ လိုင်းဖြင့် ပြေးဆွဲလျက်ရှိပြီး ယခုအခါ ယာဉ်လိုင်း ၄၃ လိုင်းဖြင့် တိုးချဲ့ပြေးဆွဲလျက်ရှိကြောင်း၊ ခရီးသည်များသွားလာမှု အဆင်ပြေစေရန်အတွက် မြန်မာ့လေကြောင်းမှ ယခင်တစ်ပတ်နှစ်ရက်ခရီးစဉ်ကို ၁၆-၃-၂၀၁၃ ရက်နေ့မှစ၍ တစ်ပတ်လေးရက် တိုးချဲ့ပျံသန်းပြေးဆွဲလျက်ရှိကြောင်း သိရှိ ရသည်။ လွိုင်ကော်လေယာဉ်ပြေးလမ်း (၅၂၀၀× ၇၅)ပေကို ခေတ်မီ လေယာဉ်ကြီးများ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆင်းသက်အသုံးပြုနိုင် ရေးအတွက် ထပ်မံတိုးချဲ့ရန် ပထမအဆင့်အနေဖြင့် လေယာဉ်ပြေးလမ်း ပေ ( ၁၈၀၀ × ၁၀၀) မြေသားလုပ်ငန်းနှင့် အကြိုအင်ဂျင်နီယာလုပ်ငန်းကို ၂၀၁၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ဆောင်ရွက်လျက်ရှိပြီး ထပ်မံ၍ နိုင်ငံတကာအဆင့်မီ လေယာဉ်ကွင်းအဖြစ် တိုးချဲ့တည်ဆောက်နိုင်ရေး အတွက် လေယာဉ်ပြေးလမ်း အလျားပေ ၁၀၀၀၀ (Master Plan) တိုးချဲ့နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်းနှင့် လေကြောင်းလိုင်းသွားလာမှု အဆင်ပြေစေရန်အတွက် Air KBZ လေကြောင်းလိုင်းမှ ၈-၁-၂၀၁၅ ရက်နေ့မှစတင်၍ အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ထို့အတူ ပြည်နယ်ဆေးရုံတစ်ရုံ၊ ခရိုင်ဆေးရုံတစ်ရုံ၊ မြို့နယ်ဆေးရုံ ငါးရုံနှင့် တိုက်နယ်ဆေးရုံ ၁၀ ရုံ ရှိပြီဖြစ်သည့်အတွက် ဒေသခံများ၏ ကျန်းမာရေးအတွက် ပူပန်စရာမလိုတော့ပေ။ ပြည်နယ်ပြည်သူ့ဆေးရုံ လွိုင်ကော်မှသည် လူနာများအား ဓာတ်ခွဲ၊ ဓာတ်မှန်၊ တီဗွီဓာတ်မှန်၊ ကွန်ပျူတာဓာတ်မှန် အီးစီဂျီစမ်းသပ်စစ်ဆေးမှုများကို အခမဲ့စမ်းသပ် ဆောင်ရွက်ပေးလျက်ရှိပြီး ကျန်းမာရေးဝန်ကြီးဌာနမှ လွိုင်ကော်ဆေးရုံအတွက် ငွေကျပ် ၄၇၅ သန်း ၊ မြို့နယ်နှင့် တိုက်နယ်ဆေးရုံများအတွက် ငွေကျပ် ၄၃၄ သန်းကို ဆေးဝါးဝယ်ယူဖြည့်တင်းရန် ရန်ပုံငွေခွဲဝေချထားပေးသဖြင့် လူနာများ ဆေးကုသစရိတ် ဝန်ထုပ်ဝန်ပိုးကို တစ်နည်းတစ်ဖုံ လျော့ကျစေသည်။

နိုင်ငံ့အနာဂတ်ကြယ်ပွင့်များ မွေးထုတ်ပေးရာ အခြေခံပညာကျောင်းပေါင်း ၄၃၃ ကျောင်းရှိပြီး ကျောင်းသား ကျောင်းသူ ၆၄၉၉၀ နှင့် ဆရာ ဆရာမ ၂၉၃၄ ဦးရှိကြောင်း သိရှိရသည့်အပြင် တစ်နှစ်ထက်တစ်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူတိုးတက်လာခဲ့ပြီး ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ၁၃၇၂ ဦးရှိကြောင်း သိရသည်။

အဆင့်မြင့်ပညာကဏ္ဍတွင် လွိုင်ကော်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များ ဖွင့်လှစ်သင်ကြားလျက်ရှိပြီး လွိုင်ကော်တက္ကသိုလ်မှ ဘွဲ့ရ ၂၃၅၀၊ ကွန်ပျူတာတက္ကသိုလ်(လွိုင်ကော်)မှ ဘွဲ့ကြို/ဘွဲ့လွန် ဒီပလိုမာဘွဲ့ရ ၇၉၇ ဦးနှင့် နည်းပညာတက္ကသိုလ်(လွိုင်ကော်)မှ ဘွဲ့ရ ၂၃၄၆ ဦးကို မွေးထုတ်ပေးနိုင်ခဲ့သည်။

ထို့ပြင် ပြည်နယ်အတွင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ရှစ်ကျောင်းရှိပြီး အဆိုပါပညာသင်ကျောင်းများအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များနှင့် စာရေးကိရိယာများကို အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ပြည်နယ်၏ အဓိကစီးပွားရေးသည် စိုက်ပျိုးရေးဖြစ်သည့်အတွက် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းများကို ကျေးရွာအဆင့်အထိ ပညာပေးခြင်း၊ ကွင်းပြပွဲများ ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး ဒေသခံတောင်သူများက တိုးချဲ့စိုက်ပျိုးကြခြင်းဖြင့် အထွက်နှုန်းတိုးတက်စေသလို ပြည်နယ်၏စီးပွားရေးကိုလည်း တစ်ဖက်တစ်လမ်းမှ ဖွံ့ဖြိုးတိုးတက်စေခဲ့သည်။ ပြည်နယ်အတွင်းဆန်ဖူလုံမှု ၁၄၅ ဒသမ ၉၃ ရာခိုင်နှုန်း၊ စားသုံးဆီဖူလုံမှု ၁၈၅ ဒသမ ၈၅ ရာခိုင်နှုန်းရှိခဲ့သည့်အတွက် ဖူလုံမှုရာခိုင်နှုန်း ပြည့်မီကျော်လွန်သည်ကို လေ့လာသိရှိရသည်။

ထို့ပြင် စိုက်ပျိုးမြေများအတွက် ဆည်ရေသောက်ဧရိယာ ဧက ၅၀၀၀ အထက် ရေလှောင်တမံ နှစ်ခု၊ ဆည်ရေသောက်ဧရိယာ ၅၀၀၀ အောက် ဆည်/ကန်၊ ရေလှောင်တမံ ၄၉ ခုတို့မှ လယ်မြေဧက ၅၀၀၀၀ ခန့်ကို အကျိုးပြုလျက်ရှိပြီး ပြည်နယ်ရန်ပုံငွေ၊ ပြည်ထောင်စုရန်ပုံငွေများဖြင့် ဆည်/ကန်၊ ရေလှောင်တမံ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ပြည်နယ်ရှိ ဘီလူးချောင်းရေအားကိုအသုံးပြု၍ လောပိတ ဓာတ်အားပေးစက်ရုံအမှတ် (၁၊ ၂ ၊ ၃) ဓာတ်အားပေးစက်ရုံတို့မှ ပြည်နယ်အပါအဝင် နိုင်ငံတစ်ဝန်းကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသည်။ ပြည်နယ်ဖွံ့ဖြိုးရေးအတွက် အခြေခံကျသည့် မြို့ပြစီမံကိန်းပုံစံကိုလည်း လွိုင်ကော်မြို့နှင့် ဘော်လခဲမြို့တို့တွင် စနစ်တကျ ရေးဆွဲဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါသည်။

အဆိုပါစီမံကိန်းကို အကျယ်ပေ ၂၀၀၊ အရှည်ပေ ၁၀၀၀၀ ဖြစ်ပေါ်လာစေရေးအတွက် ရည်မှန်းထားပြီး ယခုအစိုးရလက်ထက်တွင် အကျယ်ပေ ၁၀၀၊ အရှည်ပေ ၇၀၀၀ ဆောင်ရွက်နိုင်ခဲ့ပြီး ကျန်ရှိသည့်အပိုင်းကို နောင်လာမည့်အစိုးရအစီအမံအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ယခုနှစ် ကယားပြည်နယ်အခမ်းအနားမှသည် ကယားမြေ၏ တိုးတက်မှုများနှင့်အတူ ကယားပြည်နယ်နေ့အထိမ်းအမှတ်အဖြစ် ကျင်းပသည့် သားချင်း ကယားလူမျိုးတို့၏ ကယားရိုးရာနပန်းပြိုင်ပွဲ (ကယား+ကယန်း)၊ စပါးထောင်း ပြိုင်ပွဲများမှတစ်ဆင့် ဓလေ့ထုံးစံများကိုလည်း လေ့လာတွေ့မြင်ခဲ့ရသည်။

ဖွံ့ဖြိုးဝေစည်လျက်ရှိသော ကယားတို့မြေသည် ယခင်က နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိခဲ့သည့်အတွက် ဖွံ့ဖြိုးမှုနှောင့်နှေးခဲ့ရသည်။ ယခုအချိန်တွင် ကယားပြည်နယ်အတွင်း ငြိမ်းချမ်းရေးအတွက် အပစ်အခတ်ရပ်စဲရေး သဘောတူညီပြီး အဖွဲ့အစည်း ခြောက်ဖွဲ့ရှိ၍ ပြည်နယ်လုံးကျွတ်ညီလာခံကျင်းပပြုလုပ်လိုမှုအပေါ် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) အနေဖြင့် ဦးဆောင် ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ပြည်နယ်အစိုးရ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်ရန်လျာထားကြောင်း သိရှိခဲ့ရသည့်အတွက် လွန်စွာဝမ်းသာပီတိဖြစ်ခဲ့ရသည်။ ယခုအခါ ပြည်လုံးကျွတ်ညီလာခံကျင်းပနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်မှုများကို ပြုလုပ်လျက်ရှိပြီး ငြိမ်းချမ်းရေးအသီးအပွင့်များနှင့်အတူ ကယားတို့မြေဖွံ့ဖြိုးတိုးတက်မှုသည် ဆပွားတိုးတက်လာမည်ဟု ထင်မြင်မိသည်။



သံလွင်တံတား(ဖားဆောင်း)ကိုတွေ့ရစဉ်။

ငြိမ်းချမ်းရေးလမ်းစပွင့်လင်းလာသည်နှင့်အမျှ ကုန်သွယ်မှုကဏ္ဍလည်း ပွင့်လင်းလာပြီဖြစ်ရာ ကယားပြည်နယ်တွင် ပြည်နယ်နှင့် ထိစပ်နေသော ထိုင်းနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တို့ နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့် အခြေခံအချက်၊ အဓိကအချက်များ ဆန်းစစ်နိုင်ရေး နယ်စပ်ကုန်သွယ်ရေးနှင့် သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများဖြင့် ပေါင်းစပ်ညှိနှိုင်း၍ ကွင်းဆင်းလေ့လာရေးအဖွဲ့ ဖွဲ့စည်းကာ ၂၀၁၂ ခုနှစ် မတ်လအတွင်း မယ်စဲ့မြို့နယ်၊ နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်မည့် နယ်စပ်စခန်းကို ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့ကြောင်းနှင့် လိုအပ်သည့် အခြေခံအဆောက်အအုံများကိုလည်း ဆောက်လုပ်ပြီးဖြစ်ကြောင်း သိရသည်။

ခရီးသွားလုပ်ငန်းများအနေဖြင့် လွိုင်ကော်ဒေသတွင် ခရီးသွားကုမ္ပဏီလုပ်ငန်း လေးခု၊ ခရီးသွားကုမ္ပဏီလုပ်ငန်းခွဲတစ်ခုရှိပြီး ဟိုတယ်၊ မိုတယ်၊ အင်းကိုးလုံး၊ တည်းခိုခန်းကိုးခုဖြင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန (ITC)၊စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတို့နှင့်ပူးပေါင်းပြီး NTF III Myanmar ကယားပြည်နယ်အထူးပြုခြုံငုံပါဝင်နိုင်သည့် ခရီးသွားလုပ်ငန်းစီမံချက် (၂၀၁၄-၂၀၁၇)ကိုယဉ်ကျေးမှုဆိုင်ရာ ခရီးသွားလုပ်ငန်းများအတွက် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသထွက်စားသောက်ကုန်များနှင့် အနုပညာလက်မှုလုပ်ငန်းများကို တန်ဖိုးမြှင့်ထုတ်လုပ်ရန်ရည်ရွယ်၍ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန (ITC)မှ ခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များဖြင့် လွိုင်ကော်ဒေသရှိ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ ခရီးသွားလုပ်ငန်းရှင်များအသင်း၊ ဧည့်လမ်းညွှန်များအသင်း၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းတို့ကို လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာစေရန် အသိပညာပေးခြင်း၊ ကွင်းဆင်းလေ့လာခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ကယားပြည်နယ်နှင့်အတူ ယှဉ်တွဲသိရှိကြသည့်အပြင် ပြည်နယ်အထိမ်းအမှတ် သတ်မှတ်ထားသော ကိန္နရီငှက်ဖြစ်ပေါ်ရာ လူ့ခန္ဓာကိုယ်နှင့် ငှက်တောင်ပံပါသောကိန္နရီငှက်မလေး ဒွေးမယ်နော် ဇာတ်လမ်းသည် နှောင်းလူတို့မှ ယနေ့ထိတိုင် ပြောဆိုနေကြဆဲဖြစ်ပြီး ဒွေးမယ်နော်တို့ ညီအစ်မ ခုနစ်ဖော် ပျော်စံရာ သဘာဝရေကန်များ၊ တောတောင်သဘာဝရှုခင်းများတည်ရှိရာ ကယားပြည်နယ်သို့ ယခင်ရောက်ဖူးသည့်အချိန်က တွေ့ရှိခဲ့သည့်အခြေအနေများနှင့် ယခုတွေ့ရှိရသည်များသည် ကွာခြားမှုများစွာရှိပြီး အားရကျေနပ်ဖွယ် ဖွံ့ဖြိုးတိုးတက်မှုများကိုလေ့လာသိရှိခဲ့ရသည်။

ထို့ကြောင့် (၆၄)နှစ်မြောက် အခမ်းအနားမှသည် ကန္တရဝတီ ငွေတောင်ပြည်၏ တိုးတက်မှုများ၊ ချစ်စဖွယ်ရိုးရာဓလေ့များကို သိရှိလေ့လာခဲ့ရသည့်အတွက် စာရေးသူအနေဖြင့် ဗဟုသုတများစွာ ရရှိခဲ့ပြီး အမှတ်တရဖြစ်စေသည့် ခရီးစဉ်တစ်ခုဖြစ်ပါကြောင်း။ ။

**ယခုနှစ် ကယားပြည်နယ်အခမ်းအနားမှသည် ကယားမြေ၏ တိုးတက်မှုများနှင့်အတူ ကယားပြည်နယ်နေ့အထိမ်းအမှတ်အဖြစ် ကျင်းပသည့် သားချင်းကယားလူမျိုးတို့၏ ကယားရိုးရာနပန်းပြိုင်ပွဲ (ကယား+ကယန်း)၊ စပါးထောင်း ပြိုင်ပွဲများမှတစ်ဆင့် ဓလေ့ထုံးစံများကိုလည်း လေ့လာတွေ့မြင်ခဲ့ရ**

# သစ်တောဥပဒေ အကျိုးသက်ရောက်မှုရှိရေး အလုပ်ရုံဆွေးနွေး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၁**

ဥရောပသမဂ္ဂနှင့် ဥရောပကော်မရှင်၏ ကူညီမှုဖြင့် စိမ်းလန်းအမိမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်းက ဦးစီးကျင်းပသည့် သစ်တောဥပဒေအကျိုးသက်ရောက်မှုရှိရေး၊ စီမံအုပ်ချုပ်ရေးနှင့် ကုန်သွယ်မှုဆိုင်ရာ အစီအစဉ်ဒေသအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က မြစ်ကြီးနားမြို့ City Park Royal ခန်းမ၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် စိမ်းလန်းအမိမြေဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ အမျိုးသားစီမံကိန်းပေါင်းစပ်ညှိနှိုင်းသူ ဦးကျော်ထွန်း၊ FLEGT မှ Project ဒေသတာဝန်ခံ ဦးစိုးနိုင်ဝင်းတို့က သင်တန်းသား သင်တန်းသူများအား သစ်တောများ ထာဝစဉ်တည်တံ့ရေးအုပ်ချုပ်လုပ်ကိုင်မှု၊ စီမံအုပ်ချုပ်ခြင်းနှင့် ကောင်းမွန်သော သစ်တောစီမံအုပ်ချုပ်ခြင်း၊ သစ်တောဥပဒေ လေးစားလိုက်နာခြင်း၊ တရားဥပဒေစိုးမိုးခြင်း၊ မြန်မာနိုင်ငံသစ်တော စီမံအုပ်ချုပ်မှုသမိုင်းကြောင်း ခေါင်းစဉ်များဖြင့် ဆွေးနွေးဟောပြောခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသည် သစ်တောအုပ်ချုပ်လုပ်ကိုင်ခြင်းကို ခိုင်မာစေပြီး တရားမဝင်သစ်ထုတ်လုပ်ခြင်းကို လျှော့ချရန်၊ သစ်တောအုပ်ချုပ်မှုပုံစံကို တိုးတက်စေပြီး တရားဝင်ထုတ်လုပ်သော သစ်ရောင်းဝယ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ပေးရန်၊ ကုန်သွယ်ရေးဆက်နွှယ်မှုနှင့် တရားမဝင်သစ်ခုတ်လှဲခြင်းကို တိုက်ဖျက်ရန်ရည်ရွယ်ပြီး ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**



မင်္ဂလာဈေး မီးဘေးသင့် ဈေးသူဈေးသားများအား မဲနှိုက်စနစ်ဖြင့် ဆိုင်ခန်းများချပေးရန် ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

# မီးဘေးသင့် မင်္ဂလာဈေးဆိုင်ခန်းများ မဲနှိုက်နေရာချထားပေးနေ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

လွန်ခဲ့သော ဇန်နဝါရီ ၉ ရက်က ရန်ကုန်မြို့ မင်္ဂလာဈေးမီးလောင်မှုဖြစ်ပွားခဲ့ရာ အဆိုပါ မီးလောင်မှု၌ ပါသွားခဲ့သော ဆိုင်ခန်းများအား ကပ်လျက်ရှိသော ရွှေမင်္ဂလာဈေးကြီးတွင် နေရာချထားပေးရန်အတွက် ဖေဖော်ဝါရီ ၁၁ ရက်က မဲနှိုက်ပြီး ဆိုင်ခန်းများ ချထားပေးကြောင်း သိရသည်။

မင်္ဂလာဈေး မီးလောင်မှုတွင် ဆိုင်ရှင်များအား ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းကစပြီး မဲနှိုက်နေရာချထားပေးမှုကို ဖေဖော်ဝါရီ ၁၃ ရက်အပြီး နေရာချထားနိုင်ရေး ပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက လောင်ကျွမ်းခဲ့သော အဆိုပါ မီးလောင်မှုကြောင့် ဆိုင်ခန်းပေါင်း ၁၆၃၆ ခန်း မီးလောင်ဆုံးရှုံးခဲ့သည်။ သို့သော် မင်္ဂလာဈေးကြီးတွင် လက်ရှိဆိုင်ခန်းပေါင်း ၄၀၆၇ ခန်းရှိသည်။ ယင်းမင်္ဂလာဈေးကြီးမှ ဆိုင်ခန်းများအားလုံး ရွှေမင်္ဂလာဈေးကြီးသို့ ပြောင်းရွှေ့ရမည်ဖြစ်ရာ ရွှေမင်္ဂလာဈေးကြီးတွင် ပြန်လည်ချထားပေးနိုင်မည့်ဆိုင်ခန်းအရေအတွက်မှာ ၃၀၈၆ ခန်းရှိကြောင်း သိရသည်။

မဲနှိုက်နေရာချထားပေးရာတွင် တတိယထပ်တွင် ဆေးနှင့်အလှကုန်၊ စတုတ္ထထပ်၌ ကုန်မျိုးစုံ၊ ပဉ္စမထပ်တွင် အဝတ်အထည်နှင့် အထည်အလိပ်ဆိုင်များ နေရာချထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မီးလောင်မှု ဖြစ်ပွားပြီးနောက် ရွှေပြည့်စုံဈေးရှေ့ နေရာကွက်လပ်များ၌ မီးဘေးသင့်ဆိုင်ခန်းများအနေဖြင့် ယာယီကားများဖြင့်လည်းကောင်း၊ တဲများထိုး၍လည်းကောင်း ရောင်းချလျက်ရှိကြောင်း တွေ့ရသည်။

**သတင်း-မြင့်မောင်စိုး**



**မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်တံတားထိပ် ၁၂ မိုင် နယူးဒေးစက်သုံးဆီအရောင်းဆိုင်တွင် အမရပူရမြို့နယ် မီးသတ်ဦးစီးဌာန၊ စက်သုံးဆီအရောင်းဆိုင်မန်နေဂျာ ဦးမောင်မောင်နှင့် ဆိုင်ဝန်ထမ်းများပူးပေါင်း၍ ဖေဖော်ဝါရီ ၁၁ ရက်က မီးငြိမ်းသတ်မှုစုပေါင်း လေ့ကျင့်ကြစဉ်။**

မောင်မောင်စိုး(မြစ်ငယ်)

# မီးသတ်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများ လွှဲပြောင်းပေးအပ်

**မြိတ် ဖေဖော်ဝါရီ ၁၁**

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့နယ် ပြည်သူများအတွက် နယ်မြေမီးသတ်စခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ မီးသတ်ယာဉ်၊ စက်များနှင့် မီးသတ်ပစ္စည်းကိရိယာများ လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီလ ပထမပတ်က မြို့နယ် နယ်မြေမီးသတ်စခန်း၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ရဲသူရိန် ခင်မောင်ရီက နယ်မြေမီးသတ်စခန်း ဖွင့်လှစ်ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပလောက်နယ်မြေမီးသတ်စခန်း ဝန်ထမ်းနေအိမ်နှင့် ယင်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများနှင့် မီးသတ်ယာဉ်၊ စက်များနှင့် မီးသတ်ပစ္စည်းကိရိယာများနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို တာဝန်ရှိသူများအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

# နန့်စီးအောင်-ပေကုန်းတံတား ပြန်လည်ဆောက်လုပ်ရန် ဒေသခံများမျှော်လင့်

**မိုးညှင်း ဖေဖော်ဝါရီ ၁၁**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ ပင်လုံကျေးရွာအုပ်စု မြိုင်သာယာ ကျေးရွာနှင့် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်(နန့်စီးအောင်-ပေကုန်း) သို့ ဆက်သွယ်ဆောက်လုပ်ထားသည့် တံတားသည် မိုးတွင်းကာလက ရေတိုက်စားမျောပါသွားမှုကြောင့် တံတားသစ်ပြန်လည်ဆောက်လုပ်ပေးရန် ဒေသခံများ မျှော်လင့်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တံတားဟောင်းသည် အရှည်ပေ ၁၄၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၀ ပေ ရွှေဘို-မြစ်ကြီးနား ဗျူဟာကားလမ်းမနှင့် ပေ ၄၀၀ ခန့်၊ မန္တလေး-မြစ်ကြီးနား မီးရထားသံလမ်းနှင့် ပေ ၁၀၀ ခန့်အကွာတွင် ဆောက်လုပ်ထားသောတံတား ဖြစ်သည်။ ယင်းတံတား ရေတိုက်စားမျောပါသွားသည့်အတွက် ကျောင်းသား ကျောင်းသူများနှင့် ဒေသခံများသွားလာရေး အခက်အခဲမရှိစေရန်အတွက် ယာယီတံတား ဆောက်လုပ်ပေးထားသော်လည်း ထိုတံတားကို အသစ်တစ်ဖန်ပြန်လည်၍ မဆောက်လုပ်နိုင်ပါက မိုးတွင်းကာလတွင် သွားလာရေးအခက်အခဲကြုံတွေ့ရမည်ဖြစ်သည့်အတွက် တံတားကို အမြန်ဆုံးပြန်လည်ဆောက်လုပ်ပေးရန် ဒေသခံများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**



ယာယီဆောက်လုပ်ထားသည့် နန့်စီးအောင်-ပေကုန်းတံတားကို တွေ့ရစဉ်။

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတကာတွင် နိုင်ငံတော်အတွက် ဥပဒေရေးရာနှင့်စပ်လျဉ်း၍ ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့တွင် ခေါင်းဆောင်၍ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ခြင်းကြောင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ၉-၂-၂၀၁၆ရက်တွင် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ခြင်းခံရသည့်အတွက် ကယားပြည်နယ် ဥပဒေချုပ်ရုံးနှင့် ပြည်နယ်အတွင်းရှိ ဥပဒေရုံးအဆင့်ဆင့်အနေဖြင့် များစွာဝမ်းမြောက်ဂုဏ်ယူမိပါသည်။

**ကယားပြည်နယ်ဥပဒေချုပ်နှင့်**
**ဥပဒေအရာရှိများ၊ ရုံးဝန်ထမ်းများ။**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတကာတွင် နိုင်ငံတော်အတွက် ဥပဒေရေးရာနှင့်စပ်လျဉ်း၍ ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့တွင် ခေါင်းဆောင်၍ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ခြင်းကြောင့် ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာထွန်းရှင်အား ၉-၂-၂၀၁၆ရက်တွင် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ခြင်းခံရသည့်အတွက် ဧရာဝတီတိုင်းဒေသကြီးဥပဒေချုပ်ရုံးနှင့် တိုင်းဒေသကြီးအတွင်းရှိ ဥပဒေရုံးအဆင့်ဆင့်အနေဖြင့် များစွာဝမ်းမြောက်ဂုဏ်ယူမိပါသည်။

**ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ် ဦးချစ်ကိုကို**
**ဧရာဝတီတိုင်းဒေသကြီး ဥပဒေအရာရှိ ဦးမြင့်လွင်**
**တိုင်းဒေသကြီးအတွင်းရှိ ဥပဒေရုံးအဆင့်ဆင့်မှ**
**ဥပဒေအရာရှိများနှင့် ရုံးဝန်ထမ်းများ။**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ခြင်းကြောင့် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးအား ၉-၂-၂၀၁၆ ရက်တွင် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ခြင်းခံရသည့်အတွက် ဧရာဝတီတိုင်းဒေသကြီးဥပဒေချုပ်ရုံးနှင့် တိုင်းဒေသကြီးအတွင်းရှိ ဥပဒေရုံးအဆင့်ဆင့်အနေဖြင့် များစွာဝမ်းမြောက်ဂုဏ်ယူမိပါသည်။

**ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ် ဦးချစ်ကိုကို**
**ဧရာဝတီတိုင်းဒေသကြီး ဥပဒေအရာရှိ ဦးမြင့်လွင်**
**တိုင်းဒေသကြီးအတွင်းရှိ ဥပဒေရုံးအဆင့်ဆင့်မှ**
**ဥပဒေအရာရှိများနှင့် ရုံးဝန်ထမ်းများ။**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ခြင်းကြောင့် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးအား ၉-၂-၂၀၁၆ ရက်တွင် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ခြင်းခံရသည့်အတွက် ကယားပြည်နယ် ဥပဒေချုပ်ရုံးနှင့် ပြည်နယ်အတွင်းရှိ ဥပဒေရုံးအဆင့်ဆင့်အနေဖြင့် များစွာဝမ်းမြောက်ဂုဏ်ယူမိပါသည်။

**ကယားပြည်နယ်ဥပဒေချုပ်နှင့်**
**ဥပဒေအရာရှိများ၊ ရုံးဝန်ထမ်းများ။**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတကာတွင် နိုင်ငံတော်အတွက် ဥပဒေရေးရာနှင့်စပ်လျဉ်း၍ ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ခြင်းကြောင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းနှင့် ညွှန်ကြားရေးမှူး ဦးကျော်ကျော်နိုင်တို့အား ၉-၂-၂၀၁၆ရက်တွင် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ခြင်းခံရသည့်အတွက် ကယားပြည်နယ် ဥပဒေချုပ်ရုံးနှင့် ပြည်နယ်အတွင်းရှိ ဥပဒေရုံးအဆင့်ဆင့်အနေဖြင့် များစွာဝမ်းမြောက်ဂုဏ်ယူမိပါသည်။

**ကယားပြည်နယ်ဥပဒေချုပ်နှင့်**
**ဥပဒေအရာရှိများ၊ ရုံးဝန်ထမ်းများ။**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတကာတွင် နိုင်ငံတော်အတွက် ဥပဒေရေးရာနှင့်စပ်လျဉ်း၍ ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ခြင်းကြောင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းနှင့် ညွှန်ကြားရေးမှူး ဦးကျော်ကျော်နိုင်တို့အား ၉-၂-၂၀၁၆ရက်တွင် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ခြင်းခံရသည့်အတွက် ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ်ရုံးနှင့် တိုင်းဒေသကြီးအတွင်းရှိ ဥပဒေရုံးအဆင့်ဆင့်အနေဖြင့် များစွာဝမ်းမြောက်ဂုဏ်ယူမိပါသည်။

**ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ် ဦးချစ်ကိုကို**
**ဧရာဝတီတိုင်းဒေသကြီး ဥပဒေအရာရှိ ဦးမြင့်လွင်**
**တိုင်းဒေသကြီးအတွင်းရှိ ဥပဒေရုံးအဆင့်ဆင့်မှ**
**ဥပဒေအရာရှိများနှင့် ရုံးဝန်ထမ်းများ။**

Wireline Logging တိုင်းတာမှုဆိုင်ရာ အချက်အလက်များ။ (စွမ်းအင်)




သလင်း-၁ Prospect ၏ ဖြစ်တည်မှုပုံစံ Model ။ (စွမ်းအင်)




◆ ကျော်ဖုံးမှ

Daewoo International Corporation မှ ၆၀ ရာခိုင်နှုန်းဖြင့် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ၂၀၀၇ ခုနှစ်တွင် နှစ်ဖက်မြင် ဆိုက်စမစ်တိုင်းတာခြင်း ၂၈၈၇ ဒသမ ၁၇၅ ကီလိုမီတာ၊ ၂၀၀၈ ခုနှစ်တွင် သုံးဖက်မြင် ဆိုက်စမစ်တိုင်းတာခြင်း ၈၀၇ ဒသမ ၇၇ စတုရန်းကီလိုမီတာ ဆောင်ရွက်ခဲ့ပြီး Processing & Interpretation လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ကွက်၏ ဘူမိလေ့လာမှုနှင့် ဆိုက်စမစ်တိုင်းတာခြင်း ရလဒ်များကို အခြေခံ၍ ရှာဖွေရေးတွင်းအမှတ် သလင်း(၁)ကို တူးဖော်ရေးသင်္ဘော Deepwater Millennium (Drill Ship) ဖြင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် စတင်တူးဖော်ခဲ့ရာ အနက်မီတာ ၃၀၃၄ အထိ တူးဖော်နိုင်ခဲ့ပြီး အနက် ၂၈၀၇ ဒသမ ၅ မီတာတွင် တွင်းတူးဖော်စဉ် တိုင်းတာမှုများပြုလုပ်ခဲ့ရာ ရည်မှန်းသဲကြောဖြစ်သော G 6 . 9 ၌ သဘာဝဓာတ်ငွေ့ ခိုအောင်းနေကြောင်း တိုင်းတာတွေ့ရှိခဲ့သည်။

သို့ဖြစ်၍ Wireline Logging တိုင်းတာမှု ဆက်လက်ဆောင်ရွက်ခဲ့ရာ အနက် ၂၈၀၅ မှ ၂၈၆၅ မီတာ အကြား ၆၀ မီတာအထူရှိသဲကြောတွင် ၂၅ မီတာ အထူရှိ အဓိက သဲကြောတစ်ခုနှင့် ကျန် ၃၅ မီတာ အတွင်းရှိ အခြားသဲကြောများတွင် သဘာဝဓာတ်ငွေ့ ဖြစ်တည်နေကြောင်း အတည်ပြုနိုင်ခဲ့သည်။

တွင်းအမှတ်သလင်း (၁) သည် မြန်မာနိုင်ငံကမ်းခြေမှ ၇၀ မိုင်ခန့် အကွာ ကမ်းလွန်ပင်လယ်ပြင်၏ ရေအနက် ၈၃၅ မီတာနေရာ၌ တည်ရှိပြီး တွင်းတူးဖော်ရာတွင် ပင်လယ်ကြမ်းပြင်အောက် အနက် ၂၈၀၅ မီတာခန့် ဘူမိသက်တမ်း (Pliocene)သက်တမ်းရှိ သဲကျောက်လွှာများအထိ တူးဖော်ခဲ့ခြင်းဖြစ်သည်။

အဆိုပါလုပ်ကွက်တွင် သဘာဝဓာတ်ငွေ့ဖြစ်တည် ခိုအောင်းနေကြောင်း တိုင်းတာရရှိပြီးနောက် ရှေ့လုပ်ငန်းစဉ်များအဖြစ် ရှာဖွေတူးဖော်တိုင်းတာရေး လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး ရရှိလာသောအချက်အလက်များအပေါ် မူတည်ကာ စီးပွားဖြစ် ထုတ်လုပ်နိုင်မှုအခြေအနေကို ဖော်ထုတ်အတည်ပြုသွားမည်ဖြစ်သည်။

ထိုကဲ့သို့ ကမ်းလွန်လုပ်ကွက်အမှတ် AD-7 ရှိ တွင်းအမှတ် သလင်း(၁)နှင့် ကမ်းလွန်လုပ်ကွက်အမှတ် A-6 ရှိ ရွှေရည်ထွန်း တွင်းအမှတ်(၁) တို့တွင် သဘာဝဓာတ်ငွေ့ ခိုအောင်းနေကြောင်း အတည်ပြုနိုင်ခဲ့ခြင်းကြောင့် ဘင်္ဂလားပင်လယ်အတွင်းရှိ မြန်မာ့ကမ်းလွန်ပေနက် လုပ်ကွက်များတွင် သဘာဝဓာတ်ငွေ့ စီးပွားဖြစ် ရှာဖွေတွေ့ရှိနိုင်သည့် အလားအလာကောင်းများ ရှိနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




ကမ်းလွန်ရေနက်ပိုင်း လုပ်ကွက်အမှတ် AD-7 ၏ တည်နေရာပြမြေပုံ။

# မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမီဒီယာရှင်းလင်း

နေပြည်တော် ဖေဖော်ဝါရီ ၁၁

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ၃/၂၀၁၆ မီဒီယာရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး၌ကျင်းပခဲ့ရာ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ဌာန(ရန်ကုန်) အထွေထွေမန်နေဂျာ ဦးလှဝင်းဌေးနှင့် လက်ထောက်အတွင်းဝန် ဦးမင်းမင်းဦးတို့က မီဒီယာများကို ရှင်းလင်းဖြေကြားသည်။ (အောက်ပုံ)

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး CNG ဖြန့်ဖြူးမှုနှင့် CNG သုံးယာဉ်များ တိုးမြှင့်တပ်ဆင်ပေးမှုအခြေအနေများနှင့်ပတ်သက်၍ လည်းကောင်း၊ မြန်အောင်မြို့နယ်အတွင်း ရေနံရှာဖွေစမ်းသပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ လည်းကောင်း၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ ရေနံထွက်ပစ္စည်းများတင်သွင်း သိုလှောင်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများအား ပြည်ပကုမ္ပဏီတစ်ခုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)



OHSAMA Japanese Restaurant
(Hot Pot, B.B.Q, Japanese Food)
(ဖေဖော်ဝါရီလ တစ်လလုံးအထူး Promotion အစီအစဉ်)
မီးသွေးမီးဖိုဖြင့် B.B.Q စတင်ခြင်းအဖြစ်
● Japan Beef, Black Pork, Chicken and Natural Sea Foods-20%Discount
● တစ်လအတွင်း ဒုတိယအကြိမ် ထပ်မံလာရောက်အားပေးသော ဧည့်ပရိသတ်များအား 30% Discount ရရှိမည် ဖြစ်ပါသည်။
● Special Menu - လေးဦးနှင့်အထက် တစ်ဦးလျှင် (12000 Ks) ကြိုက်နှစ်သက်ရာမှာအစား ● လာရောက်အားပေးသော ဧည့်ပရိသတ်အားလုံးအား Dessert အဖြစ် (ကူလ်ဖီး) လက်ဆောင်ဧည့်ခံကျွေးမွေးပါမည်။
No.28/B, Pho Sein Road, Natmauk Quarter, Tamwe Ts.
Ph : 01-555539, 09-31382082, 09-30224438
Lunch - 11:00 am to 3:00 pm & Dinner - 5:00 pm to 11:00pm

## မွေးသက္ကရာဇ်အမှန်

ဦးသိန်းတန် ၁၀/ကထန(နိုင်)၀၉၄၇၆၀ ၏သား အထက(၁)လှိုင်သာယာ အဌမတန်း (A)မှ မောင်သိန်းဇော် ၁၂/ကမရ(နိုင်)၀၆၈၁၆၅၏ မွေးသက္ကရာဇ် အမှန်မှာ ၈-၁၁-၂၀၀၂ ဖြစ်ပါကြောင်း။

## အမည်မှန်

စောမူးဒေ၏သား ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အထက(၅)၊ နဝမတန်း 7 (B)မှ ဩဂုတ်စတီး၏ အမည်မှန်မှာ စောဩဂုတ်စတီး ဖြစ်ပါသည်။

စောဩဂုတ်စတီး

## လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းကြေညာချက်

၁။ ဦးခင်မောင်မြင့်-ဒေါ်ဝင်းဝင်းနုတို့ ၏သား ဗိုလ်ကြီးမြင့်မောင်မောင် ၁/မကတ(နိုင်) ၀၈၆၆၁၁နှင့် ဦးမောင်မောင်အုန်း-ဒေါ်သန်းနွဲ့တို့၏သမီး မမဥ္ဇူမောင် ၁၂/ဒဂန(နိုင်) ၀၃၃၇၇၀ တို့သည် ဒဂုံမြို့နယ်တရားရုံး၌ ၁၁-၂-၂၀၁၆ရက်တွင် လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲကြပြီးဖြစ်ပါသည်။

၂။ မမဥ္ဇူမောင်အနေဖြင့် ဗိုလ်ကြီးမြင့်မောင်မောင် ပိုင်ဆိုင်သောငွေကြေးပစ္စည်း အခွင့်အရေးတစ်စုံတစ်ရာမျှ တောင်းဆိုခြင်း၊ ရယူခဲ့ခြင်း၊ ရယူလိုခြင်းမရှိဘဲ ဇနီးမယားတစ်ဦးအပေါ် စိတ်ဆင်းရဲစေသည့် အပြုအမူများအကြိမ်ကြိမ်ပြုလုပ်မှုကြောင့် ကွာရှင်းပြတ်စဲခဲ့ခြင်းဖြစ်ပြီး နောက်နောင် တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွှယ်ရန် အကြောင်းမရှိတော့ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

လွှဲအပ်ညွှန်ကြားသူ
မမဥ္ဇူမောင်
၁၂/ဒဂန(နိုင်)၀၃၃၇၇၀

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီတာအုန်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)
တိုက်အမှတ်(၃၂)၊ အခန်းအမှတ်(၁၀)၊ ဒုတိယထပ်
၂၃လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

## အများသိစေရန်နှင့် ၇-၂-၂၀၁၆ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၇၏ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်အပေါ် ကန့်ကွက်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ဗားဂရာရိပ်သာသည် လွန်ခဲ့သောနှစ်ပေါင်း (၁၅၀)ခန့်ကတည်းက လူနေရပ်ကွက်အဖြစ်တည်ရှိခဲ့ပြီး အဆိုပါရပ်ကွက်တွင် ရိပ်သာ ၇-၈-၉-၁၀ လမ်းနှင့် ရိပ်သာလမ်းမတန်း စုစုပေါင်း ငါးလမ်းရှိ၍ အိမ်ခြေ ၃၅၀ ခန့် အဆောက်အအုံရှိပြီး နေထိုင်သူမိသားစုဝင်ပေါင်း မြောက်မြားစွာရှိသည့်အပြင် နေထိုင်သူများမှာလည်း လွန်ခဲ့သောနှစ်ပေါင်း ၄၀-၅၀ကျော်ခန့်ကတည်းက ယနေ့တိုင်နေထိုင်လာခဲ့သဖြင့် ၇-၂-၂၀၁၆ရက် မြန်မာ့အလင်းသတင်းစာတွင် စာမျက်နှာ(၂၇)၌ ကြော်ငြာခဲ့သော ကန့်ကွက်နိုင်ကြောင်းကြေညာချက်အပေါ် ရပ်ကွက်အတွင်းနေသူများမှ ကန့်ကွက်ကြောင်းကြေညာအပ်ပါသည်။

ဗားဂရာရိပ်သာတွင်နေထိုင်ကြသူများ
ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်
ဈေးကလေးရပ်ကွက်၊

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၉/၆၉၈၂ SHWE NYI KO Truck L/T (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်စောမွန် ၁/ကမန (နိုင်)၀၀၉၄၄၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၇၈၂၂၈ ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်နွယ်ဝင်း ၉/စကတ(နိုင်)၀၅၇၁၈၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ကျောက်ဆည်)

# ဆိုင်ကယ်ကျော်တက်သည့် ကိစ္စနှင့် ပတ်သက်၍ ဝိုင်းဝန်းရိုက်နှက်မှု ဖြစ်ပွား

**ပခုက္ကူ ဖေဖော်ဝါရီ ၁၁**

ပခုက္ကူမြို့ အမှတ်(၁၅)ရပ်ကွက်၌ တက္ကသိုလ်ကျောင်းသားသုံးဦးအား လူငယ်ခြောက်ဦးက တုတ်များဖြင့် ဝိုင်းဝန်းရိုက်နှက်မှု ဖေဖော်ဝါရီ ၁၀ ရက်ညပိုင်းက ဖြစ်ပွားခဲ့ကြောင်း ပခုက္ကူခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၀ ရက် ည ၁၀ နာရီက ပခုက္ကူမြို့ အမှတ်(၆)ရပ်ကွက် အောင်ဆန်းထူးအဆောင်နေ ဟိန်းဇော်မိုး (၁၉ နှစ်) ပထမနှစ် သချ်ာ(ပခုက္ကူတက္ကသိုလ်)သည် သူငယ်ချင်းများဖြစ်ကြသည့် ဇော်မင်းအောင် (၁၉ နှစ်) တတိယနှစ်(သချ်ာ)နှင့် ဝေသူကျော် (၁၉ နှစ်) ဒုတိယနှစ်(ရူပဗေဒ)တို့နှင့်အတူ ဆိုင်ကယ်တစ်စီးဖြင့် အဆောင်မှ မြို့မလမ်းအတိုင်း အမှတ်(၁၅)ရပ်ကွက် မြို့မလမ်းရှိ မေဇင်စတိုးဆိုင်မှ ဈေးဝယ်ပြီးပြန်ထွက်လာစဉ် ၎င်းတို့အား ဆိုင်ကယ်သုံးစီးဖြင့် လူငယ်ခြောက်ဦးက ဆိုင်ကယ်ကျော်တက်သည့်ကိစ္စနှင့်ပတ်သက်ပြီး မကျေနပ်၍ အသင့်ပါလာသော သစ်သားတုတ်များဖြင့် ဝိုင်းဝန်းရိုက်နှက်ကြရာ ဟိန်းဇော်မိုးနှင့် ဇော်မင်းအောင်တို့တွင် (မစိုးရိမ်ရ)ဒဏ်ရာများနှင့် ဝေသူကျော်တွင် (စိုးရိမ်ရ)ဒဏ်ရာများရရှိခဲ့ခြင်းဖြစ်ကြောင်း တရားလို၏ တိုင်ကြားချက်အရ သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တုတ်ဖြင့်ဝိုင်းဝန်းရိုက်နှက်သူ လူငယ်ခြောက်ဦးအား စုံစမ်းဖော်ထုတ်အရေးယူပေးရန် ဟိန်းဇော်မိုးက တရားလိုပြုတိုင်ကြားခဲ့ရာ ပခုက္ကူမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဖေယျ**

# ယာဉ်တိမ်းမှောက်၍ အမျိုးသမီးတစ်ဦးသေဆုံး

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၇)ရပ်ကွက် ကမ္ဘာအေးဘုရား လမ်းမကြီးပေါ်၌ ဖေဖော်ဝါရီ ၁၀ ရက် ညနေ ၆ နာရီခွဲခန့်က ခရီးသည်တင် ဒိုင်နာယာဉ် တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်းသိရသည်။ **(ယာပုံ)**



ဖြစ်စဉ်မှာ ရှစ်မိုင်လမ်းဆုံ မီးပွိုင့် အနောက်ဘက်မှ ကမ္ဘာအေးဘုရား လမ်းအတိုင်း မောင်းနှင်လာသော မထသ(၉၆)အပြာ ယာဉ်လိုင်းဒိုင်နာ 6A/.... ခရီးသည်တင်ယာဉ် အရှိန်ဖြင့် မောင်းလာစဉ် ခြံအမှတ် (၃၄)မြစန္ဒာကုန်စုံဆိုင်ရှေ့ အရောက် နဝဒေးလမ်းဆုံ အရှေ့ဘက်မှ ကမ္ဘာအေး ဘုရားလမ်းအတိုင်း မောင်းနှင်လာသော IG/.... ဟွန်ဒါဖစ် ကိုယ်ပိုင်ယာဉ်နှင့် အခြား 7E/.... လိုက်ထရပ်ကိုယ်ပိုင်ယာဉ်တို့သည် ခြံအမှတ် (၃၄)အဝင်၌ တိုက်မိခဲ့ရာ ခရီးသည်တင်ယာဉ် တိမ်းမှောက်သွားကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ခရီးသည်အမျိုးသမီးတစ်ဦး (စုံစမ်းဆဲ) အခင်းဖြစ်နေရာ၌ သေဆုံးခဲ့သည်။ ဒဏ်ရာရရှိသူအမျိုးသားနှစ်ဦး၊ အမျိုးသမီး ရှစ်ဦးအား မြောက်ဥက္ကလာပ ဆေးရုံသို့ တင်ပို့ကုသလျက်ရှိပြီး မရမ်းကုန်းမြို့မ ရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ရန်ကုန်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြားနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

တာမွေမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၉ ရက်က တာမွေမြို့နယ် နတ်မောက်ရပ်ကွက် ဦးထွန်းမြတ်လမ်း Vitoria International School အရှေ့ဘက်၌ MDY 1 G/---- Toyota Hilux Vigo မော်တော်ယာဉ်ကို စစ်ဆေးရာ အောင်မြတ်ကျော်(ခ)ညီညီစိုးအား လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့စု(၄၂) ရန်ကုန်(အနောက်)မှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် ဘုမ္မာ(၂)လမ်း အမှတ် (၆၂၄) နေ ဝေသာထွန်း(ခ)မျိုးဇော်၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၃၀၈၀၀ နှင့် ၎င်းငှားရမ်းထားသော လှိုင်သာယာမြို့နယ်အတွင်း ပဒံကျေးရွာ ရွှေကမ်းသာယာအိမ်ရာ Block 46 အမှတ် (B/12) ရှိ ၎င်း၏နေအိမ်မှ လက်နက်ခဲယမ်းများ ထပ်မံဖမ်းဆီးရမိသဖြင့် ဝေသာထွန်း(ခ) မျိုးဇော် (၃၄ နှစ်)နှင့် အောင်မြတ်ကျော် (ခ) ညီညီစိုး (၂၆ နှစ်) တို့ နှစ်ဦးကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



ဝေသာထွန်း(ခ)မျိုးဇော်နှင့် အောင်မြတ်ကျော်(ခ) ညီညီစိုးတို့နှစ်ဦးအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# မော်လမြိုင်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

**မော်လမြိုင် ဖေဖော်ဝါရီ ၁၁**

မွန်ပြည်နယ် မော်လမြိုင်မြို့ ကျိုက်ဖနဲရပ်ကွက် သုတလမ်း အမှတ်(၉၄/ဘီ) နေ ဦးထိပ်တင်ထွန်း (ခ) ဦးထွန်း (၅၆ နှစ်)၏နေအိမ်ကို မွန်ပြည်နယ် မော်လမြိုင်မြို့ မူးယစ်တပ်ဖွဲ့စု (၃၈) ရဲမှူး နိုင်ထန်းမနားနှင့်အဖွဲ့က သတင်းရရှိသဖြင့် ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ပြားပါနှစ်ထုပ်၊ ငါးပြားစီပါ ၁၅ ထုပ်စုစုပေါင်း ၉၅ ပြားကို သိမ်းဆည်းခဲ့ပြီး ဒိုင်းဝန်ကွင်းနယ်မြေရဲစခန်းက ဦးထိပ်တင်ထွန်း(ခ)ဦးထွန်းကို မူးယစ်ဆေးဝါးဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**တင်ထွန်း**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ခြင်းကြောင့် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးအား ၉-၂-၂၀၁၆ရက်တွင် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ခြင်းခံရသည့်အတွက် လည်းကောင်း၊

နိုင်ငံတကာတွင် နိုင်ငံတော်အတွက် ဥပဒေရေးရာနှင့်ပတ်သက်၍ ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ခြင်းကြောင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းနှင့် ညွှန်ကြားရေးမှူး ဦးကျော်ကျော်နိုင်တို့အား ၉-၂-၂၀၁၆ရက်တွင် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ခြင်းခံရသည့်အတွက်လည်းကောင်း၊ မွန်ပြည်နယ်ဥပဒေချုပ်နှင့် မွန်ပြည်နယ်အတွင်းရှိ ဥပဒေအရာရှိများအားလုံးမှ များစွာဝမ်းမြောက်ဂုဏ်ယူမိပါသည်။

**ဦးဝင်းကြည်၊ မွန်ပြည်နယ်ဥပဒေချုပ်နှင့်**
**ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဥပဒေရုံးများရှိ ဥပဒေအရာရှိများ**

## ဒေါက်တာထွန်းရှင်၊ ပြည်ထောင်စုရှေ့နေချုပ်အား အထူးဝမ်းမြောက်ဂုဏ်ပြုအပ်ပါကြောင်း

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၉ရက်တွင် နိုင်ငံတော်သမ္မတမှ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်(ခေါင်းဆောင်)ဆုကို ပေးအပ်ချီးမြှင့်ရာတွင် နိုင်ငံတကာတွင် နိုင်ငံတော်အတွက် ဥပဒေရေးရာနှင့်ပတ်သက်၍ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ခြင်းဟူသည့်ဂုဏ်ဒြပ်ဖြင့် ချီးမြှင့်ခဲ့ခြင်းဖြစ်သည့်အတွက် မွန်ပြည်နယ်ဥပဒေချုပ်နှင့် မွန်ပြည်နယ်အတွင်းရှိ ဥပဒေအရာရှိများအားလုံးမှ အထူးဝမ်းမြောက်ဂုဏ်ပြုအပ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**ဦးဝင်းကြည်၊ မွန်ပြည်နယ်ဥပဒေချုပ်နှင့်**
**ပြည်နယ်၊ ခရိုင်၊ မြို့နယ်များရှိ**
**ဥပဒေအရာရှိများ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၃၂၆၁၄၊ Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းအောင် ၉/မရမ(နိုင်)၀၆၀၀၄၀က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာန အလုပ်လျှောက်လွှာခေါ်ယူခြင်း ကြော်ငြာစာအမှတ် (၁/၂၀၁၆)

၁။ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး၊ ဒု-လ/ထကွန်ပျူတာ စီစဉ်ရေးမှူး၊ အငယ်တန်းလက်နှိပ်စက်ရိုက်ရာထူး (လစာနှုန်းကျပ် (၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀)အတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်။

၂။ အငယ်တန်းစာရေး၊ ဒု-လ/ထကွန်ပျူတာစီစဉ်ရေးမှူး၊ အငယ်တန်းလက်နှိပ်စက်ရိုက်ရာထူးနေရာများအတွက် အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီသူများသည် ကိုယ်တိုင်လျှောက်လွှာပုံစံနှင့်အတူ လိုအပ်သည့် စာရွက်စာတန်းများပူးတွဲ၍ နိုင်ငံခြားရေးဝန်ကြီးဌာန (နေပြည်တော်)နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန(ရန်ကုန်)တို့တွင် ၂၄-၂-၂၀၁၆ရက်နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူဖြစ်ရမည်။
(ဂ) သာမန်ဘွဲ့ရပြီးသူ ၂၉-၂-၂၀၁၆ရက်တွင် အသက် (၂၅)နှစ်ထက် မကျော်လွန်စေရ။
(ဃ) အထူးပြုဘာသာရပ်ဆိုင်ရာ မဟာဘွဲ့ရရှိပြီးဖြစ်ပါက ၂၉-၂-၂၀၁၆ရက်တွင် အသက် (၃၀)ထက် မကျော်လွန်စေရ။
(င) ခြောက်လအတွင်းရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံသုံးပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊ အခြားတတ်ကျွမ်းသော ဘာသာရပ်များအတွက် အောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။
(စ) တစ်လအတွင်း ပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာနှင့် စိတ်အခြေအနေ စစ်ဆေးချက်။
(ဆ) တစ်လအတွင်းပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ကျေးရွာ၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာ။
(ဇ) ခြောက်လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ။
(ဈ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုကြောင်း ထောက်ခံစာ (မူရင်း၊ မိတ္တူ)။

၃။ အငယ်တန်းစာရေး၊ ဒု-လ/ထကွန်ပျူတာစီစဉ်ရေးမှူး၊ အငယ်တန်းလက်နှိပ်စက်ရိုက်ရာထူး နေရာများအတွက် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ သုံးနာရီမေးခွန်းဖြင့် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို ၅-၃-၂၀၁၆ရက် (စနေနေ့) နံနက် ၁၀နာရီမှ မွန်းလွဲ ၁နာရီအထိ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူများအား လူတွေ့စစ်ဆေးခြင်း ပြုလုပ်သွားမည် ဖြစ်ပါသည်။ အရည်အချင်းစစ်ရေးဖြေ စာမေးပွဲကျင်းပပြုလုပ်မည့်နေရာအား နိုင်ငံခြားရေးဝန်ကြီးဌာန၊ နေပြည်တော်တွင် စာမေးပွဲဖြေဆိုခွင့်ခံအမှတ်ထုတ်ပေးမည့် ၃-၃-၂၀၁၆ရက် (ကြာသပတေးနေ့)တွင် အသိပေးအကြောင်းကြားမည် ဖြစ်ပါသည်။

၄။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် အခြားအောင်လက်မှတ်များ၊ အလုပ်သမားမှတ်ပုံတင်စသည်တို့ကို မူရင်း တင်ပြနိုင်ရပါမည်။ အသေးစိတ်သိရှိလိုပါက နိုင်ငံခြားရေးဝန်ကြီးဌာန (နေပြည်တော်) ဖုန်း-၀၆၇-၄၁၂၃၃၄၊ ၀၆၇-၄၁၂၃၄၂နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန (ရန်ကုန်) ၀၁-၂၁၂၈၄၀ နှင့် ၀၉-၈၆၀၁၁၉၈တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ရွှေနဂါး ကျိုက်ထီးရိုး(နေ့စဉ်)
❖ ချောင်းသာ/ငွေဆောင်(နေ့စဉ်)
ဟိုတယ်/စရိတ်ငြိမ်း စီစဉ်ပေးသည်။ ကားစီးလုံးငှားသည်။
Ph: 209077, 209388, 09-73167000, 09-73168000

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာကျေးရွာ၊ အောင်သပြေလမ်းနှင့် ချယ်ရီလမ်းထောင့်ရှိ မြေကွက်အမှတ် ၁၈၆၊ ပုလဲ (၂) ရပ်ကွက်၊ အရှေ့ခြမ်း (ထောင့်ကွက်) အလျားပေ ၆၀×အနံပေ ၄၀၊ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို မြေအမည်ပေါက်ပိုင်ရှင်ဖြစ်သူက ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးစန်းကွန့် ၁၂/ဒဂန(နိုင်) ၀၀၉၀၃၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံ သို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မာမာဇင် (LL.,B)(စဉ်-၈၁၀၄)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၁၆/ခ)၊ ရေနံ့သာ ၂လမ်း၊**
**နတ်မောက်လမ်း၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၁၀၄၅၅၅၁**

**ဒေါ်မနွယ်သင်း**
**(LL.B, DBL)**
**(စဉ်-၃၈၀၉၁)**
**အထက်တန်းရှေ့နေ**

# မိုဘိုင်းဖုန်းကတ်ပျောက်၊ ကတ်ပျက်ဝန်ဆောင်မှုပေးနိုင်ရန် အထူးဝန်ဆောင်မှုပြခန်း ၁၀၀ ကျော် MPT ဖွင့်လှစ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

မိုဘိုင်းဖုန်းသုံးစွဲသူများ ကတ်ပျောက်ခြင်း၊ ကတ်ပျက်စီးခြင်းများ ဖြစ်ပါက အလွယ်တကူပြန်လည်လျှောက်ထားနိုင်ရန်ရည်ရွယ်လျက် မြန်မာနိုင်ငံတစ်ဝန်း အဓိကမြို့ကြီးများ၌ ဝန်ဆောင်မှုပြခန်း ၁၀၀ ကျော်ကို မတ်လမတိုင်မီတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

"မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT က ၂၀၁၆ ခုနှစ်မှာ သုံးစွဲသူအားလုံးအတွက် လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုတွေ မြှင့်တင်သွားဖို့ ရည်ရွယ်ထားပါတယ်။ ကျွန်တော်တို့က ကွန်ရက်တွေကိုလည်း ချဲ့ထွင်လျက်ရှိပါတယ်။ ဒါ့အပြင် မြန်မာပြည်သူပြည်သား ၉၂ ရာခိုင်နှုန်းကိုလည်း 3G ကွန်ရက်ရရှိသုံးစွဲနိုင်ဖို့ အောင်အောင်မြင်မြင် လုပ်ဆောင်ခဲ့ပြီးဖြစ်ပါတယ်။ အခုဆက်ပြီးတော့လည်း ပြည်သူတွေကို ဝန်ဆောင်မှုတစ်ရပ်အဖြစ် အထူးပြခန်းတွေကို ၂၀၁၆ ခုနှစ် မတ်လမတိုင်မီ ဖွင့်လှစ်သွားမှာဖြစ်ပါတယ်" ဟု MPT-KSGM Joint operation ၏ Chief Commercial Officer မစ္စတာကွိုင်ချိကာဝါဆေးက ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဗိုလ်ဆွန်ပက်လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ ပထမဆုံးသော ဝန်ဆောင်မှုပြခန်းဖွင့်ပွဲတွင် ပြောကြားသည်။

မြန်မာနိုင်ငံ၏ ဦးဆောင်ဆက်သွယ်ရေးအော်ပရေတာဖြစ်သော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) အနေဖြင့် ပြည်သူများ မိုဘိုင်းဖုန်းဆက်သွယ်မှုအဆင်ပြေစေရေးအတွက် ကွန်ရက်ကို အကျယ်ပြန့်ဆုံးဖြစ်အောင် ဆောင်ရွက်နေသကဲ့သို့ အင်တာနက်နှင့် 3G ကွန်ရက် ချိတ်ဆက်အားကောင်းလာအောင်လည်း ကြိုးစားဆောင်ရွက်လျက်ရှိသည်။

ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် MPT သုံးစွဲသူ ၁၈ သန်းကျော်ရှိနေပြီး အရောင်းဆိုင်ပေါင်း ရှစ်သောင်းကျော်ရှိနေပြီဖြစ်ကြောင်း၊ မိုဘိုင်းဖုန်းနှင့်ပတ်သက်သည့် အထူးဝန်ဆောင်မှုများဖြစ်သော ကတ်ပျောက်၊ ကတ်ပျက်ပြန်လည်လျှောက်ထားနိုင်မည့် ဝန်ဆောင်မှုပြခန်းများကိုလည်း ဆက်တိုက်ဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ MPT မိုဘိုင်းဖုန်းဝန်ဆောင်မှုပြခန်းများကို ရန်ကုန်မြို့၏ အချက်အချာကျသောနေရာများ အပါအဝင် မန္တလေး၊ စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ ဧရာဝတီ၊ တနင်္သာရီစသော တိုင်းဒေသကြီးများရှိ အဓိကမြို့ကြီးများနှင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်နှင့် ရှမ်းပြည်နယ်ရှိ အဓိကမြို့ကြီးများ၌ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ အကြီးမားဆုံး 3G ကွန်ရက်ကို ပိုင်ဆိုင်ထားပြီး ဖုန်းအသုံးပြုသူပေါင်း ၁၈ သန်းကျော်ရှိနေသည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် မြန်မာပြည်သူပြည်သား သုံးစွဲသူများနှင့် စီးပွားရေးလုပ်ငန်းရှင်ကြီးများအတွက် လိုင်းဖုန်းများနှင့် မိုဘိုင်းဆက်သွယ်ရေးများကို ဝန်ဆောင်မှုပေးလျက်ရှိကာ ယခုအခါ 2G နှင့် 3G နည်းပညာသုံး ကွန်ရက်အဆောက်အအုံများကို တစ်နိုင်ငံလုံးအနှံ့ ဖြန့်ကြက်နိုင်ရန်လည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



# ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးသို့ ငါးအဝင်နှုန်းလျော့နည်းလာ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ရာသီဥတုဖောက်ပြန်မှုကြောင့် အင်းအိုင်မြစ်ချောင်းတို့မှ သဘာဝရေချိုငါးများနှင့် အစာဈေးမြင့်မားမှုကြောင့် မွေးမြူရေးငါးများ ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးအတွင်းသို့ ဝင်ရောက်မှုမှာ တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာပြီဖြစ်ကြောင်း ဈေးကြီးအတွင်းမှ ငါးဆိုင်ပိုင်ရှင်များနှင့် နယ်ပို့ကိုယ်စားလှယ်များက ဆိုကြသည်။



ဈေးကြီးအတွင်းသို့ဝင်လာသော မွေးမြူရေးငါးမြစ်ချင်းများ။

နယ်ပို့ကိုယ်စားလှယ် ဦးလှိုင်က "သဘာဝအင်းအိုင်မြစ်ချောင်းတွေကို အချိန်မီမထိန်းသိမ်းနိုင်ရင်တော့ စကားပုံအတိုင်း ငါးကိုအရုပ်ရေးပြရတော့မယ့် အခြေအနေအထိ ရောက်လာတော့မယ်။ တော်သလင်းနေ ပုစွန်သေဆိုတဲ့ စကားပုံရှိပေမယ့် သေစရာပုစွန်တွေက တဖြည်းဖြည်းနဲ့ ရှားလာပြီ" ဟု ဆိုသည်။

ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ငါးစားသုံးသူ ပြည်သူများအတွက် အဓိက ဈေးကွက်ကြီးဖြစ်သကဲ့သို့ အခြားတိုင်းဒေသကြီးများနှင့် ပြည်နယ်များသို့ နေ့စဉ်ပိဿာရာချီ၍ ပို့ဆောင်ပေးနေရသော ငါးဈေးကြီးဖြစ်သည်။

ဈေးကြီး၏ ငါးဒိုင်ကိုယ်စားလှယ်များအမှုဆောင်အဖွဲ့ရုံး၏ မှတ်တမ်းအရ ၂၀၁၃ ခုနှစ် ရေချိုရေငန်ငါး၊ ပုစွန်နှင့် မွေးမြူရေးကန်များမှ ငါးအဝင်မှာ ပိဿာချိန် သိန်း ၉၀၀ ခန့်ရှိပြီး ၂၀၁၄ ခုနှစ်တွင် ပိဿာချိန် သိန်း ၈၆၀ခန့်ရှိရာ ၂၀၁၅ ခုနှစ်တွင် ပိဿာချိန် သိန်း ၇၅၀ ခန့်သာရှိကြောင်း လေ့လာတွေ့ရှိရသည်။

အထူးသဖြင့် မြစ်ချောင်းအင်းအိုင်တို့မှရရှိသော ငါး၊ ပုစွန်တို့မှာ သဘာဝရာသီဥတုဖောက်ပြန်မှုကြောင့် အဝင်နှုန်းများ သိသာစွာလျော့နည်းလာခဲ့ပြီး ဈေးနှုန်းများ ပိုမိုမြင့်မားလာသည်ကို လေ့လာတွေ့ရှိရသည်။

ထို့အတူ မွေးမြူရေးငါးများဖြစ်သည့် ငါးကြင်း၊ ငါးမြစ်ချင်း စသည့်ငါးများမှာလည်း အစာဈေးမြင့်တက်လာမှုကြောင့် မွေးမြူရေးလုပ်ငန်းရှင်များ တွက်ခြေမကိုက်ဖြစ်လာသည်။ ထို့အပြင် ၂၀၁၅ ခုနှစ်က ရေကြီးရေလျှံမှုတို့ကြောင့် ငါးကန်များ ပျက်စီး၍အရှုံးပေါ်ခဲ့ကြသည်။

တွံ့တေးမြို့နယ်မှ ငါးကန်များပိုင်ရှင် ဦးဝင်းက "အစာဈေးက မနှစ်က တစ်ပေါင်ကို ကျပ် ၇၀၊ ၈၅ ကျပ်ရှိရာက အခုနှစ်မှာ ၁၂၅ ကျပ်၊ ကျပ် ၁၃၀ အထိ တက်လာတယ်။ ကန်တွေမှာ ငါးစာပြည့်အောင်မချနိုင်တော့ဘူး။ ဒါကြောင့် ဆိုက်မမီတဲ့ငါးတွေကိုပဲ ကန်ဖော်ရောင်းရတော့ ဈေးကောင်းမရတော့ဘူးဖြစ်လာတယ်"ဟု အခက်အခဲများကို ပြောပြသည်။

ငါးမျိုးစုံ ဈေးနှုန်းများ ပြီးခဲ့သော နှစ်များအတွင်းကထက် ပိုမိုမြင့်မားစွာ တက်လာခဲ့သည်။ ဥပမာအားဖြင့် ငါးကျည်း၊ ငါးခူ၊ ငါးပုဏ္ဏားဈေးမှာ ၂၀၁၄ ခုနှစ်အတွင်းက တစ်ပိဿာလျှင် ကျပ် ၈၀၀၀၊ ၁၀၀၀၀ ဝန်းကျင်ရှိရာမှ ၂၀၁၅ခုနှစ်အတွင်း တစ်ပိဿာ ကျပ် ၁၀၀၀၀ ကျော်လာပြီး ၂၀၁၆ နှစ်ဦးပိုင်း၌ တစ်ပိဿာလျှင် ကျပ် ၁၅၀၀၀ ခန့်အထိ ဈေးရှိလာသည်။

ဗဟိုစံပြငါးဈေးကြီးအတွင်းသို့ ဖေဖော်ဝါရီ ၉ ရက်က ငါး၊ ပုစွန်အဝင်မှာ ပိဿာချိန် ၁၈၆၃၇၂ ရှိပြီး သဘာဝရေချိုအင်းအိုင်မြစ်ချောင်းတို့မှ ငါးအဝင်မှာ ပိဿာချိန် လေးသောင်းခန့်ဖြစ်သည်။ ရေချိုပုစွန်အဝင်မှာ ပိဿာချိန် ၁၅၀၀၀ ခန့်ဖြစ်၍ မွေးမြူရေးကန်ငါးများအဝင်မှာ ပိဿာချိန် တစ်သိန်းသုံးသောင်းတစ်ထောင်ကျော်ရှိကြောင်း သိရသည်။

**သတင်း-အဝယ်တော်ဖိုးထော်၊ ဓာတ်ပုံ-ရွှေတိုင်သား**

CHINDWIN COLLEGE
helping you engineer your future
edexcel
Approved Center No: 93081



- မြန်မာနိုင်ငံတွင် ပထမဆုံး Higher National Diploma College နှင့် တစ်ခုတည်းသော မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အသိအမှတ်ပြု MES Affiliated HND College ဖြစ်သည်။
- တက်ရောက်နိုင်သည့် HND သင်တန်းများ
  - Electrical & Electronics Engineering
  - Mechanical Engineering
  - Civil Engineering
  - Business Management
  - Business Accounting
  - Hospitality Management
- တက္ကသိုလ်ဝင်တန်းအောင်သူများ International Foundation Course တက်ရောက်နိုင်ပြီး
  - တက္ကသိုလ် ပထမနှစ်အောင်ပြီးသူများ၊
  - ABE Diploma ပြီးသူများ
  - LCCI Level 3 ပြီးသူများ HND ၂နှစ်သင်တန်း တိုက်ရိုက်တက်ရောက်နိုင်သည်။
- HND ရရှိပြီးလျှင် နောက်ဆုံးနှစ်ကို ချင်းတွင်းကောလိပ်တွင်ဖြစ်စေ (သို့) HND ကို အသိအမှတ်ပြုသည့် နိုင်ငံတကာ တက္ကသိုလ် ၁၀၀ကျော်တွင် ဆက်လက် ပညာသင်ယူနိုင်သည်။
- ချင်းတွင်းမှ HND ရရှိပြီးသူများ၊ ချင်းတွင်းမှ ရရှိပြီး UK နှင့် Singapore မှ BE ဘွဲ့ရရှိသူများ၏အရည်အသွေးကြောင့် နိုင်ငံတကာ လုပ်ငန်းများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ကောင်းမွန်နေသည်။

**2016 January Intake အတွက် ကျောင်းအပ်လက်ခံနေပါပြီ။**

ရန်ကုန် - အမှတ်(၇၅) သိမ်ဖြူလမ်း၊ အောက်ဘလောက်။ ☎ 01 - 298 137, 297 673
- ပထမထပ်၊ ဆင်မလိုက်ဈေးသစ်၊ ကြည့်မြင်တိုင်ကမ်းနားလမ်းနှင့် ဟံသာဝတီလမ်းထောင့်။
မန္တလေး စံပယ်ဆောင်၊ ဂရိတ်ဝေါတိုက်ခန်းများ၊ ၇၇ - ၇၈ ကြား၊ ၃၁ - ၃၂ ကြား။ ☎ 02 - 741 79, 682 49

www.facebook.com/chindwincollege
www.chindwincollegemyanmar.com

# ကျေးရွာများ၌ ရေဘေးဒဏ်ကြောင့် ကမ်းပြိုမှု ကာကွယ်ရန် ကျောက်စီရေထိန်းနံရံတည်ဆောက်



**မိုးညှင်း ဖေဖော်ဝါရီ ၁၁**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု မြိုင်သာယာကျေးရွာ၌ ရေဘေးဒဏ်ကြောင့် ကမ်းပြိုမှုကာကွယ်ရန်နှင့်ရေစီးလမ်းကြောင်း ကောင်းမွန်စေရန်အတွက် ကျောက်စီရေထိန်းနံရံတည်ဆောက်ခြင်းကို ပင်လုံကျေးရွာအုပ်စုမြိုင်သာယာကျေးရွာနန့်စီးအောင်ချောင်း၌ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်လွင်နှင့် ဒေသခံများ ဆောင်ရွက်နေကြောင်း သိရသည်။

"အခုလိုဆောင်ရွက်နေတာဟာကျေးရွာကအိမ်တွေနဲ့နီးနေတဲ့အတွက် ကမ်းပြိုမှုကို ကာကွယ်နိုင်ဖို့ဖြစ်ပြီး နန့်စီးအောင်ချောင်း ရေစီးလမ်းကြောင်း ကောင်းမွန်စေဖို့အတွက်လည်းဖြစ်ပါတယ်" ဟု မြိုင်သာယာကျေးရွာနေသူတစ်ဦးက ပြောသည်။ **(ယာပုံ)**

အဆိုပါ ကျောက်စီရေထိန်းနံရံမှာ အရှည်ပေ ၅၀၀၊ အကျယ်ပေ ၂၀၊ အမြင့် ခုနစ်ပေဖြစ်ပြီး မြိုင်သာယာကျေးရွာရှိ ထော်လာဂျီယာဉ်နှင့် ဒေသခံတို့၏ လုပ်အားဒါန၊ စေတနာရှင်များ ထည့်ဝင်လှူဒါန်း ငွေကျပ် သိန်း ၈၀ ခန့်အကုန်ကျခံတည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

ယင်းကျောက်စီရေထိန်းနံရံပြီးစီးသွားပါက ရေဘေးဒဏ်ကြောင့် ကမ်းပြိုမှုကို ကြုံတွေ့နေရသည့် ကချင်ပြည်နယ်ပင်လုံကျေးရွာအုပ်စု မြိုင်သာယာကျေးရွာရှိ ကျေးရွာနေဒေသခံများ ကမ်းပြိုမှုနှင့်ကင်းဝေးသွားမည်ဖြစ်ကြောင်း မြိုင်သာယာကျေးရွာ ရပ်မိရပ်ဖဦးကြီးမောင်က ပြောသည်။

**ခင်မောင်ဆွေ(မော်လူး)**

# လူသားအရင်းအမြစ်ဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရန် မြန်မာ- ဂျပန် ပူးပေါင်းဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

မြန်မာနိုင်ငံတွင် ဥပဒေရေးရာ၊ တရားစီရင်ရေးရာနှင့် ဆက်စပ်ကဏ္ဍများအတွက် လူသားအရင်းအမြစ်ဆိုင်ရာ စွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လိုအပ်သည့်ဥပဒေများ ရေးဆွဲအကောင်အထည်ဖော်ရန် မြန်မာ-ဂျပန် ဥပဒေပိုင်းဆိုင်ရာ ပညာရှင်များ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အစီစဉ်အရ ဂျပန်နိုင်ငံ ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာအဖွဲ့အစည်းဖြစ်သည့် Japan Federation of Bar Associations (JFBA) Committee on Intellentual Property Rights and the IP Lawyers Network မှ အဖွဲ့ဝင် ၂၁ ဦး ပါဝင်သောလေ့လာရေးအဖွဲ့သည် ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၀ နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးသို့ ရောက်ရှိပြီး အမှုကြားနာ စစ်ဆေးမှုများ ဝင်ရောက်လေ့လာကြည့်ရှုသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်နန်းစန္ဒာစမ်း၊ ခရိုင်တရားသူကြီး ဦးထိန်မင်း၊ တွဲဖက်ခရိုင်တရားသူကြီးများ၊ ဒုတိယခရိုင်တရားသူကြီးများနှင့် ဂျပန်နိုင်ငံမှ လေ့လာရေးအဖွဲ့ဝင်များက ဥပဒေရေးရာ၊ တရားစီရင်ရေးရာနှင့် ဆက်စပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့ကို အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။



ခရိုင်တရားသူကြီး ဦးထိန်မင်း ဥပဒေရေးရာနှင့် တရားစီရင်ရေးရာများ ရှင်းလင်းဆွေးနွေးနေစဉ်။

**သတင်း- မင်းခေတ်**
**ဓာတ်ပုံ- မိုးမခ(မြန်မာ့အလင်း)**

# ထူပါရုံစေတီတော်ကြီး ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်အထွတ်တင်လှူပူဇော်ပွဲကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်း

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၁**

စစ်ကိုင်းမြို့ ထူပါရုံစေတီတော်ကြီး ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော် အထွတ်တင်လှူပူဇော်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၉ ရက်က စစ်ကိုင်းမြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံး ပထမထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးတင်ဝင်းက အမှာစကားပြောကြားပြီး ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညို၊ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်း၊ စစ်ကိုင်းတောင်ရိုး သီတဂူ အထွေထွေမန်နေဂျာဦးစိုးဝင်းက သီတဂူဆရာတော်ကြီး၏ ဩဝါဒ မိန့်ကြားချက်များ၊ လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ပြီးစီးမှု အခြေအနေများနှင့် ဖွဲ့စည်း တာဝန်ပေးအပ်ထားသည့် လုပ်ငန်းကော်မတီများက ပူဇော်ပွဲ အခမ်းအနားများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီးက လိုအပ်ချက်များကို မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီးနှင့် တာဝန်ရှိသူများက စေတီတော်ကြီး ပရိဝုဏ်အတွင်းအပြင် လုပ်ကိုင်ဆောင်ရွက်နေမှုများနှင့် ကြိုဆိုဧည့်ခံကျွေးမွေးရေးမည့် နေရာများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**မျိုးဝင်း(စစ်ကိုင်း)**

# တောက်တဲ့ချောင်းတံတားတည်ဆောက်မှု ကွင်းဆင်းစစ်ဆေး

**ပုဏ္ဏားကျွန်း ဖေဖော်ဝါရီ ၁၁**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် မြောက်ပိုင်းဒေသရှိ ပန်းနီလာ၊ ရွှေနတ်ပြင်၊ ဦးချဉ့်စွယ်ခြံသေ့၊ ဆင်ထိန်းကြီး၊ နာရီကန်စသည့် ခြောက်ရွာချင်းဆက် မြေသားလမ်းမကြီးပေါ်ရှိ တောက်တဲ့ချောင်းတံတားတည်ဆောက်ရေးလုပ်ငန်းခွင်အား ဖေဖော်ဝါရီလ ပထမပတ်က ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သန်းနှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။



အဆိုပါတံတားကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေခွင့်ပြုငွေကျပ် သန်း ၁၅၀ ဖြင့် တည်ဆောက်လျက်ရှိရာ တံတားပြီးစီးပါက ဖော်ပြပါ ကျေးရွာများမှ ပြည်သူများ ရန်ကုန်-စစ်တွေ လမ်းမကြီးနှင့် တိုက်ရိုက်ချိတ်ဆက်မိကာ ဒေသဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သူ(ပုဏ္ဏားမြို)**

## သတင်းတိုများ

### သီရိမင်္ဂလာကမ္ဘာအေးစေတီ ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် (၆၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၁ ရက် (တပို့တွဲလဆန်း ၅ ရက်မှ တပို့တွဲလဆန်း ၁၃ ရက်)အထိ ကိုးရက်တိုင်တိုင် ဓမ္မပူဇာသဘင်ကျင်းပခြင်း၊ အသံမစဲမဟာပဋ္ဌာန်းရွတ်ဆိုပူဇော်ခြင်း၊ ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းတို့ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုချစ်**

### လူထုဗဟိုပြုစည်းရုံးရေးမှူးများ သင်တန်းဖွင့်

မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ်၌ ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြု စီမံကိန်း စည်းရုံးရေးမှူးများ သင်တန်းအပိုင်း (၁) ဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ ရက်က မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်း၌ လူထုဗဟိုပြုစီမံကိန်း၏ ရည်ရွယ်ချက်ဖြစ်သည့် ကျေးလက်နေပြည်သူများ၏ အခြေခံအဆောက်အအုံများနှင့် ဝန်ဆောင်မှုများကို လူထုဗဟိုပြု ချဉ်းကပ်နည်းဖြင့် ချို့တဲ့သောကျေးရွာများက အလွယ်တကူ ရယူအသုံးပြုကာ အကျိုးကျေးဇူးများဖြစ်ထွန်းလာစေရန်အတွက် မိတ်ဆက်သင်ကြားခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

### တောင်ရိုးစာပေနှင့်ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌဖလား ဘောလုံးပြိုင်

တောင်ရိုးတိုင်းရင်းသားများစာပေနှင့် ယဉ်ကျေးမှုအသင်းဗဟိုဥက္ကဋ္ဌဖလား အဆင့်မြင့်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ ရက်က နောင်တရားမြို့ ဘန့်ပြင်ကျေးရွာအုပ်စု နောင်မူကျေးရွာ နောင်မူအားကစားကွင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တောင်ရိုးတိုင်းရင်းသားများ စာပေနှင့်ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌက အမှာစကားပြောကြားခဲ့သည်။ အဆိုပါဘောလုံးပြိုင်ပွဲတွင် အသင်းပေါင်း ၁၄ သင်းဖြင့် ပတ်လည်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဖွင့်ပွဲနေ့တွင် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

### သီပေါ၌ လမ်း၊တံတားနှင့် ရေပေးရေးလုပ်ငန်းများဖွင့်

(၆၉) နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်ပြီးစီးခဲ့သော ပြည်သူ့အကျိုးပြုလုပ်ငန်းများဖြစ်သည့် လမ်း၊ တံတားနှင့်ရေပေးရေးလုပ်ငန်းများဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ဈေးရပ်မဟော်ဂနီလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့်အမှုဆောင်အရာရှိ ဦးစိုင်းဝင်းမြင့်တို့က လမ်း၊ တံတားနှင့် ရေပေးရေးလုပ်ငန်း ၅၁ ခု စီစဉ်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး အဆိုပါလုပ်ငန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

### လက်သမားနှင့် ပန်းရန်အတတ်ပညာသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ဇွဲထော်ကျေးရွာသာသနာ့ရံသီဘုန်းတော်ကြီးကျောင်း၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိ၍ မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြုလက်သမား၊ ပန်းရန်အတတ်ပညာသင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးဇော်လင်းနိုင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့ကြောင်းသိရသည်။

**ကိုကျော်(သုံးခွ)**

# သာစည်မြို့ သတ္တဌာနမဟာစေတီ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကျင်းပမည်

**သာစည် ဖေဖော်ဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့ အမှတ်(၁) ရပ်ကွက် ငါးဆူရိပ်သာကျောင်းတိုက် သတ္တဌာနမဟာစေတီ၏ (၄၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကြီးကို တပို့တွဲလဆန်း ၁ ရက်မှ ၁၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတ္တဌာနမဟာစေတီ ဗုဒ္ဓပူဇနိယဘုရားပွဲတော်တွင် မြန်မာ့ရိုးရာနွားပြိုင်ပွဲအဖြစ် နွားကြီး၊ နွားလတ်၊ နွားလေး/အသားကျပြိုင်ပွဲများ၊ အဆင့်မြင့်ဘော်လီဘောပြိုင်ပွဲများ၊ ရပ်ကွက်/ကျေးရွာအဆင့် ဘော်လီဘောပြိုင်ပွဲများ၊ ဇာတ်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးမင်း(သာစည်)**

# လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

**မော်လမြိုင် ဖေဖော်ဝါရီ ၁၁**

မွန်ပြည်နယ်၌ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ မြင့်မားရေး ဆင့်ပွားသင်တန်း (၂/ ၂၀၁၆) ဆင်းပွဲကို ဖေဖော်ဝါရီလပထမပတ်က မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခရိုင်ရုံး၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ခင်ဦးက သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။ အဆိုပါ သင်တန်းတွင် ရုံးစာရေးသားနည်းနှင့် စီမံခန့်ခွဲရေး၊ ပြည်သူ့ဆက်ဆံရေး၊ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေ၊ သတင်းမီဒီယာပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ ပြည်သူ့စာကြည့်တိုက်များ စီမံခန့်ခွဲရေး၊ နိုင်ငံ့သမိုင်းအဆင့်ဆင့် ပြောင်းလဲတိုးတက်မှုများနှင့် ငွေစာရင်းထိန်းသိမ်းနည်းဘာသာရပ်များကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ကျောက်ဆည်မြို့နယ်၌ နနွင်းခင်းများဖော်လျက်ရှိ



**ကျောက်ဆည် ဖေဖော်ဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်မှ နနွင်းစိုက်တောင်သူများသည် နနွင်းခင်းများကိုဖော်၍ တန်ခူးလအမီ ပြန်လည်စိုက်ပျိုးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

နနွင်းစိုက်ပျိုးရေးကို တန်ခူးလတွင် စတင်စိုက်ပျိုးရပြီး ၁၀ လအကြာပြာသို၊ တပို့တွဲလရောက်လျှင် ဖော်ရကြောင်း၊ တစ်ဧကစိုက်လျှင် အသစ်ပေါ်သော လက်ဖျံနနွင်းတက်ဖြင့် စိုက်လျှင် တင်း ၄၀ ခန့်စိုက်ရပြီး နနွင်းခေါင်းဖြင့် စိုက်လျှင် တစ်ဧကလျှင် မျိုးခေါင်းတင်း ၁၀၀ ခန့်စိုက်ပျိုးရကြောင်း၊ နနွင်းမျိုးအတက် ၂၅ တင်းခန့် (လှည်းတစ်စီးစာ) ကို ငွေကျပ် တစ်သိန်းခွဲပေးရကြောင်း သိရသည်။

ကုန်သည် ပွဲစားများကလည်း ပေါက်စျေးအတိုင်း အိမ်တိုင်ရာရောက်ဝယ်ယူကြကြောင်း၊ တစ်ဧကလျှင် တင်း ၂၂၀ မှ ၂၅၀ အထိ ထွက်ကြောင်း၊ တစ်တင်းလျှင် နှစ်ပိဿာနှင့် ၅၀ ကျပ်သား အချိန်စီးကြောင်း၊ နနွင်းစိုက်ပျိုးရေးမှာ မျိုးမဆုံးသော စိုက်ပျိုးရေးဖြစ်ကြောင်း၊ ယမန်နှစ်က စိုက်ပျိုးသော မျိုးခေါင်းကို ပိုးမထိုးခြမကိုက်ဘဲ အကောင်းအတိုင်းပြန်လည်ရရှိကြောင်း၊ ထိုမျိုးခေါင်းပေါ်မှ မျိုးခေါင်းအသစ်နှင့် နနွင်းတက်များ ထပ်ပွားရရှိကြောင်း၊ မျိုးခေါင်းအသစ်ကို လာမည့်နှစ် ပြန်လည်စိုက်ပျိုးရန် ဖယ်ထားပြီး ဘေးတက်များနှင့် ခေါင်းအဟောင်းကို ပေါက်စျေးဖြင့် ရောင်းချရခြင်းဖြစ်ကြောင်း၊ ခေါင်းအဟောင်းများ ပြန်လည်စိုက်ပျိုး၍ မရတော့သော်လည်း လေးစိတ်စိတ်ပြီးရောင်းလျှင် အသစ်ပေါ်သော နနွင်းတက်များ ထက် တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ နှုန်းစျေးပိုရကြောင်း၊ နနွင်းစိုက်ပျိုးပြီးပါက စိုက်ခင်းအတွင်း သီးညှပ်သီးနှံအဖြစ် မိမိတို့အဆင်ပြေသလို နှမ်း၊ ချဉ်ပေါင်၊ နံနံ စသည့် သီးနှံများကို ထည့်သွင်းစိုက်ပျိုးကြကြောင်း နနွင်းစိုက်တောင်သူတစ်ဦးက ပြောသည်။ **အောင်မင်း(စဉ့်ကိုင်)**



# အုတ်ဖိုလုပ်ငန်းများတွင် ထုတ်လုပ်မှုစရိတ်မြင့်သော်လည်း အကျိုးဖြစ်နည်း

**သထုံ ဖေဖော်ဝါရီ ၁၁**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းလုပ်ကိုင်နေသော မြေမီးဖုတ်အုတ်လုပ်ငန်းများသည် ထုတ်လုပ်မှုစရိတ်မြင့်မားပြီး စျေးနှုန်းပုံမှန်သာရှိကာ ရောင်းအားကျဆင်းနေသောကြောင့် အကျိုးဖြစ်ထွန်းမှုနည်းပါးနေကြောင်း အုတ်လုပ်ငန်းလုပ်ကိုင်နေသူများထံမှ သိရသည်။

"အလုပ်သမားခက မနှစ်က ထက်ပိုပေးရသလို အုတ်ဖုတ်ဖို့အတွက် လိုအပ်တဲ့လောင်စာထင်းတွေကလည်းစျေးမြင့်လာတယ်။ စျေးနှုန်းကတော့ တက်မလာတဲ့အပြင် ဒီနှစ်ဆို စီမံကိန်းလုပ်ငန်းတွေကနည်းတော့ အများကြီးဝယ်တာမျိုးနည်းသွားတယ်။ အဝယ်နည်းတော့စျေးက လိုက်တက်လို့လည်းမဖြစ်ဘူး။ ဒီကြားထဲ မိုးကရွာလို့ အုတ်တွေပျက်စီးကုန်တာဆိုတော့ ဒီနှစ်မှာ အုတ်ဖိုတိုင်းလိုလိုက အလုပ်သမားတွေအတွက် နေ့စားခလောက်ပဲရပြီး ဖိုပိုင်ရှင်တွေအတွက်ကတော့ သိပ်ပြီးမကိုက်ကြဘူး" ဟု သထုံမြို့နယ် ကော့သန်ကွင်းတွင် အုတ်ဖုတ်လုပ်ငန်း လုပ်ကိုင်နေသူ ဦးစံခိုင်က ပြောသည်။

ယခင်နှစ်က အုတ်တစ်လုံးလျှင် လုပ်ငန်းခွင်အတွင်း ငွေကျပ် ၃၇ ကျပ်နှုန်းရောင်းချခဲ့ပြီး ယခုနှစ်လည်း ထိုနှုန်းထားအတိုင်းသာရှိကာ အိမ်အရောက်ပို့ပေးရပါက မြို့တွင်း တစ်လုံးလျှင် ငွေကျပ်၄၃ ကျပ်နှုန်း ရောင်းချပေးပြီး ကားခကြောင့် နေရာအကွာအဝေးပေါ် မူတည်၍ အုတ်စျေးနှုန်း အပြောင်းအလဲရှိကြောင်း ယခင်နှစ်က အမျိုးသားအလုပ်သမားတစ်ဦး၏ နေ့စားခ တစ်ရက်လျှင် ငွေကျပ် ၃၃၀၀ ပေးခဲ့ရသော်လည်း ယခုနှစ်တွင် ငွေကျပ် ၄၀၀၀ စျေးပေါက်ကြောင်း ၎င်းက ပြောသည်။

သထုံမြို့နယ်တွင် တရားဝင်ခွင့်ပြုချက်လိုင်စင်ဖြင့် အုတ်ဖိုပေါင်း ၄၀ ခန့်ရှိပြီး အုတ်ဖုတ်လုပ်ငန်းများကို ဒီဇင်ဘာလမှ မတ်လကုန်အထိ လုပ်ကိုင်ကြကာ အုတ်ဖိုတစ်ခုလျှင် တစ်ရာသီပျမ်းမျှ အုတ်အလုံးရေ လေးသိန်းခန့် ထုတ်လုပ်နိုင်ကြောင်း မြို့နယ်အုတ်လုပ်ငန်းရှင်များအဖွဲ့ထံမှ သိရသည်။ **သက်ဦး(သထုံ)**

# ရေတာရှည်မြို့နယ်၌ ကြံစိုက်ပျိုးမှုလျော့ကျကာ လမိုင်းချန်သူများသာရှိနေ

**ရေတာရှည် ဖေဖော်ဝါရီ ၁၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် တစ်နှစ်ထက်တစ်နှစ် ကြံစိုက်ပျိုးသူ လျော့ကျလာသည့်အလျောက် ယခုနှစ်၌ ကြံစိုက်ခင်းသစ်စိုက်ပျိုးသည့် တောင်သူအရေအတွက်များ နည်းပါးသွားခဲ့ပြီး ခုတ်သိမ်းရောင်းချပြီးသား ကြံစိုက်ခင်းများကိုသာ လမိုင်းခင်းအဖြစ်ချန်သူရှိတော့ကြောင်း ဒေသခံတောင်သူတစ်ဦးက ပြောသည်။

"ကြံက အမှန်တကယ် စိုက်မယ်ဆိုရင် တွက်ခြေကိုက်ပါတယ်။ ဒါပေမယ့် တစ်ခုရှိတာက တစ်နှစ်လုံးမှ တစ်သီးပဲရတယ်။ စပါးနဲ့ ပဲအမျိုးမျိုးစိုက်ရင် ကြံစိုက်တာထက် ပိုပြီးအဆင်ပြေကြတော့ ကြံကို မစိုက်ချင်ကြတော့တာ"ဟု ၎င်းက ဆက်၍ပြောသည်။ ကြံတစ်တန်လျှင် ငွေကျပ် ၃၀၀၀၀ ဝန်းကျင်ဖြင့် သကြား စက်ရုံများကဝယ်ယူကာ တောင်သူများအနေဖြင့် မိမိတို့ကြိုက်နှစ်သက်သည့် စက်ရုံများသို့ လွတ်လပ်စွာ ရောင်းဝယ်နိုင်သည့်အတွက် အဆင်ပြေသော်လည်း တစ်ဆင့်ခံ ပြန်လည်ဝယ်ယူသူများက ကားတစ်စီးလျှင် ငွေကျပ် ၈၀၀၀၀ ခန့်အကျိုးအမြတ် ရရှိနေသည်။ စပါးစျေးနှုန်းမြင့်တက်ခြင်း၊ ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံ၊ စားဖိုချောင်သုံး သီးနှံများကအစ စျေးနှုန်းကောင်းမွန်နေခြင်းကြောင့် ကြံစိုက် ပျိုးခြင်းကို စိတ်ဝင်စားမှုလျော့နည်းကာ သကြားစက်ရုံများအတွက် အဓိကကုန်ကြမ်းရရှိနိုင်မှုကျဆင်းပြီး ကြံရာသီသတ်မှတ်ကာလထက် စက်ရုံများရပ်နားခဲ့ကြရသည်ကို တွေ့ရှိရကြောင်းသိရသည်။ **ကိုလွင်(ဆွာ)**



# မိတ္ထီလာမြို့နယ်၌ နွေရာသီတွင် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ကြိုတင်ညှိနှိုင်းဆောင်ရွက်

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၁**

မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နွေရာသီ၌ ရေရှားပါးပြတ်လပ်ပြီး သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်လာနိုင်သော ကျေးရွာများအား အစုအဖွဲ့ဖွဲ့၍ သောက်သုံးရေအလျင်အမြန် ပံ့ပိုးဖြည်းဆည်းနိုင်ရန်အတွက် မြို့နယ်အတွင်း ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ၊ NGO၊စေတနာရှင်များနှင့် လုပ်ငန်းညှိနှိုင်းမှုများ ကြိုတင်ဆောင်ရွက်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

မိတ္ထီလာမြို့နယ်တွင် မြို့ပေါ်ရပ်ကွက်များ၌သာ ရေများပြည့်စုံလုံလောက်မှုရှိသော်လည်း ကျေးရွာများတွင် နွေရာသီ၌ နှစ်စဉ်ရေရှားပါးမှုအခက်အခဲများ ကြုံတွေ့နေကြသည့်အတွက် ယခုနှစ်တွင် သောက်သုံးရေ အခက်အခဲမရှိစေရေး ကျေးရွာ အုပ်ချုပ်ရေးမှူးများက မိမိတို့ဒေသ လက်ရှိသောက်သုံးနေသည့် ကန်များ၊ စိမ့်စမ်းများ၊ တွင်းများ၏ အခြေအနေများကိုတင်ပြကြသည်။ အချို့ကျေးရွာအုပ်စုအများစုမှာ သောက်သုံးရေ အဆင်ပြေနိုင်သော်လည်း သီပင်ကုန်း၊ ညောက်စောက်၊ ဂဠုန်းကုန်း၊ ကျောက်ဖြူကုန်း၊ ကံကြီး၊ ဇရပ်ကုန်း၊ တပျော်၊ မွေ၊ အလည်ရွာ၊ မြောက်လည်၊ သရက်ပင်၊ ကွယ်ကန်၊ အင်း၊ ဆပ်ပြာ ကျင်းကျေးအုပ်စုအတွင်းရှိ ကျေးရွာများ၌ အသုံးပြုလျက်ရှိသည့် ကန်များ၊ စိမ့်စမ်းရေများ၊ ဆည်များ၊ တွင်းများ၏ အခြေအနေများမှာ အခက်အခဲ ဖြစ်ပေါ်လာနိုင်ကြောင်း တင်ပြခဲ့ကြသည်။

အဆိုပါ သောက်သုံးရေ အခက်အခဲဖြစ်နိုင်သည့် ကျေးရွာများအား မြို့နယ်အုပ်ချုပ်ရေးမှူးက လက်ရှိအသုံးပြုနေသည့် ကန်များ၊ ဆည်များ၊ ရေတွင်းများ လေလွင့်ပျက်စီးမှုမရှိစေရေး၊ ရေရှားပါးမှုဖြစ်ပေါ်လာပါက အနီးဆုံးရေရှိနိုင်မည့်နေရာများ ကြိုတင်လေ့လာထားရန်၊ ရေတွင်း၊ ရေကန်များ ပြန်လည်ပြုပြင်ထားရန်၊ သောက်သုံးရေ အခက်အခဲဖြစ်ပေါ်လာပါက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများကို ဆက်သွယ်ရန်၊ ထို့သို့ ဆက်သွယ်လာပါက မီးသတ်ဦးစီးဌာနမှ ရေဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ်ငါးစီးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေသယ်ယာဉ်နှစ်စီးဖြင့် အလျင်အမြန် ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ပြောကြားခဲ့သည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

# သည်းခြေကျောက်တည်ခြင်း

## ပါမောက္ခခင်မောင်ဝင်း (အသည်း)

**အပိုင်း (၁၁)**

(ကျွန်တော်ကိုယ်တိုင် စင်ကာပူနိုင်ငံ အထွေထွေဆေးရုံကြီးမှာ သည်းခြေအိတ်ကိုအပေါက်လေးဖောက်ပြီးထုတ်ခဲ့တုန်းက အောင်အောင်မြင်မြင်ခွဲစိတ်ပြီးတဲ့နောက် မေ့ဆေးပြေလာပြီး ကျွန်တော့်အခန်းထဲကို ပြန်ရောက်လာတဲ့အကြောင်း ပြောနေပါတယ်။)

**အံ့မခန်း အပေါက်ဖောက်ခွဲစိတ်တဲ့နည်း**

အပေါက်လေးသုံးပေါက်ဖောက်ပြီး (Laparoscopic Surgery)လက်ပါရိုစကုတ်ခွဲစိတ်နည်းနဲ့ သည်းခြေကျောက်နဲ့ သည်းခြေအိတ်ကိုဖောက်ထုတ်ပြီးခွဲတဲ့နည်းဟာ တကယ့်ကို အံ့မခန်းလောက်အောင်ကောင်းမွန်တဲ့ နည်းစနစ်ပါ။ ဘာမှလည်း သိပ်မခံစားရဘဲနဲ့ တော်တော်ကို ညင်ညင်သာသာနဲ့ အလုပ်အကိုင်မပျက် ခွဲစိတ်ကုသတဲ့နည်းပါ။ အတော်ကိုလည်း စိတ်ချရတဲ့ အန္တရာယ်ကင်းတဲ့ ခွဲစိတ်နည်းပါ။ ဘာမှကို ကြောက်စရာမကောင်းပါဘူး။

ကျွန်တော်ကိုယ်တိုင် ကိုယ်တွေ့နဲ့ ဒီအကြောင်းကို ဆက်ပြောရမယ်ဆိုရင် တကယ့်ကို စိတ်ချရပြီး ရက်အတိုဆုံးနဲ့ အလုပ်အကိုင်မပျက်တဲ့ ခွဲစိတ်နည်းစနစ်ပါလို့ ပြောချင်ပါတယ်။

ရှေ့မှာပြောခဲ့သလို ကျွန်တော်ကိုယ်တိုင် အပေါက်ဖောက် ခွဲစိတ်ပြီး ကျွန်တော့်အခန်းထဲ ပြန်ရောက်ပြီး ခွဲစိတ်တဲ့ဆရာဝန်က ရေသောက်လို့ရပါပြီလို့ ပြောလို့ အရည်မျိုးစုံကိုသောက်ပြီး မိသားစုရယ်၊ အမျိုးတစ်သိုက်ရယ်နဲ့ စကားတွေပြော တရုန်းရုန်းနဲ့ တကယ့်ပျော်စရာကြီးပါ။

ညနေရောက်တော့ ကျွန်တော့်ကိုခွဲတဲ့ ခွဲစိတ်ပါရဂူ ဒေါက်တာပီယာ့စ်ချောင်းတို့ ရောက်လာပြီး "Prof Khin မင်း ခပ်ပျော့ပျော့တော့ စားလို့ရပါပြီ"လို့ ပြောပါတယ်။ ဒါနဲ့ မနက် ၈ နာရီခွဲလောက်မှာစခွဲပြီး ၁၀ နာရီခွဲမှာ ခွဲပြီးထားတဲ့ ကျွန်တော်ဟာ ညနေ ၆ နာရီလောက်မှာ ဆန်ပြုတ်စားနေပါပြီ။ အပေါက်ဖောက်ပြီးခွဲထားတဲ့ နေရာလေးမှာ နည်းနည်းလေးပဲနာနေတာကလွဲလို့ ဘာဆိုဘာမှ မခံစားရပါဘူး။ ညစာစားပြီးတော့လည်း ကျွန်တော့်မိသားစုနဲ့ အမျိုးတွေ တော်တော်နဲ့မပြန်ကြလို့ ည ၁၀ နာရီလောက်ရောက်တော့ ပြန်ကြတော့ဆိုပြီး မနည်းပြောပြီး ပြန်ခိုင်းရပါတယ်။

အခန်းထဲမှာ တရားဝင်ခုတင်ထိုးပြီး အိပ်ခွင့်ပေးထားတော့ ကျွန်တော့်ဇနီး ဒေါက်တာခင်လေးရီက စောင့်ပြီး ဆေးရုံကပေးတဲ့ ခေါက်ခုတင်လေးပေါ်မှာ အိပ်ပါတယ်။ ၁၀ နာရီထိုးလောက်မှာ ကျွန်တော်အိပ်လိုက်တော့ ကျွန်တော့်ရဲ့ထုံးစံအတိုင်း တုန်းခနဲတစ်ခါတည်း အိပ်ပျော်သွားပါတယ်။

**ခွဲပြီး နောက်တစ်နေ့**

ခွဲပြီးညမှာ တစ်ကျိုးတည်းအိပ်လိုက်တာ တစ်ညလုံး တုတ်တုတ်မှမလှုပ်၊ လုံးဝကိုမနိုးဘဲ မနက် ၈နာရီလောက်မှ နိုးလာပါတယ်။

ညကတည်းက ဒေါက်တာပီးယာ့စ်ချောင်းက "Prof. Khin မနက်လင်းရင် မင်းစားချင်တာ စားလို့ရပါပြီ"လို့ မှာသွားတဲ့အတွက် အိပ်ရာကနိုးလာတာနဲ့ ဆေးရုံကလာပေးထားတဲ့ မနက်စာ breakfast ကို တဝတပြဲ စားပါတော့တယ်။ ဆေးရုံကပေးတဲ့ breakfast ဆိုပေမယ့် တကယ်စားလို့ကောင်းပါတယ်။ ဆန်ပြုတ်၊ အီကြာကွေးနဲ့ ဒင်ဆမ်၊ ကော်ဖီ၊ ပေါင်မုန့်ထောပတ်သုပ်ဆိုတော့ ကျွန်တော်တင်မက ကျွန်တော့်ဇနီးပါ ဗိုက်ပြည့်အောင် စားလို့ရပါတယ်။

၉ နာရီလောက်ရောက်တော့ ကျွန်တော့်မိသားစုနဲ့ အမျိုးတွေတစ်ပြုံကြီးပြန်ရောက်လာပြီး carrot cake၊ အီကြာကွေးအချောင်းကြီးတွေ၊ လက်ဖက်ရည်တွေနဲ့ တခြားစားစရာတွေ အပြည့်ကိုယူလာကြပြန်တယ်။ ကျွန်တော်လည်း မနေနိုင်တော့ဘဲ ဟိုတို့ဒီတို့နဲ့ ယူစားမိပြန်ပါတယ်။

၁၀ နာရီလောက်ရောက်တော့ ခွဲစိတ်ဆရာဝန်ကြီး ဒေါက်တာပီယာ့စ်ချောင်း ရောက်လာပြီး ကျွန်တော့်ဗိုက်ကို စမ်းသပ်ပြီး "အားလုံး အိုကေပဲ Prof. Khin အခုအိမ်ပြန်ချင်ရင် ပြန်လို့ရပါပြီ။ စားချင်တာလည်း အကုန်စားလို့ရပါပြီ။ နှစ်ပတ်လောက်ကြာရင် Full activity လုပ်ချင်ရာလုပ်နိုင်ပါပြီ။ Prof. Khin ကြိုက်တဲ့ ဂေါက်သီးလည်း ရိုက်လို့ရပါပြီ"လို့ ရွှန်းရွှန်းဝေဝေ စကားတွေပြောပြီး ပြန်သွားပါတော့တယ်။

ဒါနဲ့ ကျွန်တော့်အမျိုးတွေလည်း ဆေးရုံဆင်းဖို့ ပြင်ဆင်ကြရတာပေါ့။ အထုပ်တွေသိမ်းနဲ့ အလုပ်တွေရှုပ်ကုန်ကြပါတယ်။ ကျွန်တော့်ဇနီးနဲ့ ကျွန်တော့်သမီးငယ်နှစ်ယောက်သား အခန်းထဲက ထွက်သွားပြီး ဆေးရုံဆင်းဖို့ ငွေတွေရှင်းကြတော့တယ်။ တကယ်တမ်း ငွေသွားရှင်းတော့ ခွဲစိတ်ပါရဂူ ဒေါက်တာပီးယာ့စ်ချောင်းက သူ့အတွက် ခွဲစိတ်ခကို လုံးဝယူမထားပါဘူး။ အဲတော့ ခွဲစိတ်ခ ကုန်ကျစရိတ်ဟာ အခန်းခနဲ့ ဆေးဖိုးပဲ ကျပါတယ်။ အဲတော့ ခွဲစိတ်ပါရဂူခမပါဘဲဆိုတော့ စင်ကာပူဒေါ်လာ တစ်ထောင်လောက်ပဲ ရှင်းခဲ့ရပါတယ်။

**စင်ကာပူဆေးရုံအတွေ့အကြုံ**

စင်ကာပူအထွေထွေဆေးရုံကြီးမှာ ကျွန်တော်ဆေးရုံတက်ခဲ့ရတာကို ပြောရမယ်ဆိုရင်တော့ တော်တော့်ကို စိတ်ကျေနပ်စရာ ကောင်းပါတယ်လို့ ပြောရပါမယ်။

ဆေးရုံကိုစရောက်ကတည်းက မှတ်ပုံတင်၊ အခန်းယူ၊ မှတ်တမ်းတင် အခန်းပေး ပြောရမယ်ဆိုရင် အလုပ်လုပ်ကြတဲ့ ဆရာဝန်၊ ဆရာမ၊ အလုပ်သမားအားလုံးဟာ တာဝန်အရ လုပ်ရသလိုမဟုတ်ဘဲ တကယ့်ကို စိတ်ပါလက်ပါလုပ်နေကြတယ်လို့ ကျွန်တော်ခံစားရပါတယ်။

ဆေးရုံ၊ အခန်း၊ စက်ကိရိယာ၊ အိပ်ရတဲ့ခုတင်၊ နံရံ၊ ကြမ်းခင်း၊ ပြောရမယ်ဆိုရင် အရာရာတိုင်းဟာ ဆေးရုံတစ်ရုံကိုဆောက်သင့်တဲ့ ပစ္စည်းကိရိယာတွေနဲ့ ဆောက်ထားတာဆိုတော့ ခေတ်မီဆေးရုံတစ်ရုံမှာ တက်ရတယ်လို့ ခံစားရပါတယ်။

ဒီနေရာမှာ ကြုံလို့ပြောရမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံမှာ တကယ့်အပြည်ပြည်ဆိုင်ရာအဆင့်မီ (International Hospital) ဆေးရုံတစ်ခု လိုနေပါတယ်။ ဆေးရုံတစ်ခုဆောက်တယ်ဆိုတာ (Hospital Architect)လို့ ခေါ်တဲ့ ဆေးရုံတွေကိုပဲဆောက်တဲ့ သီးသန့်ဆေးရုံဗိသုကာပညာရှင်တွေက ဆောက်ရမှာပါ။ ခပ်လွယ်လွယ်နဲ့ လူနေကွန်ဒိုကို ဆေးရုံပြောင်းလုပ်၊ ဟိုတယ်ကို ဆေးရုံပြောင်းလုပ်၊ လုပ်ချင်သလို လုပ်နေလို့ရှိရင် အပြည်ပြည်ဆိုင်ရာအဆင့်ကို ဘယ်တော့မှ မီနိုင်မှာမဟုတ်ပါဘူး။

ဆေးရုံကို အုပ်ချုပ်တဲ့စနစ်ဆိုတာလည်း (Hospital Administration) ပညာရပ်တစ်ခုလို သေချာနားလည်ထားတဲ့ ပါရဂူတွေ လိုနေပါသေးတယ်။ ပစ္စည်းကိရိယာ (Equipment) တွေ ဝယ်တဲ့အခါမှာလည်း ဆေးရုံသုံးပစ္စည်းကိရိယာတွေကိုနားလည်တဲ့ကိရိယာ အထူးကျွမ်းကျင် Equipment specialist ဆိုတဲ့သူတွေက ရွေးချယ်ဝယ်ပြီးတပ်ဆင်ရပါမယ်။ ဆေးရုံဆောက်တာမှာလည်း သုံးတဲ့ပစ္စည်းတွေကခေတ်မီ လိုအပ်တဲ့ဆေးရုံသုံး ဆောက်လုပ်ရေးပစ္စည်းတွေပဲ ဖြစ်ရပါမယ်။ ဆေးရုံဆောက်လုပ်တာမှာလည်း ခေတ်မီအတွေးအခေါ်တွေနဲ့ တည်ဆောက်ရပါမယ်။

ကျွန်တော်တို့ဟာ ခေတ်မီဆေးရုံတည်ဆောက်ရေး (Architecture)၊ အုပ်ချုပ်ရေး (Administration)နဲ့ ဆေးရုံလုပ်ဆောင်မှုတွေလုပ်ရေး (Operation)တွေနဲ့ အတော့်ကို ကင်းကွာနေပါပြီ။

ကျွန်တော် စင်ကာပူဆေးရုံကြီးကနေ ဆေးရုံဆင်းဖို့ ပြင်ဆင်နေရင်းနဲ့ ငါတို့မြန်မာနိုင်ငံမှာ တကယ့်ကို နိုင်ငံတကာ အဆင့်မီတဲ့ Truly international hospital တစ်ခု ရှိဖို့လိုနေပြီလို့ တွေးလိုက်မိပါတယ်။

(နောက်အပတ်မှာ ဆက်ရေးသွားပါမယ်)

ကျွန်တော်တို့နိုင်ငံမှာ တကယ့်အပြည်ပြည်ဆိုင်ရာအဆင့်မီ (International Hospital) ဆေးရုံတစ်ခု လိုနေပါတယ်။ ဆေးရုံတစ်ခုဆောက်တယ်ဆိုတာ (Hospital Architect)လို့ခေါ်တဲ့ ဆေးရုံတွေကိုပဲဆောက်တဲ့ သီးသန့်ဆေးရုံဗိသုကာပညာရှင်တွေကဆောက်ရမှာပါ။ ခပ်လွယ်လွယ်နဲ့ လူနေကွန်ဒိုကိုဆေးရုံပြောင်းလုပ်၊ ဟိုတယ်ကို ဆေးရုံပြောင်းလုပ်၊ လုပ်ချင်သလိုလုပ်နေလို့ရှိရင် အပြည်ပြည်ဆိုင်ရာအဆင့်ကို ဘယ်တော့မှ မီနိုင်မှာမဟုတ်ပါဘူး။ ဆေးရုံကို အုပ်ချုပ်တဲ့စနစ်ဆိုတာလည်း (Hospital Administration) ပညာရပ်တစ်ခုလို သေချာနားလည်ထားတဲ့ ပါရဂူတွေ လိုနေပါသေးတယ်။

# ရရှိနိုင်သည့်စိုက်ပျိုးရေဖြင့် သီးထပ်သီးညှပ်များစိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိ

**နတ်မောက် ဖေဖော်ဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ ၂၀၁၅-၂၀၁၆ခုနှစ် မိုးကောင်းသောက် သီးနှံမျိုးစုံစိုက်ဧရိယာ ၆၇၉၅၃၁ ဧက စိုက်ပျိုးနိုင်ရန် လျာထားသည့်အနက် စိုက်ပျိုးရေရရှိရေး နည်းလမ်းမျိုးစုံဖြင့် အသားတင်စိုက်ပျိုးမြေနှင့် သီးထပ်သီးညှပ်စိုက်ပျိုးဧရိယာ စုစုပေါင်း ၆၇၂၈၁၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ စိုက်ပျိုးပြီးသည့် ဧကများအပြင် နှမ်းစပါးနှင့် နှမ်းသီးနှံများ စိုက်ပျိုးနိုင်ရေး၊ ဒေသရေမြေနှင့်သင့်တော်သည့် သီးနှံပုံစံများ စိုက်ပျိုးနိုင်ရေးအတွက်လည်း စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးဇော်လင်းက ပြောသည်။

နတ်မောက်မြို့နယ်အတွင်းမှ စိုက်ပျိုးမြေအများစုသည် မိုးကောင်းသောက်ယာမြေများဖြစ်ပြီး သီးနှံစိုက်တောင်သူများအနေဖြင့် စိုက်ပျိုးရေလုံလောက်စွာရရှိနိုင်သည့် မိုးရာသီကာလအတွင်း အဓိကထား၍ စိုက်ပျိုးကြရကြောင်း သိရသည်။ အချို့ကျေးရွာအုပ်စုများတွင် စိုက်ပျိုးရေရရှိရေးအတွက် ဆည်ငယ်ကန်ငယ်များ ပြုပြင်တည်ဆောက်ကြပြီး မြေအောက်ရေတွင်း(ပိုက်တွင်း)များ တူးဖော်၍ စိုက်ပျိုးရေရရှိအောင်ဆောင်ရွက်ကာ စိုက်ပျိုးရေကို အကျိုးရှိစွာသုံး



စွဲနိုင်ရေးအတွက် ရာသီဥတုနှင့်ကိုက်ညီပြီး သင့်တော်ဖြစ်ထွန်းနိုင်သည့် သီးနှံများဖြစ်သော ကုလားပဲ၊ နေကြာ၊ ခရမ်းချဥ်၊ စားဖိုဆောင်သီးနှံများနှင့် နှစ်ရှည်သီးပင်များကို သီးထပ်သီးညှပ်အဖြစ် စိုက်ပျိုးကြကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**

# စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြောပွဲ အကြိမ်(၇၀) ပြုလုပ်ပြီး

**မြိုင် ဖေဖော်ဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်နှင့် ဂန့်ဂေါခရိုင်များအတွင်းရှိ မြို့နယ်များ၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများကို အကြိမ် ၇၀ အထိ ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

ပခုက္ကူခရိုင် မြိုင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာသင်တန်းကျောင်းတို့၌ ဖေဖော်ဝါရီ ၉ ရက်က ကျင်းပခဲ့သော စားသုံးသူအကာကွယ်ပေးရေး အသိပညာပေးဟောပြောပွဲတွင် ပခုက္ကူခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှူး ဦးသန်းဦးက ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဟောပြောပွဲတွင် အမျိုးသမီး အိမ်တွင်းမှုသက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြအေးက အမှာစကားပြောကြားပြီး ပခုက္ကူခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှူးက စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဥပဒေပြဋ္ဌာန်းချက်များ၊ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဦးစီးဌာနအနေဖြင့် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဦးစီးဌာနမှ တာဝန်ရှိသူများက စံချိန်စံညွှန်းမမီသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကြောင့် စားသုံးသူများ ထိခိုက်မှုမရှိစေရန် ကာကွယ်ပေးခြင်းနှင့် အစားအသောက်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကြောင့် စားသုံးသူများ ထိခိုက်နစ်နာမှုမရှိစေရန် ကာကွယ်ပေးခြင်းအကြောင်းများကိုလည်းကောင်း၊ စားသုံးသူများအနေဖြင့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများသုံးစွဲရာတွင် သိရှိသင့်သော ဆောင်ရန်ရှောင်ရန်များကိုလည်းကောင်း ဟောပြောခဲ့ကြသည်။

**စိန်မြိုင်(မြိုင်)**

# မြိုင်မြို့သို့ ရေပေးဝေမည့် ဂါလန် ၅၀၀၀၀ ဆံ့ ရေဖြန့်ဝေကန် ဖွင့်လှစ်

**မြိုင် ဖေဖော်ဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်မြိုင်မြို့၌ မြို့နေပြည်သူ ၇၀၀၀ နီးပါး၏ ရေလိုအပ်မှုကို အထောက်အပံ့ပေးနိုင်မည့် ဂါလန် ၅၀၀၀၀ ဆံ့ ရေဖြန့်ဝေကန် ဖွင့်ပွဲကို (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၉ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုဥက္ကဋ္ဌ ဦးကျော်အေးက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကော်မတီဥက္ကဋ္ဌ ဦးအောင်သန်းက မြိုင်မြို့ပေါ်တွင် ရပ်ကွက်(၁/၂/၃)ရှိ အိမ်ထောင်စု ၁၄၈၆ စုမှ လူဦးရေ ၆၈၀၇ ဦးအတွက် တစ်ရက်လျှင် ရေဂါလန် ၁၃၅၆၀၀ လိုအပ်ကြောင်း၊ လက်ရှိရေပေးဝေမှုမှာ ရေဂါလန် ၂၀၀၀၀ ဆံ့ ရေကန်တစ်ကန်နှင့် ၁၀၀၀၀ ဆံ့ ရေဂါလန်တစ်ကန်တို့မှ အလှည့်ကျစနစ်ဖြင့် သုံးရက်တစ်ကြိမ် ရေပေးဝေလျက်ရှိရာ လုံလောက်မှုမရှိသဖြင့် ရေထပ်မံရရှိအောင် ဂါလန် ၅၀၀၀၀ ဆံ့ ရေကန်ရရှိရန် ကြိုးစားဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့မိမြို့ဖတစ်ဦးက ရေကန်တည်ဆောက်ပေးသည့်အတွက် ကျေးဇူးတင်စကား ပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိ ဦးဟန်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ဂါလန် ၅၀၀၀၀ ဆံ့ ရေဖြန့်ဝေကန်သည် အလျားပေ ၄၀၊ အနံ ၃၅ ပေ၊ အမြင့် ၈ ပေ ရှိပြီး ရေဖြန့်ဝေကန်အတွက် သီးသန့် လေးလက်မ ပိုက်လိုင်းကို ရေတွန်းစက်ရုံမှ အရှည်ပေ ၄၈၇၀ ရှိ ပိုက်လိုင်းဖြင့် တစ်ပါတည်း သွယ်တန်းထားကြောင်း၊ ရေဖြန့်ကန် ဆောက်လုပ်ခြင်း၊ ပိုက်လိုင်းသွယ်တန်းခြင်း၊ မြေဝယ်ယူခြင်း၊ ခြံစည်းရိုးခတ်ခြင်း အပါအဝင် စုစုပေါင်းအဖွဲ့ရန်ပုံငွေ ကျပ်သိန်း ၃၉၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခင်ရှိပြီးဖြစ်သော ရေဖြန့်ဝေကန်နှစ်ကန်မှာ ရေဂါလန် ၃၀၀၀၀ ဆံ့ပြီး ယခု ဂါလန် ၅၀၀၀၀ ဆံ့ ရေဖြန့်ဝေကန်သစ်အပါအဝင် ရေဂါလန် ၈၀၀၀၀ ဖြင့် ရေဖြန့်ဝေပေးမည်ဖြစ်၍ မြို့ပေါ်နေ ပြည်သူများအနေဖြင့် နေ့စဉ် ရေလုံလောက်စွာ သုံးစွဲနိုင်တော့မည့်အပြင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုပါ အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကျော်မြင့်**

# ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းရင်းသားလူမျိုးစုများ ဈေးရောင်းပွဲတော်ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၁**

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ပဉ္စမအကြိမ် တိုင်းရင်းသားလူမျိုးစုများ ဈေးရောင်းပွဲတော်ကို မန္တလေးမြို့ ၃၅ လမ်းရှိ ရှမ်းတိုင်းရင်းသားများ သာရေးနာရေးအသင်း (ရှမ်းအသင်းတိုက်) ကွင်းပြင်၌ ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းမှ စတင်ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းပန်းဆိုင်က တိုင်းရင်းသားလူမျိုးများ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ပြသပြီး မပျောက်မပျက်အောင် အမြဲထိန်းသိမ်းစောင့်ရှောက်နိုင်ရန်၊ တိုင်းရင်းသားလူမျိုးစုများအချင်းချင်း ပိုမိုနားလည်မှုရရှိစေရန်နှင့် ပြည်ထောင်စုစိတ်ဓာတ်အမြဲကိန်းအောင်းကာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်သည့် ပြည်ထောင်စုကြီး အမြဲရှင်သန်နေရန် စသည့် ရည်ရွယ်ချက်များဖြင့် တိုင်းရင်းသားလူမျိုးများ ဈေးရောင်းပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။ ဈေးရောင်းပွဲတော်ဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ခဲ့ကြသည်။

အဆိုပါဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ နေ့စဉ် ညနေ ၆ နာရီမှ ည ၁၁ နာရီအချိန်အထိ ကျင်းပမည်ဖြစ်ပြီး ဈေးရောင်းပွဲတော်တွင် ကချင်၊ ကရင်၊ ကယန်း၊ ကိုးကန့်၊ ချင်း၊ တအောင်း၊ တောင်ရိုး၊ နာဂ၊ ပအိုဝ်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း၊ ရှမ်းနီ၊ အင်းသား စသည့် တိုင်းရင်းသားလူမျိုးစုများ၏ တိုင်းရင်းသားရိုးရာအသုံးအဆောင်များ၊ ကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ ရိုးရာအစားအစာများကို တစ်ချိန်တည်း တစ်နေရာတည်းတွင် တွေ့မြင်ခံစား ဝယ်ယူအားပေး သုံးဆောင်နိုင်မည်ဖြစ်ကာ တိုင်းရင်းသားလူမျိုးစုများ၏ ယဉ်ကျေးမှု အကပဒေသာများဖြင့်လည်း ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းနိုင်(တမူး)**




# မြစ်ကြီးနားမြို့တွင် ကိုယ်ခန္ဓာပြန်လည်သန်စွမ်းရေးဌာန အဆောက်အအုံသစ်ဖွင့်လှစ်မည်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ၏ ပံ့ပိုးမှုဖြင့် မြစ်ကြီးနားမြို့ ကိုယ်ခန္ဓာပြန်လည်သန်စွမ်းရေးဌာန အဆောက်အအုံသစ်ကို ယခုနှစ် ဇူလိုင်လအတွင်း ဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း ကိုယ်ခန္ဓာပြန်လည်သန်စွမ်းရေးဌာန ကိုယ်စားလှယ်ရုံးခွဲ(မြစ်ကြီးနား)မှ တာဝန်ခံ Mr.Xavier ၏ ပြောကြားချက်အရ သိရသည်။

အဆိုပါဌာနမှာ နှစ်ကေကျယ်ဝန်းပြီး ဆွစ်ဇာလန်နိုင်ငံသုံးငွေ CHF ၁ ဒသမ ၇ သန်း (ကျပ်သန်းပေါင်း နှစ်ထောင့်တစ်ရာခန့်) အကုန်အကျခံ၍ ခြေတုလက်တုလူနာ ၅၆ ဦး တက်ရောက်ကုသနိုင်မည့် အဆောက်အအုံဖြစ်ကာ ဘတ်စကက်ဘောကစားကွင်းအပါအဝင် အဆောက်အအုံ ၂၆လုံးပါဝင်ကြောင်း၊ အဆောက်အအုံများကို မနောဓရာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က တာဝန်ယူဆောက်လုပ်နေပြီး တစ်နှစ်လျှင် ခြေတု ၂၅၀ ခန့် ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ အဆောက်အအုံ ဆောက်လုပ်မှု ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်းနှင့် အဆောက်အအုံဆောက်လုပ်မှုများအားလုံးပြီးစီးပါက ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ကာ လိုအပ်သည့်ပစ္စည်းများ ထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရသည်။

ယခင်က ကချင်ပြည်နယ်အတွင်း ကိုယ်ခန္ဓာမသန်စွမ်းသူများအား မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ရေနံ့သာအနာကြီးရောဂါကုဆေးရုံကြီးသို့ ပို့ဆောင်ကုသခဲ့ရရာ ၂၀၁၃ ခုနှစ် ဒီဇင်ဘာမှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာထိ ကိုယ်အင်္ဂါချို့ယွင်းသည့် လူနာ ၁၆၀ ကို ပို့ဆောင်ကုသပြီး ခြေတု ၁၈၁ ခုကို အခမဲ့ ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခု ၂၀၁၆ ဖေဖော်ဝါရီ ၁၅ ရက်တွင်လည်း ကိုယ်အင်္ဂါမသန်စွမ်းသူ ၂၀ အား ခြေတုလက်တုများ ပြုလုပ်ပေးမည်ဖြစ်ကာ သုံးလတစ်ကြိမ် ခြေတု၊ လက်တုပြုလုပ်ရန် ထပ်မံစေလွှတ်မည်ဖြစ်ကြောင်း သိရသည်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ကိုယ်ခန္ဓာပြန်လည်သန်စွမ်းရေးဌာန ဖွင့်လှစ်ပြီး ကိုယ်ခန္ဓာ ပြန်လည်သန်စွမ်းရေးဌာနအဆောက်အအုံကို ဇူလိုင်လအတွင်း ဖွင့်လှစ်ရန်နှင့် မြေမြှုပ်မိုင်းနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် ကိုယ်အင်္ဂါမသန်စွမ်းသူများကို ပြန်လည်ကောင်းမွန်လာစေရန်နှင့် ခြေတုလက်တုများကို လိုအပ်သလို တပ်ဆင်ပေးသွားနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

**ရွှေလင်းပြည့်စုံ**

# ပြည်ထောင်စုနေ့အထိမ်းအမှတ် ရိုးရာလှေလှော်ပြိုင်ပွဲကျင်းပ

**မော်လိုက် ဖေဖော်ဝါရီ ၁၁**

မြန်မာ့ရိုးရာ ဓလေ့ထုံးတမ်းအစဉ်အလာများ တိမ်မြုပ်ပျောက်ကွယ်သွားခြင်း မရှိစေရန်နှင့် ပြည်သူများ စိတ်ရွှင်လန်းပျော်ရွှင်စေရန် ရည်ရွယ်၍ (၆၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို မော်လိုက်မြို့၌ ဖေဖော်ဝါရီ ၁၀ ရက်က စတင်ကျင်းပလျက်ရှိကြောင်း သိရသည်။

ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက View Point ၌ ကျင်းပပြီး မော်လိုက်ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းမင်းသိန်းက အမှာစကားပြောကြားကာ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းက လှေလှော်ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို မော်လိုက်ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၀ ရက်မှစ၍ ဖေဖော်ဝါရီ ၁၂ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း၊ မြို့ပေါ် ရပ်ကွက်နှင့် ကျေးရွာများမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ **မော်လိုက်သားလေး**

# ကာကွယ်ဆေးတိုက်ကျွေးမည့် ဝန်ထမ်းများအား သင်တန်းပို့ချ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်အတွင်း ဖေဖော်ဝါရီ ၂၀ရက်မှ ၂၂ရက်အထိ ဆောင်ရွက်မည့်ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များတွင် ကာကွယ်ဆေးတိုက်ကျွေးရေးလုပ်ငန်း၌ ပါဝင်မည့် အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် ကူညီဆောင်ရွက်မည့် စေတနာ့ဝန်ထမ်းများအား ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၉ရက်က သင်တန်းပို့ချခဲ့သည်။

သင်တန်းတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရဲနိုင်က လက်ရှိဆောင်ရွက်နေသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအကြောင်းနှင့် ကာကွယ်ဆေးတိုက်ကျွေးမှု အောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ရှင်းလင်းပြောကြားပြီး ကျန်းမာရေးမှူးအဆင့်(၁) ဦးအောင်မိုးသန်းက ကာကွယ်ဆေးမတိုက်ကျွေးမီနှင့် ဆေးတိုက်ကျွေးရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းများကို အသေးစိတ်ရှင်းလင်းပို့ချခဲ့သည်။

အမျိုးသားကာကွယ်ဆေးတိုက်လုပ်ငန်းကို ဆိပ်ကြီးခနောင်တိုမြို့နယ်တွင်းရှိ ရပ်ကွက်ကိုးခုတွင် စုရပ် ၂၂ ခု ဖွင့်လှစ်ပြီး မွေးစမှ ငါးနှစ်အထိ ကလေးငယ်များကို ဆေးတိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။ မြို့နယ်ကျန်းမာရေးဦးစီးဌာနအနေဖြင့် ဆေးတိုက်ကျွေးရာတွင် ကလေးများကျန်ရှိခဲ့ခြင်းများ မဖြစ်စေရေးအတွက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဝေယံ(ပြန်/ဆက်)**




## သတင်းတိုများ

### ဟန်လင်းမြို့ဟောင်းအဝင်တံတားသစ်ဖွင့်

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ဟန်လင်းပျူမြို့ဟောင်းအဝင်ရှိ တံတားသစ်ဖွင့်ပွဲကို (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၈ ရက်က ဖွင့်လှစ်ခဲ့ရာ ဖွင့်ပွဲတွင် ရွှေဘိုခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းဌေးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ တံတားသစ်သည် အရှည် ၆၂ ပေ၊ အကျယ် ၁၅ ပေရှိပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၅၈ ၃၆ သန်းဖြင့် တည်ဆောက်ခဲ့ကြောင်းသိရသည်။

**နန်းမြင့်(ဝက်လက်)**

### ကုလားပဲမျိုးသန့်စိုက်ခင်း စိုက်ပျိုးထားမှု ကွင်းဆင်းကြည့်ရှု

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ကြက်မောက်ကျေးရွာအုပ်စု ရွာသာအေးကျေးရွာမှ တောင်သူများ ဆောင်းရာသီ ကုလားပဲစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရန်နှင့် ဆက်လက်ပွားများနိုင်ရန်အတွက် ပျော်ဘွယ်မြို့နယ် စည်ပင်ခြံမှ ရေဆင်း(၄) ကုလားပဲ မျိုးသန့် မျိုးစေ့နှစ်တင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူနှစ်ဦး၏ လယ်နှစ်ဧက၌ စိုက်ပျိုးစေခဲ့ရာ အဆိုပါစိုက်ခင်းတွင် ပန်းပွင့်ချိန်တွင် မျိုးကွဲပါဝင်မှု၊ ပိုးမွှားရောဂါ ကျရောက်မှုစသည့် အခြေအနေများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့တာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်အေးမွန်အိနှင့် ဝန်ထမ်းများက ဖေဖော်ဝါရီ ၉ ရက်က ကွင်းဆင်းစစ်ဆေး ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**အောင်ကျော်မြင့်**

### မြစိမ်းရောင်စီမံကိန်းမတည်ငွေ ကျပ်သိန်း ၃၀၀ ဒုတိယအကြိမ် ထုတ်ချေး

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ရေဦးအုပ်စု ကျွဲဖြူကန်ကျေးရွာ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတွက် အရင်းမပျောက် မတည်ငွေ ကျပ်သိန်း ၃၀၀ ကို ဖေဖော်ဝါရီ ၁၀ ရက်က ဒုတိယအကြိမ် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ စီမံကိန်းမတည်ငွေပေးအပ်ပွဲတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းက အမှာစကားပြောကြားပြီး ကျွဲဖြူကန်ကျေးရွာ မြစိမ်းရောင်စီမံကိန်းကော်မတီဥက္ကဋ္ဌက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပထမအကြိမ် မတည်ငွေကျပ်သိန်း ၃၀၀ ဖြင့် ကျေးရွာရှိ တောင်သူများ၏ လယ်ယာစိုက်ပျိုးရေး၊ ကုန်စုံဆိုင်၊ ကျွဲနွားမွေးမြူရေး စသည့်လုပ်ငန်းများတွင် ရင်းနှီးနိုင်ခဲ့သောကြောင့် ကျေးရွာနေပြည်သူများ ဝင်ငွေတိုးတက်လာပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍများလည်း ယခင်ကထက် ဖွံ့ဖြိုးတိုးတက်လာကြောင်းနှင့် ပထမအကြိမ် မတည်ငွေမှ အမြတ်ငွေ ကျပ်သိန်း ၃၀ ရရှိကြောင်း ပြောကြားခဲ့သည်။

**(ဝ၂၁)**

### ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရဃူနစ်များ ထောက်ပံ့ပေး

နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း မေတ္တာစမ်းရေဆေးခန်း၌ ကိုယ်ဝန်ဆောင်နှင့် မွေးဖွားပြီးမိခင်များအား အာဟာရဃူနစ်များ ထောက်ပံ့ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၈ ရက်က ပြုလုပ်ခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှအရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ တက်ရောက်၍ ကိုယ်ဝန်ဆောင်မိခင် ၃၀ နှင့် မွေးဖွားပြီးမိခင် နှစ်ဦးအား တစ်ဦးလျှင် အိုဗာတင်းတစ်ဘူး၊ ကြက်ဥငါးလုံး၊ ကုလားပဲ ၂၅ ကျပ်သားနှင့် ဆပ်ပြာတစ်တုံးစီကို ထောက်ပံ့ပေးအပ်ကာ ထပ်မံရောက်ရှိလာမည့် ကိုယ်ဝန်ဆောင်မိခင် ၉၀ အတွက် ကျပ် ၃၂၀၀၀၀ ခန့်တန်ဖိုးရှိ အာဟာရဃူနစ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## မီးဘေးကာကွယ်ရေးအတွက် မီးသတ်ရေလှောင်ကန်များရေဖြည့်

**မလှိုင် ဖေဖော်ဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မြို့ပေါ်ရပ်ကွက်များရှိ မီးသတ်ရေလှောင်ကန်များတွင် ရေအဆင်သင့်ရှိစေရန်အတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီကဦးဆောင်၍ မီးသတ်ဦးစီးဌာနပိုင် ရေသယ်ယာဉ်များဖြင့် ဖေဖော်ဝါရီ ၇ ရက်မှစ၍ ရေများလိုက်လံဖြည့်ပေးလျက်ရှိကြောင်း သိရသည်။

“ကျွန်တော်တို့ မြို့ပေါ်ရပ်ကွက်ကြီးလေးခုက ရေလောင်ကန်တွေအပြင် မြို့မစည်ပင်သာယာဈေးအတွင်းက မီးသတ်ရေလှောင်ကန်တွေကိုပါ မီးသတ်ရေသယ်ယာဉ်နှစ်စီးနဲ့ ရေအပြည့် ဖြည့်ပေးသွားမှာပါ။ အားလုံး မီးသတ်ရေလှောင်ကန် ၃၀ ရှိပါတယ်။ ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်လို့ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးအတွက် အခုလို ဆောင်ရွက်နေတာဖြစ်ပါတယ်”ဟု မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအေးသောင်းက ပြောသည်။

မီးသတ်ရေလှောင်ကန်များကို ရေလိုက်လံဖြည့်စဉ်အတွင်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်သိန်းလှိုင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**အောင်ဌေး(မလှိုင်)**

# မြန်မာနိုင်ငံရှိ အင်္ဂလိပ်ခေတ် ဘုရင်ခံအိမ်တော်များ

**ဆောင်းပါး - သက်နိုင်(ပြင်ဦးလွင်)**

အင်္ဂလိပ်နယ်ချဲ့တို့သည် မြန်မာနိုင်ငံအား (၁၈၂၄-၁၈၂၆) ပထမကျူးကျော်စစ်အပြီးတွင် ရခိုင်နှင့် တနင်္သာရီကို သိမ်းပိုက်လိုက်သည်။ ထို့နောက် ဝန်ရှင်တော်မင်းကြီးတစ်ဦးခန့်ထားပြီး ဘင်္ဂလားနယ်ဘုရင်ခံ၏ လက်အောက်တွင်ထား၍ အုပ်ချုပ်စေသည်။ တစ်ဖန် ၁၈၅၂ ခုနှစ်တွင် ဒုတိယကျူးကျော်စစ်ဖြင့် ပဲခူးတိုင်းအား ထပ်မံရရှိကာ ဝန်ရှင်တော်မင်းကြီးတစ်ဦးကို ထပ်မံခန့်ထားအုပ်ချုပ်ခဲ့သည်။

၁၈၆၂ ခုတွင် ရခိုင်၊ တနင်္သာရီနှင့် ပဲခူးတိုင်းတို့ကို ပူးပေါင်း၍ ဗြိတိသျှဘားမားဟုခေါ်တွင်စေလျက် အင်္ဂလိပ်လူမျိုး ဆာအာသာဖဲယာ (Sir Arthur Phayre)ကို မဟာဝန်ရှင်တော်မင်းကြီးအဖြစ် ခန့်အပ်အုပ်ချုပ်စေခဲ့သည်။ ၁၈၈၅ တတိယကျူးကျော်စစ်အပြီးတွင် မြန်မာနိုင်ငံအား ကိုလိုနီစနစ်အတွင်း သွတ်သွင်းကြောင်း ၁၈၈၆ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကြေညာ၍ ဗိုလ်မှူးကြီး စလေဒင် (Colonel Sladen)သည် ကင်းဝန်မင်းကြီး ဦးဆောင်သော လွှတ်တော်ဝန်ကြီးများနှင့် အထက်မြန်မာနိုင်ငံကို သုံးလမျှ အုပ်ချုပ်ခဲ့သည်။ ထို့နောက် မြန်မာတစ်နိုင်ငံလုံးကို အထက်အောက်ပူးပေါင်း၍ အိန္ဒိယနယ်ပယ်အုပ်ချုပ်ရေးစနစ်အရ မဟာဝန်ရှင်တော်မင်းကြီးတစ်ဦးဖြင့် စီမံအုပ်ချုပ်စေခဲ့သည်။

၁၈၉၇ ခုနှစ်တွင် မြန်မာနိုင်ငံအား အိန္ဒိယနိုင်ငံ၏ ပြည်နယ်ကြီးအဆင့်သို့ တိုးမြှင့်သတ်မှတ်ခဲ့ပြီး ဒုတိယဘုရင်ခံခန့်ထားကာ အုပ်ချုပ်စေခဲ့သည်။ ထိုအချိန်မှစတင်၍ မြန်မာနိုင်ငံတွင် ဘုရင်ခံအိမ်တော်များ ပေါ်ပေါက်လာခဲ့သည်။ အင်္ဂလိပ်တို့သည် ဘုရင်ခံများ၊ ဒုတိယဘုရင်ခံများရုံးစိုက်ရန်အတွက် ရန်ကုန်မြို့ အလုံလမ်းတွင် ကြီးကျယ်ခမ်းနားသော တိုက်တာအဆောက်အအုံကြီးတစ်ခုကို တည်ဆောက်ခဲ့သည်။ ထိုဘုရင်ခံအိမ်တော်ကြီးတွင် မဟာဝန်ရှင်တော်မင်းကြီးများ၊ ဒုတိယဘုရင်ခံများနှင့် ဘုရင်ခံများအဆက်ဆက် နေထိုင်ခဲ့ကြပြီး နောက်ဆုံးဘုရင်ခံဖြစ်သည့် ဆာဟူးဘတ်ရန့်(စ်) (Sir Hubert Rance) (၁၉၄၆-၁၉၄၈) လက်ထက် ၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့၍ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ပေးအပ်သည့် အခမ်းအနားကို ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ အချိန်တွင် ထိုဘုရင်ခံအိမ်တော်ရှေ့၌ပင် ကျင်းပခဲ့သည်။ အခမ်းအနားသို့ နောက်ဆုံးဘုရင်ခံ ဆာဟူးဘတ်ရန့်(စ်)နှင့် မြန်မာနိုင်ငံ၏ ပထမဆုံးသမ္မတ ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်တို့ တက်ရောက်ခဲ့ကြပြီး အင်္ဂလိပ်ယူနီယံဂျက်အလံကိုဖြုတ်ချ၍ မြန်မာနိုင်ငံအလံတော်ကို လွှင့်ထူနိုင်ခဲ့သည်။

ထို့နောက် အဆိုပါဘုရင်ခံအိမ်တော်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ သမ္မတအဆက်ဆက်တို့ နေထိုင်ခဲ့ကြပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် ဘုရင်ခံအိမ်တော်အဆောက်အအုံကို ဖြိုချခဲ့ပြီးနောက် သမ္မတအိမ်တော်အသစ်ကို ထပ်မံတည်ဆောက်ခဲ့သည်။

### မန္တလေးမြို့မှ ဘုရင်ခံအိမ်တော်

အင်္ဂလိပ်တို့သည် အထက်မြန်မာနိုင်ငံ မန္တလေးကို သိမ်းပိုက်အပြီး မန္တလေးနန်းတွင်းရှိ မြန်မာ့တော်ဝင်အဆောက်အအုံများတွင် နေရာယူရုံးစိုက်ခဲ့ကြသည်။ နန်းတွင်းမြောက်ဘက်မျက်နှာစာ စည်သာတံခါးမကို မျက်နှာမူတည်ဆောက်ထားသော မြေနန်းပြာသာဒ်ဆောင်သည် ဘုရင်ခံ ဆာချားလ်ကရော့စ်ဝိတ် (Sir Charle Crothwait ၁၈၈၇-၁၈၉၀) နေထိုင်ခဲ့သော အိမ်တော်ဖြစ်ခဲ့သည်။ ဘုရင်ခံအိမ်တော်ဖြစ်ခဲ့ရသော ဘုံမြင့်ပြာသာဒ်ဆောင်၏ ဝဲယာရှိ မြန်မာ့ရှေးခေတ်အဆောက်အအုံတို့သည်လည်း ဘုရင်ခံ၏ ဝန်ထမ်းများနေထိုင်သည့် အဆောင်များအဖြစ် ပြောင်းလဲသွားခဲ့ရသည်။

၁၉၄၂ ခု ဒုတိယကမ္ဘာစစ်ဖြစ်ပွားသောအခါ ဂျပန်လေတပ်မှ တစ်ကြိမ်၊ ၁၉၅၄ ခုတွင် ဗြိတိသျှလေတပ်မှ တစ်ကြိမ် နန်းတွင်းတစ်ခုလုံးကို ဗုံးကြဲတိုက်ခိုက်ဖျက်ဆီးခဲ့ကြသဖြင့် မီးလောင်ပြာကျခဲ့ရာ မန္တလေးဘုရင်ခံအိမ်တော်မှာ ပျက်စီးဆုံးရှုံးခဲ့ရသည်။



ပြင်ဦးလွင်(မေမြို့) ဘုရင်ခံအိမ်တော်

### မေမြို့မှ ဘုရင်ခံအိမ်တော်

အင်္ဂလိပ်-မြန်မာ တတိယကျူးကျော်စစ်အပြီးတွင် မန္တလေးမြို့ကို သိမ်းပိုက်ခဲ့ရပြီးနောက် မေမြို့ကိုလည်းတစ်ဆက်တည်း သိမ်းပိုက်ခဲ့သည်။ ၁၈၉၆ ခုတွင် မေမြို့ကို အင်္ဂလိပ်တို့၏ နွေရာသီဘုရင်ခံရုံးစိုက်ရန်နှင့် အပန်းဖြေအနားယူရန်အတွက် တောင်စခန်းမြို့အဖြစ် တည်ဆောက်ခဲ့ကြသည်။ ၁၈၉၇ ခုတွင် ယခင်တည်ရှိနေခဲ့သော ရှမ်းဓနုရွာလေးဖြစ်သည့် ပြင်ဦးလွင်ရွာအမည်အစား မေမြို့ဟု တရားဝင်ပြောင်းလဲခဲ့သည်။ ၁၉၀၃-၁၉၀၅ ခုနှစ်တို့တွင် ဘုရင်ခံများရုံးစိုက်ရန်နှင့် နေထိုင်ရန် ဘုရင်ခံအိမ်တော်ကို တည်ဆောက်ခဲ့သည်။ မေမြို့ ဘုရင်ခံအိမ်တော်မှာ ဧကတစ်ရာကျော်ခြံဝင်းအတွင်းတည်ရှိပြီး ရန်ကုန်၊ မန္တလေး ဘုရင်ခံအိမ်တော်များထက် ပိုမိုသာယာလှပပြီး ကြီးကျယ်ခမ်းနားခဲ့သည်။

အိမ်တော်တည်ဆောက်ပြီး ပထမဆုံးနေထိုင်ခဲ့သော ဘုရင်ခံမှာ Sir. A.H. Barnes (၁၉၀၃-၁၉၀၅)ဖြစ်၍ နောက်ဆုံးနေထိုင်သွားသော ဘုရင်ခံမှာ Sir. Dorman Smith (၁၉၄၁-၁၉၄၂)ဖြစ်ခဲ့သည်။ ဘုရင်ခံ ဆာဒေါမန်စမစ်သည် ၁၉၄၂ ခု ဧပြီလတွင် အိမ်တော်ကြီးကို စွန့်ခွာထွက် သွားပြီးနောက် ဘုရင်ခံအိမ်တော်ကြီးမှာလည်း မီးလောင်ပျက်စီးဆုံးရှုံးသွားခဲ့ရသည်။

> မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့၍ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ပေးအပ်သည့် အခမ်းအနားကို ၁၉၄ ခုနှစ်တွင် ထိုဘုရင်ခံအိမ်တော်ရှေ့၌ပင် ကျင်းပခဲ့သည်။ နောက်ဆုံးဘုရင်ခံ ဆာဟူးဘတ်ရန့်(စ်)နှင့် မြန်မာနိုင်ငံ၏ ပထမဆုံးသမ္မတ ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်တို့ တက်ရောက်ခဲ့ကြပြီး အင်္ဂလိပ်ယူနီယံဂျက်အလံကိုဖြုတ်ချ၍ မြန်မာနိုင်ငံအလံတော်ကိုလွှင့်ထူနိုင်ခဲ့...

## ကျေးရွာအထက်တန်းကျောင်း(ခွဲ)၌ နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်

**မြဝတီ ဖေဖော်ဝါရီ ၁၁**

ကရင်ပြည်နယ် မြဝတီမြို့နယ် ဝေ့ရှမ်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက်က ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ်ကို ပြည်နယ် လူမှုရေးဝန်ကြီး ဦးချစ်လှိုင်၊ စည်ပင်သာယာရေးဝန်ကြီး ဦးသံဒိုင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး လူမှုရေးဝန်ကြီးက အမှာစကားပြောကြားကာ ပြည်နယ်ပညာရေးမှူးက ကျောင်းဆောင်သစ်များ ချထားပေးမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ကျောင်းဆောင်သစ်သည် အလျား ပေ ၁၃၀၊ အနံ ပေ ၃၀ ရှိ အာရ်စီနှစ်ထပ် အမျိုးအစားဖြစ်ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**



## ဖျာပုံမြို့မဈေးကြီး၌ မီးဘေးပညာပေးမှုများကို လိုက်နာမှုအားနည်း မီးဘေးကာကွယ်ရေးအတွက် ကြိုတင်ဆောင်ရွက်ထားရန်လို

**ဖျာပုံ ဖေဖော်ဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ရှိ မြို့မဈေးကြီးသည် မီးသတ်ကားနှင့် ရေသယ်ယာဉ်များ ဝင်ထွက်သွားလာရန် လမ်းများကျဉ်းမြောင်းပြီး လမ်းများပေါ်တွင် ကျူးကျော်ဆောက်လုပ်ထားသော ဆိုင်ခန်းများကြောင့် အရေးပေါ် မီးငြိမ်းသတ်ရန် ခက်ခဲသလို ပတ်ဝန်းကျင်၌ လောင်စာဆီများ သိုလှောင်ရောင်းချနေမှုများကို အရေးယူမှု အားနည်းနေပြီး ဆိုင်ခန်းများတွင်လည်း မီးသတ်ဆေးဘူးများ ထားရှိမှုမှာလည်း နည်းနေသေးသည်ကို တွေ့ရသည်။

ဖျာပုံမြို့မဈေးကြီးတွင် မီးဘေးကာကွယ်ရေးအတွက် မီးသတ်ဦးစီးဌာနမှ ဦးဆောင်ကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် သက်ဆိုင်ရာဌာနများ၊ ဈေးသူဈေးသားများ ပူးပေါင်း၍ မီးငြိမ်းသတ်နည်း သရုပ်ပြပညာပေးမှုများ၊ မီးဘေးကာကွယ်ရေး ပညာပေးခြင်းများ ပြုလုပ်လျက်ရှိသော်လည်း လိုက်နာမှုအားနည်းနေဆဲဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဖျာပုံမြို့မှာ မြောက်ပိုင်းဈေး၊ ဆိပ်ကမ်းသာဈေး၊ မြို့မဈေးကြီးတွေက ပြည်သူတွေ အဓိက ဈေးရောင်းဈေးဝယ်လုပ်နေတဲ့ နေရာတွေပါ။ ဒီဈေးတွေမှာ လောင်စာဆီတွေဖြစ်တဲ့ ဓာတ်ဆီ၊ ဒီဇယ်ဆီတွေ ရောင်းဝယ်နေတာကို မြင်တွေ့ရတာပါ။ ဒါ့အပြင် မြို့မဈေးကြီးက ဝင်လမ်းထွက်လမ်း ကျဉ်းလွန်းပါတယ်။ မီးသတ်ကားတွေဝင်ပြီးရင် ပြန်ထွက်လို့ရအောင် မကျယ်ပါဘူး။ ဈေးဆိုင်တွေကလည်း ဈေးလမ်းပေါ်မှာ ကျူးကျော်ဆောက်လုပ်ပြီး ဈေးရောင်းနေတော့ အရေးပေါ်မီးသတ်ကားတွေ ဝင်လို့မရလောက်အောင် ကျဉ်းလွန်းပါတယ်။ မီးသတ်သရုပ်ပြလေ့ကျင့်တာက ဈေးပိတ်ရက်၊ ဈေးမရောင်းတဲ့အချိန်တွေမှာလုပ်တော့ အဆင်ပြေတာပေါ့ဗျာ။ အမှန်တကယ် အချိန်မရွေး မီးသတ်မယ်ဆိုရင် အခက်အခဲရှိနိုင်ပါတယ်။ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်တွေကို ပကတိ မြေပြင်အနေအထားအတိုင်း လေ့ကျင့်ဆောင်ရွက်သင့်ပါတယ်"ဟု ဈေးအနီးတွင်နေထိုင်သော ပြည်သူတစ်ဦးက ပြောသည်။

ဖျာပုံမြို့မဈေးကြီးရှိ အပေါ့စား ရေစုပ်စက်များ၊ မီးသတ်ရေငုတ်များ၊ ရေပိုက်များကို အမှန်တကယ် ပြည့်စုံကောင်းမွန်အောင် ထားရှိရန်လိုအပ်ပြီး အပေါ့စားရေစုပ်စက်များကိုလည်း မီးသတ်ဦးစီးဌာနနှင့် တာဝန်ရှိသူများက ပွင့်လင်းမြင်သာစွာ စစ်ဆေးဆောင်ရွက်ပေးရန်လိုကြောင်း၊ အရေးပေါ်မီးငြိမ်းသတ်ရန် ခေတ်မီ မီးသတ်ဆေးဘူးများကိုလည်း ဈေးဆိုင်များတွင် စနစ်တကျထားရှိခြင်း ရှိ မရှိ စစ်ဆေးပေးရန်လိုကြောင်းလည်း အဆိုပါဒေသခံများက ပြောသည်။ ဖျာပုံမြို့မဈေးကြီးသည် ဖျာပုံမြို့သာမက ဖျာပုံခရိုင်အတွင်းရှိ မြို့များနှင့် ကျေးရွာများမှ ပြည်သူများ နေ့စဉ်ဈေးရောင်းဈေးဝယ် ပြုလုပ်နေသည့် အဓိကဈေးကြီးဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(ဖျာပုံ)**



telenor
အရင်းနှီးဆုံး တစ်ယောက်နဲ့
ပိုပိုပြီးဖုန်းပြောနိုင်ဖို့
၁၀ကျပ်/မိနစ်
FREE SMS
စူပါစုံတွဲPACK
တယ်လီနောအချစ်ချစ်သာ
စူပါစုံတွဲကိုလစဉ် ၅၀၀ကျပ်ဖြင့် တစ်ယောက်ကဝယ်ယူလိုက်ရုံနှင့် အရင်းနှီးဆုံး နှစ်ယောက်ကြား
အပြန်အလှန်ဆက်သွယ်နိုင်ဖို့ SS 09xxxxxxxxx (ဖုန်းနံပါတ်)ဟု ရိုက်၍ 500သို့ SMS ပို့လိုက်ပါ။
အသေးစိတ်အချက်အလက်များကို www.telenor.com.mm တွင်ကြည့်ရှုနိုင်ပါသည်။
မြန်မာနိုင်ငံရဲ့ အကြီးမားဆုံး 3G ကွန်ရက်

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၄)
## မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
# အိတ်ဖွင့်လေလံလျှောက်လွှာခေါ်ယူခြင်း

တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၄)မှ အသုံးမပြုတော့သော Barge တွဲ (400 Ton) (၁)စီးအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

**လေလံလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၂၆-၂-၂၀၁၆ ရက် ညနေ ၄း၀၀ နာရီ

**လေလံလျှောက်လွှာဖွင့်မည့်ရက်/အချိန်** - ၂၉-၂-၂၀၁၆ရက် မွန်းလွဲ ၂း၀၀ နာရီ

လေလံလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၁၅-၂-၂၀၁၆ ရက်မှစ၍ ၂၆-၂-၂၀၁၆ရက်အထိ ရုံးချိန်အတွင်း ဘုရင့်နောင်တံတားဝင်း၊ တည်ဆောက်ရေးအဖွဲ့(၄)ရုံး၊ ဖုန်း-၀၁-၆၈၀၇၀၇ တွင် စုံစမ်းဝယ်ယူရရှိနိုင်ပါသည်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ကန့်ဘလူမြို့နယ်တရားရုံးတော်
## ၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၁၈

| | | |
|---|---|---|
| မနုနုဝင်း | **နှင့်** | မောင်ဝေလင်းအောင် |
| (ဘ)ဦးမြသင်း | | (ဘ) ဦးဇော်ဝင်း |
| တောင်သူ | | ကျောင်းသား |
| အမှတ်(၁)ရပ်ကွက်၊ ကန့်ဘလူမြို့ | | အမှတ်(၂)ရပ်ကွက်၊ ကန့်ဘလူမြို့ |
| **တရားလို** | | **တရားပြိုင်** |

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့၊ အမှတ်(၂)ရပ်ကွက်နေ တရားပြိုင် မောင်ဝေလင်းအောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ကန့်ဘလူမြို့၊ အမှတ်(၁)ရပ်ကွက်နေ မနုနုဝင်းက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု ရလိုကြောင်းနှင့် စွဲဆိုလျှောက်ထားချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၂ရက် (၁၃၇၇ခုနှစ် တပို့တွဲလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသည့် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဟိန်းသူရိန်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ကန့်ဘလူမြို့နယ်တရားရုံး**

## CLAIMS DAY NOTICE
## M.V SALZGITTER VOY:NO(6)

Consignees of cargo carried by M.V SALZGITTER V.6 are here by notified that the vessel will arrive on about 14-2-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## CLAIMS DAY NOTICE
## M.V MAKASSAR HIGHWAY VOY:NO(162)

Consignees of cargo carried by M.V MAKASSAR HIGHWAY VOY:NO(162) are here by notified that the vessel will arrive on about 14-2-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း၊ ပင်မတမံမြေကြီး/ကျောက်သားတူးဖော်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်၊ အချိန်** - ၁၀-၂-၂၀၁၆ ရက် ၀၉း၃၀ နာရီ
**တင်ဒါပုံစံ အရောင်းပိတ်မည့်ရက်၊ အချိန်** - ၁၇-၂-၂၀၁၆ ရက် ၁၆း၃၀ နာရီ
**Technical Proposal နှင့် Price Proposal နောက်ဆုံးထား၍ တင်သွင်းရမည့်ရက်၊ အချိန်** - ၂၄-၂-၂၀၁၆ ရက် ၁၆း၃၀ နာရီ

၃။ Technical အောင်မြင်သည့်လုပ်ငန်းရှင်များအား Price Proposal တင်သွင်းရန် ဌာနမှ အကြောင်းကြားပေးမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံတစ်စောင်လျှင် ၅၀၀၀၀ ကျပ်နှုန်းထားဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၈၁၀၄၁၈၄၊ ဖက်စ်-၀၆၇-၈၁၀၄၁၈၄**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း၊ လုပ်ငန်းခွင်အရောက် RCC ကွန်ကရစ်ဖျော်စပ်၊ ထုတ်လုပ်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်၊ အချိန်** - ၉-၂-၂၀၁၆ ရက် ၀၉း၃၀ နာရီ
**တင်ဒါပုံစံ အရောင်းပိတ်မည့်ရက်၊ အချိန်** - ၁၆-၂-၂၀၁၆ ရက် ၁၆း၃၀ နာရီ
**Technical Proposal နှင့် Price Proposal နောက်ဆုံးထား၍ တင်သွင်းရမည့်ရက်၊ အချိန်** - ၂၃-၂-၂၀၁၆ ရက် ၁၆း၃၀ နာရီ

၃။ Technical အောင်မြင်သည့်လုပ်ငန်းရှင်များအား Price Proposal တင်သွင်းရန် ဌာနမှ အကြောင်းကြားပေးမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀၀၀ ကျပ်နှုန်းထားဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၈၁၀၄၁၈၄၊ ဖက်စ်-၀၆၇-၈၁၀၄၁၈၄**

# တိုက်ခန်းရောင်းမည်

ယုဇန Highway Complex ၊ ကမာရွတ်၊ ဆင်မလိုက်၊ 4FL, ထောင့်ခန်း၊ အိပ်ခန်း သုံးခန်း၊ မာစတာ တစ်ခန်း၊ ၁၆၃၀ sqft,

**ဖုန်း-၀၉-၇၈၅၁၁၆၂၄၃**

# ရောင်းမည် (ညှိနှိုင်းဈေး)

အမြန်ဆုံးဖွံ့ဖြိုးတိုးတက်လာသော သီလဝါဇုန်အနီး သန်လျင်၊ လက်ယက်စမ်း ဥယျာဉ်ခြံမြေ ၀ဒသမ ၃၃ဧက (၇၅×၁၉၅)ပေ ပိုင်ရှင်အမည်ပေါက်၊ လမ်းကျယ် တစ်ထပ် B/N၊ ရေ/မီးစုံ၊ ဈေး/ကျောင်းနီး၊ လူနေ/လုပ်ငန်းသင့်လျော်၊ လူနေရပ်ကွက်များအလယ်တွင် ရှိ။

**ဖုန်း-၀၉-၇၉၄၂၆၃၇၄၀၊ ၀၉-၂၅၀၁၇၃၂၆၁၊ ၀၁-၅၅၁၄၄၀**

# အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်ကွက်၊ အကွက်အမှတ်(၅၉)၊ ဦးပိုင်အမှတ်(၄၁/င)၊ ဧရိယာ ၀ဒသမ ၂၁၅ဧကရှိ မြေသည် ဦးဖေတင်အမည်ဖြင့် ဦးပိုင်ပေါက်ပြီး အမှုတွဲအမှတ် (ငါး)၈၀၃/၁၉၉၂-၁၉၉၄၃ အရ နှစ်(၃၀) အငှားဂရန်ရရှိထားပါသည်။ အဆိုပါမြေအား ဦးဖေတင်မှ နှစ်(၃၀)အငှားဂရန်လျှောက်ထားရာတွင် အငှားဂရန်စာချုပ်မှာ ပျောက်ဆုံးနေ၍ တင်ပြနိုင်ခြင်းမရှိပါ။ ထိုသို့ အငှားဂရန်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေလိုက်သည်။

**ခရိုင်အုပ်ချုပ်ရေးမှူး**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့**

# အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ အကွက်အမှတ်(၃၃)၊ ဦးပိုင်အမှတ်(၂၂)၊ ဧရိယာ ၃ဒသမ ၉၆၆ဧကအနက် ၀ ဒသမ ၄၅၅ ဧကရှိ ဦးတင်အေး အမည်ဖြင့်ရရှိထားသော အမှုတွဲအမှတ် (ငါး)၁၉၈/၂၀၀၆-၂၀၀၇ ဂရန်စာချုပ်မူရင်းမှာ ပျောက်ဆုံးနေပါသဖြင့် မော်လမြိုင်မြို့၊ အောက်ကျင်းရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ်(၆)နေ ဦးတင်အေးမှ ဂရန်မိတ္တူကူးယူခွင့် တင်ပြလျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေလိုက်သည်။

**ခရိုင်အုပ်ချုပ်ရေးမှူး**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့**

## ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ရှိ စားသောက်ဆိုင်ခန်း(၅)ခန်းအား ၁-၄-၂၀၁၆ ရက်မှ ၃၁-၃-၂၀၁၇ ထိ တစ်နှစ်ဖွင့်လှစ်ရောင်းချရေးအတွက် အိတ်ဖွင့်(တင်ဒါ)များ ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။ အိတ်ဖွင့်တင်ဒါအစီအစဉ်နှင့် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) **တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များ ရောင်းချမည့်ရက်** - ၁၅-၂-၂၀၁၆ ရက်မှ ၂၄-၂-၂၀၁၆ ရက်

(ခ) **တင်ဒါပိတ်ရက်** - ၂၄-၂-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) ၁၂း၀၀ နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ဆိုင်ခန်းကြီးကြပ်ရေးကော်မတီ ဖုန်း-၀၁-၅၁၃၂၀၁ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**ဆိုင်ခန်းကြီးကြပ်ရေးကော်မတီ**

# ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ စက်ရုံများမှ အထည်ထုတ်ကုန်ပစ္စည်းများကို ဈေးပြိုင်တင်ဒါစနစ်ဖြင့် အောက်ပါအစီအစဉ်အတိုင်း ရောင်းချမည်ဖြစ်ပါသည်-

၂။ **ရောင်းချမည့်ပစ္စည်းများ** - ချည်မျှင်များ၊ ပိတ်ကြမ်းများ၊ အဖြူချွတ်ဆေးဆိုး၊ ပန်းရိုက်ပိတ်များ၊ ကျား-မဝတ်ချုပ်ထည်များ၊ သင်္ကန်းဒွိစုံအမျိုးမျိုး၊ အသင့်ချုပ်ပြီး နိုင်ငံတော်အလံ အရွယ်အစားအမျိုးမျိုးနှင့် အခြားချုပ်ထည်များ

၃။ **ဈေးပြိုင်ရောင်းချမည့်ရက်** - ၂၅-၂-၂၀၁၆ ရက် (ကြာသပတေးနေ့)

၄။ **ဈေးပြိုင်ရောင်းချမည့်အချိန်** - နံနက် ၁၀း၀၀ နာရီ

၅။ **ဈေးပြိုင်ရောင်းချမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ အစည်းအဝေးခန်းမ၊ နေပြည်တော်

၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၁၅၇၊ ၀၆၇-၄၀၈၃၆၉၊ ၀၆၇-၄၀၈၂၁၃၊ ၀၁-၅၅၄၁၇၇၊ ၀၁-၅၅၈၃၃၆၊ ၀၁-၆၆၀၄၁၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
## ၂၀၁၅ခုနှစ် တရားမကြီးအမှုအမှတ်-၃၆၈

| | | |
|---|---|---|
| Visen Myanmar Co.,Ltd. | **နှင့်** | ဒေါ်စိုးစန္ဒာတင့် |
| (၎င်းကုမ္ပဏီ၏တာဝန်ပေးအပ်သူ | | |
| ဦးကျော်ကျော်ထွန်း) | | |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ သုခလမ်း၊ အမှတ် ၁၁ ရပ်နေ (ယခုနေရပ်လိပ်စာမသိ) ဒေါ်စိုးစန္ဒာတင့် သိစေရမည်။

သင့်အပေါ်၌ တရားလို Visen Myanmar Co.,Ltd.(၎င်းကုမ္ပဏီ၏ တာဝန်ပေးအပ်သူ ဦးကျော်ကျော်ထွန်း)က မမှန်ကန်သောစာရွက်စာတမ်းအတုများဖြင့် မြေကွက်နှင့်အဆောက်အအုံရောင်းချရယူသွားသော ငွေကျပ် သိန်း(၅၀၀)အား ဥပဒေအရခွင့်ပြုသည့် နစ်နာကြေးငွေနှင့်တကွ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၁၅ရက် (၁၃၇၇ခုနှစ် တပို့တွဲလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာမှတ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇန်နဝါရီ ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုးသန့်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

**အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း**
## အကြောင်းကြားစာ
## (အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
## မန္တလေးခရိုင်တရားရုံးတော်၌
## ၂၀၁၆ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၇
## ကွယ်လွန်သူ ဦးကြာပေါ်၌ ကျန်ရှိရစ်သောပစ္စည်းများအကြောင်း။

ဒေါ်လှဝင်း **လျှောက်ထားသူ**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်(၇၄၇)၊ လမ်း ၇၀၊ ၃၁×၃၁ လမ်းကြား၊ ဆေးတက္ကသိုလ်ဝန်ထမ်းအိမ်ရာနေ ဒေါ်လှဝင်းက ကွယ်လွန်သူ ဦးကြာပေါ်၏ ဇနီးဖြစ်သည်ဟူ၍ အထက်ဖော်ပြပါနေ ကွယ်လွန်သူ ဦးကြာပေါ်မှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးကြာပေါ်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးတော်သို့ ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၂၆ရက် (၁၃၇၇ခုနှစ် တပို့တွဲလပြည့်ကျော် ၃ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဒေါ်လှဝင်း၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်ချိုချို)**
**ဒုတိယခရိုင်တရားသူကြီး(၆)**
**မန္တလေးခရိုင်တရားရုံး**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4H/3096၊ HYUNDAI GRAND,STARE Mini/Bus(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဖြိုးကျော် ၁၂/ရပသ(နိုင်)၀၅၆၁၈၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဖယ/၁၃၀၅၇၊ Honda Dream, M/C ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (ဘားအံမြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁င/၁၁၈၁၊ Isuzu Max, P/U(၄×၄) L ယာဉ်လက်ဝယ်ရှိသူ ဦးစိုးသက်ထူး ၁၂/လမန(နိုင်)၁၃၅၉၉၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**


နှစ်ပေါင်း(၅၀)ကျော်မှသည် ယနေ့ထိတိုင် အောင်မြင်နေသော

ရွှေဥဩ

ပဲပီစပ်စစ်စစ်မှ ထုတ်လုပ်ထားသော ပုဂံဒေသ၏ ထူးခြားသော ဟင်းလျာ

ပုန်းရည်ကြီး

သန့်ရှင်းလတ်ဆတ်၍ တာရှည်အထားခံပါသည်။

ပင်ရင်း – ဦးရွှေ+ဒေါ်ထွန်း၊ ရွှေစည်းခုံဘုရားကြီးအနီး၊ ငါးမျက်နှာရပ်၊ ညောင်ဦးမြို့

ဖုန်း – ၀၆၁-၆၀၁၃၃၊ ၆၀၇၆၆၊

၀၉-၂၀၄၂၈၆၁၊ ၀၉-၂၅၆၀၁၆၅၂၃၊ ၀၉-၇၉၄၉၅၄၄၉၄

ပုဂံ ရောက်လျှင် မမေ့ဘို့ နော် ...



တရုတ်ပြက္ခဒိန်ဖြင့် တွက်ချက်ထားသောဟောကိန်းစာအုပ်

နှစ်သစ်ကူးအမီ ထွက်ရှိလာပါပြီ–

ဝံ·ကလိဘို

၂၀၁၆–၂၀၁၇ မျောက်နှစ် ဖွန်းရွှေဟောကိန်း

ကြွက်၊ နွား၊ ကျား၊ ယုန်၊ နဂါး၊ မြွေ၊ မြင်း၊ ဆိတ်၊ မျောက်၊ ကြက်၊ ခွေး၊ ဝက် မိမိတို့၏နှစ်ဖွား အကောင်အလိုက် တစ်အုပ်ချင်းထုတ်ဝေထားပါသည်။

ထွက်ပြီ

ပင်ရင်းဖြန့်ချိရေး

အမှတ်(၂၈၆)၊ မြေညီထပ်

လမ်း - ၄၀(အထက်)၊ ရန်ကုန်မြို့၊

ဖုန်း - ၇၀၉၀၃၂၊ ၃၉၁၁၆၉၊

၀၉-၈၆၁၀၄၈၈၊ ၀၉-၅၀၄၄၅၇၉

မန္တလေးဖြန့်ချိရေး

လူထုကြီးပွားရေးစာအုပ်တိုက်

အမှတ်(၂၂၁)၊ ၈၄လမ်းနှင့်

၃၃-လမ်းထောင့်၊ မန္တလေးမြို့၊

ဖုန်း-၀၂-၃၉၇၁၇၊ ၆၀၁၃၆


## မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ကျေးဇူးရှင်မိခင်ကြီး ဒေါ်တင်မြင့်(ပိန်းဇလုပ်)၏ ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်သော (၇၈)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံ၍ အသက်ရာကျော်ရှည်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ချစ်သောသား၊ သမီးများ–**

- **ဒေါက်တာမြင့်ဦး (မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး)(သံတောင်ကြီးမြို့နယ်)**
- **ဒေါ်ညိုညို (MPHA, M.Sc.Dip GM)**
- **ဒေါ်ဥမ္မာတင်–ဦးညီညီလွင် B.Sc. (Phy), Hons**
- **ဒေါ်သံလွင် B.Sc, M.Sc (Chem) –ဦးစိုင်းဦး**

**ချစ်မြေးများ**

- **မဖူးပွင့်ခင် LL.B**
- **မောင်ထူးထူးအောင်လင်း (1st Chem)**
- **မမြသီဟန်ချယ် (Grade-3)**

### မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း
### (၁၂) ကြိမ်မြောက်သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးနှင့် သတ္တမအကြိမ်မြောက်မြန်မာနိုင်ငံသက်ကြီးဘူမိဗေဒပညာရှင်များ (အသက် ခုနစ်ဆယ့်တစ်နှစ်နှင့် အထက်) ကန်တော့ပွဲအခမ်းအနား ဖိတ်ကြားခြင်း

မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းမှကြီးမှူး၍ (၁၂)ကြိမ်မြောက် အသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ဘူမိဗေဒ ဘွဲ့ရကျောင်းသား/ကျောင်းသူ ဟောင်းများ စုပေါင်း၍ သတ္တမအကြိမ် **အသက်(၇၁) အသက်ခုနစ်ဆယ့်တစ်နှစ်နှင့် အထက်** မြန်မာနိုင်ငံသက်ကြီးဘူမိဗေဒပညာရှင်များနှင့် ဘူမိဗေဒဘွဲ့ရကျောင်းသားဟောင်းကြီးများအား ကန်တော့ပွဲကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် အသင်းဇာတိအလုပ်အမှုဆောင်များ၊ အသင်းသား/အသင်းသူများ၊ ပြည်တွင်း/ပြည်ပရှိ ဘူမိဗေဒဘွဲ့ရကျောင်းသား/ကျောင်းသူ ဟောင်းများ၊ ဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ဘူမိဗေဒပညာရှင်များ၊ တက္ကသိုလ်အသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ပါမောက္ခများ၊ ဌာနမှူးများ၊ ဆရာ/ဆရာမ များ၊ ကျောင်းသား/ကျောင်းသူဟောင်းများ (မပျက်မကွက်) တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

- ➢ ကျင်းပမည့်နေ့ရက် ။ ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇)ရက်နေ့ (စနေနေ့)
- ➢ ကျင်းပမည့်အချိန်။ ။ နံနက် (၉း၀၀)နာရီ မှ (၁၃း၀၀)နာရီထိ
- ➢ ကျင်းပမည့်နေရာ။ ။ Novotel Hotel ၊ 4th Floor၊ (Pyay Room)

မေတ္တာရပ်ခံချက်။ ကန်တော့ခံအသက်(၇၁) အသက်ခုနစ်ဆယ့်တစ်နှစ်နှင့်အထက် သက်ကြီးဘူမိဗေဒပညာရှင် (၁၂၀)ဦးခန့် အတွက် အသင်းသားများနှင့် ကျောင်းသား/ ကျောင်းသူ ဟောင်းများမှ အလှူငွေများကိုတတ်နိုင်သမျှ ပံ့ပိုးပေးပို့ပေးပါရန် နှင့် အောက်ပါ ပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်း နိုင်ပါကြောင်း မေတ္တာရပ်ခံအပ်ပါသည်။

| | | |
|---|---|---|
| 1 | Dr.ဖြူဖြူလွင် | 09-5403393 |
| 2 | Dr.ချိုချိုအေး | 09-5186403 |

**မှတ်ချက်။** အလှူငွေများကို Account Name- Dr. Phyu Phyu Lwin, Account No. 0761220021010 (Kanbawza Bank,Kyeemyindine Branch) သို့လည်း ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့ -မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဘိုးဘိုးဦးကျင်ရှိန် (အမှုဆောင်အင်ဂျင်နီယာ-ငြိမ်း) ဆ·လ·က–ဘွားဘွား ဒေါ်ခင်ရီ၊
ဘိုးဘိုး ဦးစိုး–ဘွားဘွား ဒေါ်ချိုတို့၏ မြေး
ရန်ကုန်မြို့နေ
ဦးညီညီထင်ပေါ် (ဒုညွှန်ကြားရေးမှူး -ငြိမ်း၊ ပြည်တွင်းအခွန်များဦးစီးဌာန)
ဒေါ်အေးအေးစိုး (စက်မှုသီးနှံဖွံ့ဖြိုးရေးဌာန -ငြိမ်း)တို့၏သား

### မောင်အောင်အေးချမ်း

**B.Tech (Electrical and Electronic), University of Southern Queensland, Australia**

**Project Engineer at CNS Electrical Pte Ltd.**

**နှင့်**

ဘိုးဘိုး ဦးသန်းမောင် (စာရင်းကိုင်ချုပ်)–ဘွားဘွား ဒေါ်ကြည်ကြည်
ဘိုးဘိုး ဦးစိုးမင်း–ဘွားဘွား ဒေါ်ထွန်းထွန်း (ကြင်ကြင်နေမင်းဆေးလိပ်ခုံ တောင်ငူ)
တို့၏ မြေးဦး
ရန်ကုန်မြို့နေ
ဒေါက်တာ ညွှန့်သန်း (ဒါရိုက်တာ မြင့်မြတ်တော်ဝင်ဆေးရုံ)–ဒေါ်သင်းသင်းစိုး
တို့၏ သမီးဦး

### မဟေမာညွှန့်သန်း

**B.E. (Electrical) (N.U.S. Singapore)**

**Project Engineer at Light Phase (S) Pte. Ltd .**

တို့ကို နှစ်ဖက်သောမိဘနှင့်ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်တွင်၁၁-၂-၂၀၁၆ ရက် (ကြာသပတေးနေ့) Sedona Hotel ဒဂုံခန်းမ၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**

**မောင်အောင်အေးချမ်း–မဟေမာညွှန့်သန်း**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဖယ/၉၈၁၂၅ Honda Wave, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ဦး ၅/ငဇန(နိုင်)၀၄၈၈၃၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (ဘားအံမြို့)**

### အမည်ပြောင်း

သံဖြူဇရပ်မြို့၊ ကြွံခိုင်ရေးရပ်ကွက်၊ ဒေါနလမ်းနေ ဦးမောင်ရှိန်၏သား မောင်မွန်စစ်ခမ်းဆွဲ ၁၀/သဖရ(နိုင်)၁၆၇၁၄၇ အားယနေ့မှစ၍ မောင်အောင်သူဟု ပြောင်းလဲခေါ်ပါရန်။

**မောင်အောင်သူ**
**၁၀/သဖရ(နိုင်)၁၆၇၁၄၇**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ယ/၅၈၀၁၂ Honda Dream, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချောမြတ်စုဝင်း ၃/ဘအန(နိုင်)၁၆၃၆၂၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (ဘားအံမြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် အ/၆၂၇ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ဦး ၅/ကဘလ (နိုင်) ၁၀၇၉၁၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရွှေဘို)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၈၄၈၉၄ Honda Wave, M/C ဆိုင်ကယ်လက်ဝယ်ရှိသူ ဦးလင်းထွဋ်အောင် ၃/ဘအန(နိုင်)၂၂၅၉၆၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (ဘားအံမြို့)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်6I/7448၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### အင်္ဂလိပ်အက္ခရာဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃စ/၄၃၄၀ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်ဝင်း ၁၂/သလန(နိုင်)၁၁၇၈၅၉ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရွှေဘို)**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဘားအံမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်းမှ စောမိုးဝင်းထက် ၃/ဘအန(နိုင်)၃၅၀၈၆၀ ၏ဖခင် စောအပြုး ၃/ကကရ(နိုင်)၁၂၀၀၀၂နှင့် ဦးသာဖြူမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**စောအပြုး(ခ)ဦးသာဖြူ**

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအောင်တင်ပိုင်ဆိုင်သော အောင်မြတ်ကျော်ကုမ္ပဏီ၏ မှတ်ပုံတင်လက်မှတ် အမှတ် ၃၃၄၂/၂၀၁၁/၂၀၁၂ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၃၁၀၈၉၇၃**
**ဦးအောင်မြတ် ၁၂/ရကန(နိုင်)၀၁၆၂၁၅**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ယ/၈၇၆၈၅ SUZUKI Viber -110ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုး ၈/စလန(နိုင်)၀၃၃၁၃၉က(ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ ခရိုင်ရုံး(မင်းဘူး)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

### ကွာရှင်းပြတ်စဲပြီးစီးကြောင်း

ကျွန်မ မမြတ်ကြည်ဖြူသန်း ၁၂/ မဘန(နိုင်)၀၈၀၃၅၂နှင့် မောင်ဇော်မင်းသိန်း ၁၀/မဒန(နိုင်)၁၁၅၅၇၈တို့သည် ၂၇-၇-၂၀၁၅ရက်တွင် မော်ဘီမြို့နယ်၊ အမှတ် (၂) ရပ်ကွက်တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။

**မမြတ်ကြည်ဖြူသန်း**

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ကျောက်မော်ရပ်၊ မြိတ်လမ်း၊ အမှတ် (၁) နေ ဒေါ်သန်းညွှန့် ၆/ထဝန(နိုင်)၀၁၂၇၅၉၏သမီး မခင်သီတာထွန်း ၆/ထဝန(နိုင်)၀၀၂၂၆၄သည် မိဘတို့၏ဆိုဆုံးမမှုကို နာမခံသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။** **အမိ ဒေါ်သန်းညွှန့်**

တစ်နှစ်ပြည့်လွမ်းဆွတ်သတိရစွာဖြင့် အလှူတော်များကို ရေစက်ချ အမျှပေးဝေခြင်း

ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်း ဒါယိကာမကြီး

**ဒေါက်တာဒေါ်တင်တင်မြင့် (မြောင်းမြ)**

**M.B.B.S (RGN), P.H, D.Baet (CANADA)**

**M.D (CAN); LMEE (CAN); FLEX (U.S.A)**

မိခင်၊ ကလေး၊ ကျောင်းကျန်းမာရေးဌာနဆေးရုံ တာဝန်ခံ(၂၆၅-ကျုံးကြီးလမ်း၊ ရန်ကုန်မြို့) နှင့် ဆေးသုတေသနဦးစီးဌာန (Director-1958-1965) အမှတ်(၅)၊ ဇီဝကလမ်း (ယခင်ဇဖါးရှားလမ်း)၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

အသက်(၉၄)နှစ်

ကျေးဇူးရှင်မမကြီး (၁၂-၂-၂၀၁၅)နေ့တွင် ကနေဒါနိုင်ငံ တိုရန်တိုမြို့၌ ညီမများအားခွဲခွာသွားတာ ယနေ့တနှစ်တင်းတင်းပြည့်ခဲ့သော်လည်း တနေ့မှမမေ့မရပါ။ မမကြီးမှာထားခဲ့သည့်အတိုင်း၊ တိုရန်တိုမြို့ရှိ မဟာဓမ္မိကကျောင်းတိုက်နှင့် မြောင်းမြမြို့ရှိ ပဒ္ဓေါတာရုံတိုက်သစ်တို့တွင် သံဃာတော်များအား နဝကမ္မဝတ္ထုနှင့် ငွေပဒေသာပင်လှူဒါန်း၍ ဆွမ်းကပ်ပြီးဖြစ်ပါသည်။

ယနေ့(၁၂-၂-၂၀၁၆)နေ့တွင် မမကြီးအား ရည်စူး၍ ရွှေတိဂုံစေတီတော်ကြီးနှင့် ရင်ပြင်တခုလုံးကို အလင်းရောင်ညလုံးပေါက်ပူဇော်ပြီး ရွှေသင်္ကန်းကပ်လှူခြင်းများပြုလုပ်၍ (ကနေဒါ-တိုင်ဝမ်)ဆရာတော်များ ဥုနန္ဒဝံသနှင့် ဥုးနန္ဒ၊ မော်ဘီသာသနာ့ပန်ဆောင်ကျောင်းတိုက် နာယကဆရာတော် ဥုးမေဓါသာရ၊ ကျောင်းထိုင်ဆရာတော် ဥုးစန္ဒာသီရိ အပါအဝင် ဆရာတော်များနှင့် ရန်ကုန်မြို့ မြို့မကျောင်းလမ်း စိန်ရတနာဓမ္မာစရိယ စာသင်တိုက်ဆရာတော် ဥုးသာသနနှင့် စာချဘုန်းကြီးများအား နဝကမ္မဝတ္ထုအပြင် ကျောင်း၊ ကျောင်းအတွက်ငွေပဒေသာပင်နှင့် ထီး၊ သင်္ကန်း၊ ဖိနပ် တို့ပါဆက်ကပ်၍ ကျောင်းရှိသံဃာများနှင့် ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား နေ့ဆွမ်းကျွေးမွေးလှူဒါန်းပြီး၊ မမကြီးအားရည်စူး၍ ပြုလုပ်သမျှကုသိုလ်ကောင်းမှုအလှူတော်များကို ရေစက်ချအမျှပေးဝေပါသည်။ မြင့်မြတ်သော ဘုံဘဝမှအမျှရ၍ သာဓုအနုမောဒနာခေါ်ဆိုပါ မမကြီး၊ အမျှ-အမျှ-အမျှ။

သာဓု-သာဓု-သာဓု

ညီမ၊ ဒေါ်ရင်ရင်မြင့်နှင့် မိသားစု၊

ညီမလေး ခင်ငြိမ်းငြိမ်း။

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း၊ မုခ်ဦး၊ ရေကန် ဒါယကာကြီး**

**ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း)၊ စစ်ရေးချုပ်(ငြိမ်း)**

**ကြည်း-၈၈၀၉၊ ဗိုလ်သင်တန်းအမှတ်စဉ် (၂၈)**

**အသက် (၈၀)**

ကျေးဇူးတရားကြီးမားလှပါသော ဒယ်ဒီဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း) ကွယ်လွန်သွားသည့်အတွက် မာမီ ဒေါ်ခင်ချိုဦးနှင့်အတူတကွ ဝမ်းနည်းကြေကွဲနေရပါသည်။ တူ/တူမများအားလုံးကို သား/သမီးအရင်းတမျှ စောင့်ရှောက်ခဲ့ပါသော ဒယ်ဒီကောင်းရာသုဂတိရောက်ပါစေ။

**ချစ်လှစွာသော တူ/တူမများ-**

**စိုင်းစိုင်း- နန်းနှင်းနှင်းအေး၊ စိုင်းနောင့်၊ နန်းစန္ဒာမြင့်၊ နန်းဒေဝီမြင့်**
**နန်းမေမြတ်နိုးဦး**
**စိုင်းသုတပြည့်ဖြိုး၊ စိုင်းသုခပြည့်စုံ**
**စိုင်းရဲရင့်ထက်**
**စိုင်းဆက်ဘုန်းစံ၊ နန်းထက်မြတ်ချို**
**နန်းတိုးအိလင်း၊ နန်းမြတ်သိမ့်ကို၊ နန်းရည်မွန်သိမ့်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်သန်းကြည်(လွတ်လပ်ရေးကြိုးပမ်းဆု)**

**အသက် (၁၀၁) နှစ်**

ဒေါက်တာဦးတင်ဟိန်း-ဒေါ်တင်တင်သန်းတို့၏မိခင်သည် ၆-၂-၂၀၁၆ ရက်(စနေနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ**

**အာရှတော်ဝင်ဆေးရုံ**

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ကျောင်း၊ ရဟန်း၊ ဒါယကာကြီး

**ဦးစိုးမြင့်**

အသက် (၆၉)နှစ်

